# ကြေးမုံ
## The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


**ကြီးသူတို့ကို ရိုသေလုပ်ကျွေးပြုစုခြင်းသည် ချမ်းသာ၏**

လောက၌ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ အဖကို ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ လောက၌ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝက တို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။

နာဂဝဂ် ( ဓမ္မပဒ- ၃၃၂)


၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်၊ သောကြာနေ့။ Friday, 16 January 2026 ၁၂၀၆၄


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် ( ၁၄ / ၂၀၂၆ )

၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃ ရက်
( ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ လ ၁၅ ရက် )

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင်စတင်၍ အပိုင်းလိုက်ကျင်းပသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်ကော်မရှင် အဖွဲ့ခွဲများက ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉ (ခ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ၏ လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း ကြေညာလိုက်သည် -

စာမျက်နှာ ၆ ကော်လံ ၁ သို့ ☆


**ယနေ့ ဖတ်စရာ**

**မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က မလေးရှားနိုင်ငံ လူ့အခွင့်အရေးကော်မရှင်၏ အခြေအမြစ်မရှိသည့် မီဒီယာ ထုတ်ပြန်ကြေညာချက်ကို ပြင်းပြင်းထန်ထန်နှင့် ပြတ်ပြတ်သားသားပယ်ချ**
စာမျက်နှာ » ၅

**လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ - Youth Peace Forum 2026 လူငယ်ကြေညာစာတမ်း**
စာမျက်နှာ » ၈

**လူ့အဖိုးတန်**
ဆောင်းပါး စာမျက်နှာ » ၁၀

**၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၂) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ**
စာမျက်နှာ » ၁၁




## လှိုင်းဘွဲ့မြို့နယ်အတွင်း ဆောင်းဆီထွက်သီးနှံ ၁၅၉၆၉ ဧက စိုက်ပျိုးပြီးစီး

လှိုင်းဘွဲ့ ဇန်နဝါရီ ၁၅

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်အတွင်း ဆီဖူလုံမှုတိုးမြှင့်ရေးအတွက် ဆောင်းဆီထွက်သီးနှံ (မြေပဲ၊ နှမ်း၊ နေကြာ) များကို ယခုနှစ်အတွင်း တိုးချဲ့စိုက်ပျိုးလျက်ရှိပြီး ၂၀၂၅-၂၀၂၆ စိုက်ပျိုးရာသီ၌ မြေပဲသီးနှံ ၆၇၆၈ ဧက၊ နှမ်းသီးနှံ ၈၉၄၈ ဧက၊ နေကြာသီးနှံ ၂၅၃ ဧက စုစုပေါင်း ဆောင်းဆီထွက်သီးနှံစိုက်ဧက ၁၅၉၆၉ ဧက စိုက်ပျိုးနိုင်ခဲ့သဖြင့် လျာထားချက်ထက်ကျော်လွန် စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆောင်းမြေပဲသီးနှံသည် လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ သံလွင်မြစ်ကမ်းနံဘေး တစ်လျှောက် ကျေးရွာများနှင့် လှိုင်းဘွဲ့ချောင်း၊ ပိုင်ကျုံချောင်း၊ မဲပချောင်းအနီးရှိ ကျေးရွာများ၌ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိပြီး တစ်ဧက ပန်းတိုင်အထွက်နှုန်းထက် ကျော်လွန်လျက်ရှိသကဲ့သို့ နှမ်းနှင့်နေကြာသီးနှံများ အထွက်နှုန်းပိုမိုတိုးမြင့်လာပြီး တစ်ဧကပန်းတိုင်အထွက်နှုန်း ရရှိခြင်းဖြင့် ဆီဖူလုံမှုတိုးမြင့်လာစေရေးအတွက် တောင်သူအချင်းချင်း နည်းပညာဖလှယ်နိုင်ရေး၊ အကျိုးဆောင်တောင်သူများနှင့်အတူ မျိုးသန့်ဖုန်များ၊ စံပြစိုက်ခင်းများတည်ထောင်၍ တောင်သူပညာပေးလုပ်ငန်းများကို ရာသီအလိုက်၊ သီးနှံအလိုက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးပညာရှင် တာဝန်ခံဝန်ထမ်းများက တိုက်နယ်အလိုက် ကွင်းဆင်း၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စောဒီ(ပြန်/ဆက်)

# နိုင်ငံနှင့်ဒေသတွင်းခြိမ်းခြောက်မှုအန္တရာယ် အမျိုးသားရေးတာဝန်ဖြင့်တိုက်ဖျက်

မြန်မာနိုင်ငံတွင် သမိုင်းကြောင်းနောက်ခံနှင့် နိုင်ငံရေးအခြေအနေများအရ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များ ပေါ်ပေါက်လာသည်။ တပ်မတော်အနေဖြင့် မိသားစုချင်းဖြစ်၍ စိတ်ရှည်သည်းခံစွာဖြင့် ငြိမ်းချမ်းရေး၊ အပစ်အခတ်ရပ်စဲရေးတို့ကို အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။ ယင်းအခြေအနေကို အခွင့်ကောင်းယူ၍ ဝိသမလောဘသားများနှင့် ဒေသခံတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ပူးပေါင်းပြီး မူးယစ်ဆေးဝါးလုပ်ငန်းများထူထောင်ခြင်း၊ ဆေးဝါးထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်း၊ သယံဇာတများကိုထုတ်ယူခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားနှင့် ဒုစရိုက်လုပ်ငန်းများထူထောင်ခြင်းတို့ ပြုလုပ်လာသည်။

နိုင်ငံတော်အစိုးရနှင့်တပ်မတော်အနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ဒေသတွင်းငြိမ်းချမ်းသာယာဝပြောရေးကိုရှေးရှု၍ ပေါ်ပေါက်လာသော အဖျက်အမှောင့်ဒုစရိုက်လုပ်ငန်းများအားလုံးကို အမြစ်ပါမကျန် ပျောက်ပျက်စေရန် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး ရှင်းလင်းတိုက်ဖျက်လျက်ရှိသည်။ မူးယစ်ဆေးဝါးနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများနှင့်ပတ်သက်၍ ဇန်နဝါရီ ၁၄ ရက်တွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ အနီးစခန်းလေဆိပ်၌ နိုင်ငံတော်အစိုးရက သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့ရာ နိုင်ငံတကာမှ သံအမတ်ကြီးများ၊ သံတမန်များ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာမှ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပသတင်းဌာနများ တက်ရောက်လေ့လာ သတင်းရယူခဲ့ကြသည်။

ယခုမူးယစ်ဆေးဝါးဖမ်းဆီးရမိမှုသည် မြန်မာနိုင်ငံ၏ သမိုင်းကြောင်း တစ်လျှောက်တွင် အများဆုံးဖမ်းဆီးရမိသည့်ဖြစ်စဉ်ဖြစ်သည့်အပြင် အရေးပါသည့် သတင်းအချက်အလက်များစွာ ပါဝင်နေသည်ကိုတွေ့ရသည်။ နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် အိမ်နီးချင်းနိုင်ငံများ၊ ပြည်သူများနှင့် ပူးပေါင်းလက်တွဲပြီး ယခုကဲ့သို့ သမိုင်းဝင်ပြောင်မြောက်အောင် ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။ မူးယစ်ဆေးဝါးပြဿနာသည် နိုင်ငံအားလုံးကို ခြိမ်းခြောက်နေသည့်ပြဿနာဖြစ်၍ နိုင်ငံတကာမှ လက်တွဲပူးပေါင်းဆောင်ရွက်ရမည်ဖြစ်သော်လည်း အားနည်းမှုများရှိနေသဖြင့် ပြည်တွင်းအင်အားဖြင့်ပင် အစွမ်းကုန်ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံတွင် ရှမ်းပြည်နယ်သည် ရေမြေသဘာဝအရ ဘိန်းစိုက်ပျိုးထုတ်လုပ်နိုင်သဖြင့် တစ်ချိန်က ရွှေတြိဂံဒေသဟု နာမည်ကြီးပြီး မူးယစ်ဆေးဝါးများထွက်ရှိရာ အဓိကနေရာတစ်ခုဖြစ်ခဲ့သည်။ ရှမ်းပြည်နယ်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အမျိုးမျိုးရှိပြီး တပ်မတော်အနေဖြင့် ထာဝရငြိမ်းချမ်းရေးကိုရှေးရှု၍ ငြိမ်းချမ်းရေးဆွေးနွေးမှုများ အကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီး စစ်ဆင်ရေးများရပ်တန့်ပေးခဲ့သည်။ စစ်ဆင်ရေးများရပ်တန့်ချိန်တွင် မူးယစ်ဆေးဝါးလုပ်ငန်းများ လုပ်ကိုင်မှုများရှိသဖြင့် တပ်မတော်က သတိပေးဟန့်တားမှုများပြုလုပ်ခဲ့ရသည်။ သို့သော် ၂၀၂၃ ခုနှစ် အောက်တိုဘာလနောက်ပိုင်းတွင် စစ်ရေးလှုပ်ရှားမှုများ ကြီးမားစွာဖြစ်ပေါ်လာသောကြောင့် အဆိုပါနေရာများမှ တပ်မတော်အနေဖြင့် ခေတ္တဆုတ်ခွာပေးခဲ့သည်။ ထိုအချိန်တွင် မူးယစ်ဆေးဝါးနှင့် ဒုစရိုက်လုပ်ငန်းများ ပြန်လည်အခြေချလာပြီး ကြီးထွားလာသည်။

၂၀၂၅ ခုနှစ်မှစတင်၍ တပ်မတော်အနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပူးပေါင်းပြီး အိမ်နီးချင်းနိုင်ငံနှင့် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် မူးယစ်ဆေးဝါးထုတ်လုပ်သည့်နေရာများကို ရှာဖွေဖော်ထုတ်ဖျက်ဆီးခဲ့သည်။ ယခုဖော်ထုတ်ဖမ်းဆီးရမိမှုသည် မြန်မာနိုင်ငံ၏သမိုင်းတစ်လျှောက် မူးယစ်ဆေးဝါးနှိမ်နင်းရေးစစ်ဆင်ရေးများတွင် အကြီးမားဆုံးနှင့် ပမာဏအများဆုံး ရှင်းလင်း၊ ဖျက်ဆီး၊ ဖမ်းဆီးရမိသည့် စစ်ဆင်ရေးဖြစ်သည်။ စစ်ဆင်ရေးကိုဆောင်ရွက်ရာတွင် တပ်မတော်တပ်ရင်း သုံးရင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲကွန်မန်ဒိုတပ်ခွဲ သုံးခွဲတို့က ခက်ခက်ခဲခဲဆောင်ရွက်ခဲ့ရသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မဆုတ်မနစ်သော တာဝန်ထမ်းဆောင်မှု၊ စစ်ဆင်ရေးကို အောင်မြင်အောင်ကြီးကြပ်ကွပ်ကဲနိုင်မှုတို့ကြောင့် သမိုင်းတွင်သည့် အောင်မြင်မှုကိုရရှိခဲ့သဖြင့် နိုင်ငံတော်အစိုးရနှင့် တပ်မတော်က လုံခြုံရေးတပ်ဖွဲ့ဝင်များကို ချီးကျူးလေးစားဂုဏ်ပြုခဲ့သည်။

ဖမ်းဆီးရမိမှုနှင့်ပတ်သက်၍ စစ်ဆင်ရေးကြာချိန် ဇန်နဝါရီ ၈ ရက်မှ ၁၂ ရက်အထိဖြစ်သည်။ ယခုဖမ်းဆီးရမိသည့် အိုက်စ်ပမာဏသည် ၂၀၂၅ ခုနှစ်အတွင်း မြန်မာတစ်နိုင်ငံလုံးတွင် ဖမ်းဆီးရမိခဲ့သည့် ထုတ်လုပ်ဖြန့်ဖြူးခဲ့သော အိုက်စ်ပမာဏ၏ ၃၃ ဒသမ ၄၄ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ ထို့ကြောင့် ဖော်ထုတ်ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးချက်လုပ်သောနေရာ သုံးခုသည် မြန်မာနိုင်ငံအတွင်း မူးယစ်ဆေးဝါးထုတ်လုပ်သည့် ပင်ရင်းနေရာဖြစ်နိုင်သည်ဟု စိစစ်တွေ့ရှိရသည်။ အဆိုပါနေရာမှ ထွက်ပေါက်လမ်းကြောင်းအမျိုးမျိုးရှိရာတွင် ပင်လယ်မှ ပြည်ပနိုင်ငံများလမ်းကြောင်းကို AA သောင်းကျန်းသူ၊ လှိုင်ကော်နှင့် တောင်ငူလမ်းကြောင်းမှ ထိုင်းနိုင်ငံလမ်းကြောင်းကို KNU/KNLA, NUG, PDF သောင်းကျန်းသူ၊ ကလေး-ကလေးဝလမ်းကြောင်းကို PDF, CDF သောင်းကျန်းသူ စသည်ဖြင့် မရိုးဖြောင့်သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့ ပါဝင်ပတ်သက်နေသည်ကို တွေ့ရသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာကို ထိခိုက်ကျဆင်းစေပြီး တစ်မျိုးသားလုံးကို အန္တရာယ်ပေးနေသော မူးယစ်ဆေးဝါးနှင့် အွန်လိုင်းလိမ်လည်မှု ဒုစရိုက်လုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဒေသခံပြည်သူများ ပူးပေါင်းလက်တွဲပြီး အင်တိုက်အားတိုက် ထိထိရောက်ရောက် အမြစ်ပြတ်တိုက်ဖျက်လျက်ရှိပါကြောင်း။ ။

## ၂၀၂၆ ခုနှစ်၊ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များ

၁။ နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ရေး။
၂။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။
၃။ နိုင်ငံတော်အတွင်း တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ရေး။
၄။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး။
၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်း ဖော်ဆောင်ရေး။

## ဖျာပုံခရိုင် မီးသတ်ဦးစီးဌာနက မီးဘေးကာကွယ်ရေး စစ်ဆေး



ဖျာပုံ ဇန်နဝါရီ ၁၅

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် မီးသတ်ဦးစီးဌာနက ဖျာပုံခရိုင်အတွင်းရှိ ဆေးရုံ၊ ဆေးခန်းများ မီးဘေးလုံခြုံရေးအတွက် ယမန်နေ့တွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဖျာပုံခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မင်းဦး ဦးဆောင်၍ သက်ဆိုင်ရာဌာနများပါဝင်သော ပူးပေါင်းအဖွဲ့ဝင်များဖြင့် ဆေးရုံ၊ ဆေးခန်းများအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှုများကို စစ်ဆေးခြင်း၊ ဆေးရုံဝန်ထမ်းများအား မီးဘေးနှင့်ပတ်သက်သည့် ဆောင်ရန် /ရှောင်ရန်များကို မှာကြားခဲ့ကြောင်း သိရသည်။ မိုးဟိန်းထက်

## ၁၅ - ၁ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၆၀၀၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့



### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၅ - ၁ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၄၀၀ | ၈,၃၀၀ | ၅၁ | ၄၂၈,၀၀၀ |
| MTSH | ၃,၆၅၀ | ၃,၇၅၀ | ၂၇၀ | ၉၈၇,၅၀၀ |
| MCB | ၇,၇၀၀ | ၇,၄၀၀ | ၂၉ | ၂၂၃,၀၀၀ |
| FPB | ၂,၇၀၀ | ၂,၇၀၀ | ၁,၃၄၀ | ၃,၆၁၈,၀၀၀ |
| TMH | ၃,၁၅၀ | ၃,၂၅၀ | ၄၆ | ၁၄၆,၉၀၀ |
| EFR | ၁,၆၅၀ | ၁,၆၅၀ | ၃,၀၇၆ | ၅,၀၂၅,၁၀၀ |
| AMATA | ၃,၈၀၀ | ၃,၉၀၀ | ၃၀ | ၁၁၄,၂၀၀ |
| MAEX | ၃,၁၅၀ | ၃,၁၀၀ | ၁,၂၅၈ | ၃,၉၃၀,၀၀၀ |
| MADPL(PLB) | ၂,၆၅၀ | ၂,၆၀၀ | ၂,၂၈၉ | ၅,၉၅၃,၅၅၀ |
| ASPGB(PLB) | ၃၈,၀၀၀ | ၃၉,၀၀၀ | ၄ | ၁၅၃,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။



ကြေးမုံ

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**ခေတ္တ စာတည်းမှူး** - အေဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးအမှုဆောင်ချုပ် ဦးအောင်လင်းဒွေး (၇၄)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ်အခမ်းအနားနှင့် ပြည်နယ်ဂုဏ်ထူးဆောင်ဆုများ ချီးမြှင့်ခြင်းအခမ်းအနား တက်ရောက်

**လွိုင်ကော် ဇန်နဝါရီ ၁၅**

၂၀၂၆ ခုနှစ် (၇၄) နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ်အခမ်းအနားနှင့် ပြည်နယ်ဂုဏ်ထူးဆောင်ဆုများ ချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တာဝန်ရှိသူများ၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဗဟိုအကြံပေးအဖွဲ့ဝင်များ၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးစိန်ဦး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသား ပြည်သူများနှင့် ကယားတိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဦးဉာဏ်ထွန်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစိန်ဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဇော်မင်းလတ်နှင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဗဟိုအကြံပေးအဖွဲ့ဝင် ပိုးရယ်အောင်သိန်းတို့က (၇၄)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ် မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ်ဦးအောင်လင်းဒွေးက ကယားပြည်နယ်နေ့ အထိမ်းအမှတ်မုခ်ဦးကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တိုင်းရင်းသားရိုးရာအကအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အခမ်းအနားကို ပြည်နယ်ခန်းမ၌ ဆက်လက်ကျင်းပရာ သဘာပတိအဖွဲ့ဝင်များ ရောက်ရှိနေရာယူပြီး နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းကို အလေးပြုကြသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၄)နှစ်မြောက် ကယားပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးက ဖတ်ကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးစိန်ဦးက (၇၄)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ် ဂုဏ်ပြုစကားပြောကြားသည်။

ယင်းနောက် အမှုဆောင်ချုပ်က ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာ ထူးချွန်ဆု (ပထမအဆင့်)နှင့် စီမံခန့်ခွဲရေးဆိုင်ရာ ထူးချွန်ဆု(ဒုတိယအဆင့်) ရရှိကြသူများကို ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ ထူးချွန်ဆုရရှိကြသူများ၊ စီမံခန့်ခွဲရေးဆိုင်ရာ ထူးချွန်ဆုရရှိကြသူများ၊ ငြိမ်းချမ်းရေး၊လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာ ထူးချွန်ဆုရရှိကြသူများ၊ လူမှုရေးဆိုင်ရာ ထူးချွန်ဆုရရှိကြသူများ၊ စီးပွားရေးဆိုင်ရာ ထူးချွန်ဆုရရှိကြသူများ၊ သင်တန်းထူးချွန်ဆုရရှိကြသူများ၊ (၂၆)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများတွင် ဆုရရှိကြသူများ၊ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသူများအား ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင် ဆုပစ္စည်းများပေးအပ်ကြပြီး ဆုရရှိကြသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

**ရင်းရင်းနှီးနှီး နှုတ်ဆက်**

ထို့နောက် အမှုဆောင်ချုပ်နှင့် အဖွဲ့ဝင်များသည် ကန္တာဟောဝန်ပန်းခြံ၌ ကျင်းပသည့် (၇၄)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ် ကျင်းပသည့် ကယားရိုးရာနှင့် ကယန်းရိုးရာ နပန်းပြိုင်ပွဲ၊ ချောတိုင်တက်ပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ လွန်ဆွဲပြိုင်ပွဲ၊ မူကြိုကလေးများ၏ အပြေးပြိုင်ပွဲ၊ ဘောလုံးကောက်ပြိုင်ပွဲ၊ ဆန်ကောရွက်ပြိုင်ပွဲနှင့် ရိုးရာစပါးထောင်းပြိုင်ပွဲယှဉ်ပြိုင်နေမှုများကို ဒေသခံပြည်သူများနှင့်အတူ ကြည့်ရှုအားပေးပြီး ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ကာ ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ယင်းနောက် (၇၄)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် ဝန်ကြီးဌာန ပြခန်းများကို လိုက်လံကြည့်ရှု အားပေးကြသည်။

မွန်းလွဲပိုင်းတွင် အမှုဆောင်ချုပ်နှင့် အဖွဲ့ဝင်များသည် လောခမ္မ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ဒွေးမယ်နော်ဆောင် RCC နှစ်ထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဦးဉာဏ်ထွန်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစိန်ဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဇော်မင်းလတ်နှင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဗဟိုအကြံပေးအဖွဲ့ဝင် မန်းငြိမ်းမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အမှုဆောင်ချုပ်က RCC နှစ်ထပ်ကျောင်းဆောင်သစ် ဒွေးမယ်နော်ဆောင်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တက်ရောက် လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် အမှုဆောင်ချုပ်နှင့် အဖွဲ့သည် လွိုင်ကော်တက္ကသိုလ်သို့ ရောက်ရှိကြရာ ဒုတိယပါမောက္ခချုပ်က အကြမ်းဖက်သောင်းကျန်း သူများကြောင့် ပျက်စီးခဲ့သည့် အဆောက်အအုံများ ပြန်လည်ပြင်ဆင်ပြီးစီးမှုအခြေအနေ၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ဘွဲ့ကြိုတန်းနှင့် ဘွဲ့လွန်တန်းများ သင်ကြားသွားမည့်အခြေအနေ၊ အဝေးသင်သင်တန်းများကို ဘာသာရပ်အလိုက် သတ်မှတ်ရက်များတွင် အနီးကပ်သင်တန်းများ သင်ကြားသွားမည့်အခြေအနေ၊ နိုင်ငံတကာတက္ကသိုလ်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်သော အရည်အသွေး အာမခံချက်ရှိသော တက္ကသိုလ်အဖြစ် အဆင့်မြှင့်တင်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမှုဆောင်ချုပ်က လွိုင်ကော်တက္ကသိုလ် (၁၇) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ဖြစ်မြောက်ရေးအတွက် ရန်ပုံငွေများ ပေးအပ်ပြီး ရင်းရင်းနှီးနှီးတွေ့ဆုံ နှုတ်ဆက်ကာ လွိုင်ကော်တက္ကသိုလ်ကို ယခင်ကလို ကျောင်းသားကျောင်းသူများဖြင့် စည်စည်ကားကားဖြစ်လာအောင် ထပ်မံဝိုင်းဝန်းကြိုးစားကြရမည်ဖြစ်ပါကြောင်း၊ တာဝန်ထမ်းဆောင်နေကြသည့် ဆရာ ဆရာမများအနေဖြင့် တက္ကသိုလ်တွင် ပညာသင်ကြားနေကြသည့် ဒေသခံ ကျောင်းသား ကျောင်းသူများကို ပညာတတ်များ ဖြစ်လာအောင် သင်ကြားပေးသည့်အတွက် အသိအမှတ်ပြုပါကြောင်း ပြောကြားကာ တက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အမှုဆောင်ချုပ်နှင့် အဖွဲ့ဝင်များသည် ဆုတောင်းပြည့်မြို့နာမ် စေတီတော်အား သွားရောက်ဖူးမြော်ကြပြီး ပန်း၊ ရေချမ်းနှင့် ဆီမီးများကပ်လှူပူဇော်ကာ အလှူငွေများ လှူဒါန်းကြသည်။

ညပိုင်းတွင် ပြည်နယ်ခန်းမ၌ ကျင်းပသော (၇၄)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲတွင် အမှုဆောင်ချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက် လာကြသူများနှင့်အတူ ညစာအတူတကွ သုံးဆောင်ကြပြီး ညစာသုံးဆောင်နေစဉ် ကယားတိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအကအဖွဲ့များ၏ ရိုးရာအကအလှများ၊ ခေတ်ပေါ် တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကာ ကယားတိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအကအဖွဲ့များအား ဂုဏ်ပြုပန်းခြင်းနှင့် ချီးမြှင့်ငွေများပေးအပ်ကြသည်။

**သတင်းစဉ်**



အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးအမှုဆောင်ချုပ် ဦးအောင်လင်းဒွေး (၇၄)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ်မုခ်ဦးကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။



အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးအမှုဆောင်ချုပ် ဦးအောင်လင်းဒွေး (၇၄)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ် ကျင်းပသည့် ကယားရိုးရာ စပါးထောင်းပြိုင်ပွဲတွင် ပထမဆုရရှိသူများအား ဆုပေးအပ်ချီးမြှင့်စဉ်။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့၌ကျင်းပသည့် ၂၀၂၆ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်အခမ်းအနား တက်ရောက်



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး ၂၀၂၆ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်အခမ်းအနားတွင် နှစ်သစ်နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

နေပြည်တော် ဇန်နဝါရီ ၁၅

နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် အဖွဲ့ဝင်များသည် နာဂရိုးရာနှစ်သစ်ကူးပွဲတော် တက်ရောက်ရန်အတွက် ဇန်နဝါရီ ၁၄ ရက် မွန်းလွဲပိုင်းတွင် လေရှီးမြို့သို့ ရောက်ရှိကြရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် အဖွဲ့ဝင်များ၊ နာဂတိုင်းရင်းသား မျိုးနွယ်စုများက ရိုးရာအကအလှများဖြင့် လှိုက်လှဲနွေးထွေးစွာ ခရီးဦးကြိုဆို နှုတ်ဆက်ကြသည်။

ယနေ့ နံနက်ပိုင်းတွင် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဖွဲ့ဝင် ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး သည် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဒေါက်တာ သက်ခိုင်ဝင်း၊ စစ်ကိုင်း တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီး ချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ် ကြီး နီလင်းအောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေး အဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ တာဝန်ရှိသူများနှင့်အတူ နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီး မြို့၌ ကျင်းပသော ၂၀၂၆ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော် အခမ်း အနားသို့ တက်ရောက်သည်။

အစီအစဉ်အရ နိုင်ငံတော်လုံခြုံ ရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဖွဲ့ဝင် ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးက နှစ်သစ်နှုတ်ခွန်းဆက်စကား ပြော ကြားရာတွင် မိမိတို့နိုင်ငံတော် သည် တိုင်းရင်းသားလူမျိုးပေါင်း စုံဖြင့် စုစည်းတည်ဆောက်ထား သော ပြည်ထောင်စုကြီးဖြစ်ပါ ကြောင်း၊ ထိုသို့တည်ဆောက်ရာ တွင် နာဂတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း များနှင့် သမိုင်းဝင်အစဉ်အလာများ သည် နိုင်ငံတော်အတွက် ဂုဏ်ယူ ဖွယ်ရာ အစိတ်အပိုင်းတစ်ခုဖြစ်ပါ ကြောင်း၊ နာဂတိုင်းရင်းသားတို့၏ ရိုးရာဝတ်စုံများ၊ ခမ်းနားသော ဦးခေါင်းအဆင်တန်ဆာများ၊ ရိုးရာ အကများအားလုံးတို့သည်လည်း ပြည်ထောင်စုကြီးကို ပိုမိုပြည့်စုံ စေပါကြောင်း၊ မိမိတို့နိုင်ငံတော် အစိုးရအနေဖြင့် တိုင်းပြည် တည်ငြိမ်အေးချမ်းရေးနှင့် တရား ဥပဒေစိုးမိုးရေးကို ခိုင်မာအောင် တည်ဆောက်ပြီး စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမို ကရေစီစနစ်ခိုင်မာရေးကို ဦးတည် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒီမို ကရေစီစနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာ စေရန်အတွက် တိုင်းရင်းသား အားလုံး၏ စည်းလုံးညီညွတ်မှု၊ ငြိမ်းချမ်းရေးကို လိုလားမှုနှင့် ပူးပေါင်းပါဝင်မှုတို့သည် အဓိက သော့ချက်ဖြစ်ပါကြောင်း။

နာဂဒေသသည် တည်ငြိမ် အေးချမ်းသည့် ဒေသဖြစ်သည့် အတွက် ကဏ္ဍအလိုက် လိုအပ် သည်များကို နိုင်ငံတော်အနေဖြင့် ဖြည့်ဆည်းဆောင်ရွက်လျက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုရန်ပုံငွေဖြင့် လုပ်ငန်း ၅၃ ခု၊ တိုင်းဒေသကြီးခွင့်ပြု ရန်ပုံငွေဖြင့် လုပ်ငန်း ၂၀၈ ခု တို့ကို နာဂဒေသ ဖွံ့ဖြိုးတိုးတက်ရေး အတွက် အကျိုးပြုဆောင်ရွက် ပေးနိုင်ခဲ့ပါကြောင်း၊ နာဂဒေသ ပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် စိုက်ပျိုးရေး လုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အခြားထုတ်ကုန်လုပ်ငန်းများတွင် ရင်းနှီးလုပ်ကိုင်နိုင်ရန်အတွက် နိုင်ငံ့ စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ငွေ ကျပ် ငါးဘီလီယံကိုလည်း အရင်း အနှီး မတည်ပေးနိုင်ခဲ့ပါကြောင်း၊ နာဂဒေသ တည်ငြိမ်အေးချမ်းမှု ရှိနေခြင်းကြောင့် ဒေသဖွံ့ဖြိုး တိုးတက်ရေးများကို တစ်နှစ်ထက် တစ်နှစ် ပိုမိုဆောင်ရွက်ပေးနိုင်ပါ ကြောင်း၊ ထို့ကြောင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးသည် အလွန် အရေးကြီးပြီး နာဂဒေသရှိပြည်သူ များက အဆိုပါတည်ငြိမ်အေးချမ်း မှုမပျက်ယွင်းအောင် ထိန်းသိမ်း စောင့်ရှောက်ရန် တာဝန်ရှိပါ ကြောင်း။

လမ်းပန်းဆက်သွယ်ရေး ကဏ္ဍ တွင် နိုင်ငံတော်အစိုးရအနေဖြင့် အရှည် ၂၆၂၈ ပေရှိ သံကူ ကွန်ကရစ်အမျိုးအစား ချင်းတွင်း မြစ်ကူးတံတား (ထမံသီ)အား ဆောက်လုပ်ပေးနိုင်ခဲ့သည့် အတွက် ဟုမ္မလင်းခရိုင်၊ ခန္တီးခရိုင်နှင့် နာဂဒေသတို့၏ လမ်းပန်း ဆက်သွယ်ရေး ပိုမိုကောင်းမွန်လာ သည့်အတွက် ကုန်စည်စီးဆင်း မှုများ ပိုမိုမြန်ဆန်လာပြီး ဒေသခံ ပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုး တိုးတက်ရေးကို များစွာ အထောက်အကူပြုလာတော့မည် ဖြစ်ကြောင်း။

ဒေသတွင်း စားရေရိက္ခာဖူလုံ ရေးနှင့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုး တိုးတက်စေရေး ဒေသ၏ ရေမြေ သဘာဝနှင့်ကိုက်ညီသည့် အထွက် ကောင်း မျိုးကောင်းမျိုးသန့်များ ထောက်ပံ့ဖြန့်ဖြူး ပေးလျက်ရှိပါ ကြောင်း၊ ဒေသခံတောင်သူများ အနေဖြင့်လည်း ပြောင်းလဲလာ သည့် ရာသီဥတုနှင့်အညီ စိုက်နည်း စနစ်များ ရွေးချယ်ကျင့်သုံးရန် လိုအပ်ပါကြောင်း၊ ဒေသတွင်း ဝမ်းစာဖူလုံရေးအတွက် သီးနှံစိုက် စွမ်းအားတိုးမြှင့်စေရန် လယ်ယာ ပေါ်တွင် သီးထပ်စိုက်ပျိုးရေးကို အလေးထားဆောင်ရွက်ရန် တိုက် တွန်းလိုပါကြောင်း၊ နာဂဒေသ အနေဖြင့် ရွှေ့ပြောင်းတောင်ယာ စနစ်မှသည် ခေတ်မီလှေကားထစ် လယ်ယာစနစ်သို့ ပြောင်းလဲဖော် ဆောင်ရန် လိုအပ်လျက်ရှိသည့် အပြင် ရေမြေသဘာဝနှင့် ကိုက်ညီ သည့် ဝဥ၊ လက်ဖက်၊ မက်မန်း၊ ထောပတ်၊ ဂရိတ်ဖရု၊ လိမ္မော် စသည့် နှစ်ရှည်သီးနှံများကို ဒေသ ထွက်ကုန်အဖြစ် တိုးချဲ့စိုက်ပျိုး ထုတ်လုပ်ကြရန် တိုက်တွန်းလိုပါ ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး ကို အခြေခံ၍ အသေးစား၊ အငယ် စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ(MSMEs) ဖွံ့ဖြိုးလာ စေရန် ဒေသတစ်ခု ထုတ်ကုန် တစ်မျိုးရရှိအောင် ကြိုးပမ်းဆောင် ရွက်ကြရန်နှင့် ဒေသထွက် ကုန်ကြမ်းများကို တန်ဖိုးမြင့် ထုတ်ကုန်အဖြစ် ထုတ်လုပ်နိုင်ပါ က ဒေသတွင်းစီးပွားရေး ပိုမိုခိုင်မာ လာမည်ဖြစ်ပါကြောင်း၊ အမယ်မျိုး စုံ ထုတ်လုပ်ခြင်းထက် အမယ် တစ်မျိုးချင်းစီကို အရည်အသွေး ရှိရှိ ပမာဏများစွာ ထုတ်လုပ်ရန် လည်းလိုအပ်ပါကြောင်း။

ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ သည် ဒေသဖွံ့ဖြိုးရေး၏ အသက် သွေးကြောဖြစ်ပါကြောင်း၊ ပညာ ရေးကဏ္ဍ တိုးတက်မြင့်မားစေရေး ချမှတ်ပေးထားသော ပညာရေး မူဝါဒများဖြစ်သည့် ကျောင်းနေ အရွယ်ကလေးတိုင်း အခြေခံပညာ သင်ကြားခွင့်ရရှိရေး၊ ကျောင်းနေ မြဲရေးနှင့် အတန်းစဉ်ကူးပြောင်း နှုန်း ပိုမိုကောင်းမွန်စေရေး ပညာ သင်နှစ်မကုန်မီ ကျောင်းထွက်နှုန်း လျှော့ချရေး၊ နိုင်ငံသားတိုင်းအခြေ ခံပညာအဆင့်လိုက် သတ်မှတ် ကာလအတွင်း(KG + မှ Grade 9) ပြီးမြောက်စေရေးတို့ကို ထိရောက် စွာ အကောင်အထည်ဖော် ဆောင် ရွက်လျက်ရှိရာ မိဘပြည်သူများက ဝိုင်းဝန်းအားပေး ဆောင်ရွက်ကြ မည် ဖြစ်ပါကြောင်း၊ ကျန်းမာရေး ကဏ္ဍအနေဖြင့် ဒေသတွင်းဆေးရုံ၊ ဆေးခန်းများ၌ ဆရာဝန်နှင့် သူနာပြုများ ခန့်ထားပေးခြင်း၊ ဆေးဝါးပစ္စည်းများ ဖြည့်ဆည်း ဆောင်ရွက်ပေးခြင်းတို့ကို စဉ်ဆက် မပြတ် ဆောင်ရွက်ပေးလျက်ရှိ ပါကြောင်း၊ မိမိတို့အစိုးရလက်ထက် နာဂဒေသ၏ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ လမ်းပန်း ဆက်သွယ်ရေး ကဏ္ဍများတွင် နှစ်စဉ်တိုးတက်မှုများရှိခဲ့သည်ကို ဒေသတွင်းနေ တိုင်းရင်းသား ပြည်သူများ သိရှိပြီးဖြစ်ပါကြောင်း၊ ယခုကဲ့သို့ တိုးတက်အောင် ဆောင် ရွက်ပေးနိုင်ခဲ့သည့် အုပ်ချုပ်မှုအဖွဲ့ အစည်းများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြ သည့် တိုင်းရင်းသားပြည်သူများ အားလုံးကိုလည်း အထူးကျေးဇူး တင် ဂုဏ်ပြုပါကြောင်း။

နိုင်ငံအတွင်း ၂၀၂၅ ခုနှစ် ပါတီစုံ ဒီမိုကရေစီအထွေထွေ ရွေးကောက် ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင်လည်း ကောင်း၊ အပိုင်း(၂)ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင်လည်း ကောင်း အောင်မြင်စွာကျင်းပ ခဲ့ပြီးဖြစ်ပါကြောင်း၊ နာဂဒေသ တွင်လည်း ၂၀၂၅ ခုနှစ် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက် ပွဲ အပိုင်း(၁)ကို ကျင်းပခဲ့ရာ တွင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ သည့်အတွက် နောင်ဖြစ်ပေါ်လာ မည့် ဒီမိုကရေစီနိုင်ငံတော်သစ် တွင် ဒေသတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကို ဆက်လက်အကောင်အထည် ဖော် ဆောင်ရွက်သွားကြရန် လို အပ်ကြောင်းတိုက်တွန်းပြောကြား သည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသ ကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က နှစ်သစ်ကူး အမှာစကားပြောကြား ပြီး နာဂတိုင်းရင်းသားတစ်ဦးက နာဂရိုးရာ နှစ်သစ်ကူးပွဲတော် ဖြစ်ပေါ်လာပုံ သမိုင်းအကျဉ်းကို ဖတ်ကြားရှင်းလင်း ပြောကြား သည်။

ယင်းနောက် ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ထံ နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှု ဇဟိုကော်မတီနာယက ဦးလှထွန်း နှင့် မြို့နယ်နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးစံမြ တို့က နှစ်သစ်ကူးအမှတ်တရ လက်ဆောင်ပေးအပ်သည်။

ဆက်လက်၍ ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နှင့် ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေး ပစ္စည်းများကိုပေးအပ်ရာ နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် တာဝန်ရှိသူ များက လက်ခံရယူသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး နှင့်အဖွဲ့ဝင်များသည် ၂၀၂၆ ခုနှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်သို့ တက်ရောက်လာကြသည့် နာဂ တိုင်းရင်းသားမျိုးနွယ်စုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် ကာ မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကြသည်။




နာဂရိုးရာနှစ်သစ်ကူးပွဲတော်တွင် ရိုးရာအကများဖြင့် ကပြဖျော်ဖြေနေမှုကိုတွေ့ရစဉ်။

ယင်းနောက် ပြည်ထောင်စု ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ရိုးရာယဉ်ကျေးမှု ပြခန်းများနှင့် ဌာနဆိုင်ရာပြခန်းများအား လိုက်လံ ကြည့်ရှုကြရာ တာဝန်ရှိသူများ က လိုက်လံရှင်းလင်း ပြသကြ သည်။

စာမျက်နှာ ၅ သို့ ❍

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က မလေးရှားနိုင်ငံ လူ့အခွင့်အရေးကော်မရှင်၏ အခြေအမြစ်မရှိသည့် မီဒီယာထုတ်ပြန်ကြေညာချက်ကို ပြင်းပြင်းထန်ထန်နှင့် ပြတ်ပြတ်သားသားပယ်ချ

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် မလေးရှားနိုင်ငံလူ့အခွင့်အရေးကော်မရှင်က ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော အခြေအမြစ်မရှိသည့် မီဒီယာထုတ်ပြန်ကြေညာချက်ကို ပြင်းပြင်းထန်ထန်နှင့် ပြတ်ပြတ်သားသားပယ်ချပါသည်။

မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် ခက်ခဲနက်နဲသည့် အခြေအနေမှန်များကို မျက်ကွယ်ပြုထားသော တစ်ဖက်သတ်အမြင်ဖြင့် အထောက်အထားမဲ့စွပ်စွဲချက်များသာပါရှိသော ယင်းကြေညာချက်ကို မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် ပြင်းထန်စွာ ရှုတ်ချသည်။ “စစ်အာဏာရှင်” ဟူသော နိုင်ငံရေးအရနှိမ်ချသည့် စကားလုံးများကို အသုံးပြုခြင်းသည် အစိုးရတစ်ရပ်ကို လေးစားမှုမရှိဘဲ ရည်ရွယ်ချက်ရှိရှိ သွေးထိုးလှုံ့ဆော်ခြင်းဖြစ်ပြီး အာဆီယံ၏ အဓိကမူဝါဒများဖြစ်သော အဖွဲ့ဝင်နိုင်ငံများ၏ စည်းလုံးညီညွတ်မှုခိုင်မာစေရေးနှင့် ဝင်ရောက်စွက်ဖက်ခြင်းမပြုရေးမူဝါဒကို တိုက်ရိုက်ချိုးဖောက်ခြင်းဖြစ်ပါသည်။ ထိုကဲ့သို့သော လုပ်ရပ်များသည် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းတစ်ရပ်၏ အခန်းကဏ္ဍနှင့် လုံးဝသက်ဆိုင်ခြင်းမရှိသော ဆောင်ရွက်ချက်ဖြစ်သည်။

မြန်မာနိုင်ငံသည် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့နှင့်စပ်လျဉ်းသည့် စိန်ခေါ်မှုများ ရှိနေသည့် ကာလတစ်ရပ်ကို ဖြတ်သန်းကျော်လွှားနေသည့် အာဆီယံအဖွဲ့ဝင် အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့်ပုံမှန်အခြေအနေများပြန်လည်ရရှိစေရန်နှင့် ငြိမ်းချမ်းသည့် ဒီမိုကရေစီလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်နိုင်စေရန်လိုအပ်သည့်စီမံဆောင်ရွက်မှုများအားလုံးကို ဆောင်ရွက်လျက်ရှိပါသည်။ ရွေးကောက်ပွဲကျင်းပရန် စီစဉ်ဆောင်ရွက်ခြင်းသည် အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံ၏ ဆောင်ရွက်ပိုင်ခွင့်ရှိသည့်ကိစ္စဖြစ်ပြီး ယင်းလုပ်ငန်းစဉ်များအပေါ် ပြင်ပအဖွဲ့အစည်းများမှ ကြိုတင်အကဲဖြတ်ခြင်း သို့မဟုတ် ကန့်သတ်တားမြစ်ချက်များချမှတ်ရန် ကြိုးပမ်းခြင်းသည် လုံးဝလျော့ကန်မှုမရှိပါ။

အာဆီယံပဋိညာဉ်စာတမ်းနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့တွင် ပြဋ္ဌာန်းပါရှိသော ပြည်တွင်းရေးကိစ္စရပ်များအပေါ် ဝင်ရောက်စွက်ဖက်ခြင်းမပြုရဆိုသည့် အရေးကြီးသည့် အဓိကအခြေခံမူဝါဒကို လေးစားလိုက်နာရမည်ဖြစ်ပါသည်။ အချုပ်အခြာအာဏာပိုင်ဆိုင်သည့်နိုင်ငံအစိုးရ၏ ကြိုးပမ်းအားထုတ်မှုများကို လျစ်လျူရှု၍ ပြင်ပမှဝင်ရောက်စွက်ဖက်ခြင်းသည် တည်ငြိမ်မှုကို ထိပါးစေပြီး အလွန်အန္တရာယ်ရှိသော လုပ်ရပ်ဖြစ်သည်။

လူသိရှင်ကြားရှုတ်ချဝေဖန်ခြင်းထက် အပြုသဘောဆောင်သော ထိတွေ့ဆောင်ရွက်မှုများကိုသာ ဆောင်ရွက်သင့်သည်ဟု မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က အခိုင်အမာယုံကြည်ပါသည်။ မကြာသေးမီက နိုင်ငံတော်အစိုးရက ကျင်းပခဲ့သော ပါတီစုံအထွေထွေရွေးကောက်ပွဲ၏ ပထမအပိုင်းနှင့် ဒုတိယအပိုင်းတို့ကို လွတ်လပ်ပြီးတရားမျှတစွာဖြင့် အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်ကို အပြည်ပြည်ဆိုင်ရာ လေ့လာစောင့်ကြည့်သူများ မျက်မြင်တွေ့ရှိခဲ့ပြီးဖြစ်ပါသည်။ အပြီးသတ်တတိယအပိုင်းကိုလည်း စီစဉ်ထားသည့်အတိုင်း နိုင်ငံတော်အစိုးရက ဆက်လက်ကျင်းပသွားလိမ့်မည်ဖြစ်ပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် မိတ်ဆွေမပီသသောအဆိုပါ ထုတ်ပြန်ကြေညာချက်ကို ပြတ်ပြတ်သားသားရှုတ်ချ၍ ပယ်ချကြောင်းနှင့် နိုင်ငံတကာအသိုက်အဝန်းအတွင်း တင်းမာမှုများကို ပိုမိုပြင်းထန်စေပြီး စိတ်ဝမ်းကွဲပြားမှုများ တိုးပွားစေမည့် ထိုကဲ့သို့သော ကြေညာချက်များ ထပ်မံထုတ်ပြန်ခြင်းကို မလေးရှားနိုင်ငံလူ့အခွင့်အရေးကော်မရှင်အနေဖြင့် ချက်ချင်းရပ်တန့်ပေးသွားရန် ပြင်းပြင်းထန်ထန်တောင်းဆိုပါသည်။ သက်ဆိုင်ရာ အဖွဲ့အစည်းအားလုံးအနေဖြင့်လည်း မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ မြန်မာနိုင်ငံပြည်သူလူထုအကျိုးနှင့် သာယာဝပြောမှုတို့ကို လေးစားကာအကန့်အသတ်မထားဘဲ အားလုံးပါဝင်မှုရှိသည့် ငြိမ်းချမ်းသောဆွေးနွေးမှုများကို ထောက်ခံအားပေးသွားကြပါရန် တိုက်တွန်းဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်

❍ စာမျက်နှာ ၄ မှ

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် လေရှီးမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို) ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ တောင်တန်းသာသနာပြု(ဗဟို) ခေါင်းဆောင် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သုဒဿနအား ဖူးမြော်ကြည်ညိုကာ ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။ ထို့အတူ လေရှီးမြို့ မြို့မနှစ်ခြင်းခရစ်ယာန်ဘုရားကျောင်းသို့ သွားရောက်၍ သိက္ခာတော်ရ ဆရာတော် ဦးစေးဖောက်နှင့် တာဝန်ရှိသူများအားတွေ့ဆုံ၍ စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် လေရှီးမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိရာ ဆေးကုသမှုခံယူနေကြသော ဒေသခံတိုင်းရင်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကာ တာဝန်ရှိသူများနှင့်အတူ အာဟာရဖြည့်စွက်စာများ ပေးအပ်ခဲ့သည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် လေရှီးမြို့ အိမ်တွင်းမှုသင်တန်းကျောင်းနှင့် လူငယ်သင်တန်းကျောင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ညပိုင်းတွင် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ၂၀၂၆ ခုနှစ် နာဂရိုးရာယဉ်ကျေးမှု မီးပုံပွဲသို့ တက်ရောက်ပြီး ဒေသခံတိုင်းရင်းသားများနှင့်အတူ ပါဝင်ဆင်နွှဲသည်။ ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် လေရှီးမြို့နယ် နာဂရိုးရာစာပေနှင့်ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌတို့က နာဂရိုးရာယဉ်ကျေးမှုမီးပုံပွဲကို မီးထွန်းညှိ ဖွင့်လှစ်ပေးခဲ့ကြပြီး နာဂရိုးရာ မျိုးနွယ်စုများအလိုက် ရိုးရာအကများဖြင့် ကပြဖျော်ဖြေနေမှုအား ကြည့်ရှုအားပေးကြကာ နာဂမျိုးနွယ်စု အကအဖွဲ့များကို ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်သည်။

အဆိုပါ နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို နာဂရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာများ၊ ယဉ်ကျေးမှု အမွေအနှစ်များ မပျောက်ပျက်စေရေးအတွက် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရန်၊ နာဂရိုးရာယဉ်ကျေးမှုအနုပညာများကို ဖော်ထုတ်၍ ထိန်းသိမ်းမြှင့်တင်ဆောင်ရွက်ရန်၊ နာဂတိုင်းရင်းသား လူမျိုးစုများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်မှုများ ပိုမိုရရှိလာနိုင်စေရန်၊ နာဂဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် နာဂတိုင်းရင်းသားများ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်နိုင်ရန်နှင့် နာဂမျိုးနွယ်စုအချင်းချင်း ရင်းနှီးချစ်ကြည်မှုကိုအခြေခံ၍ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ဖော်ဆောင်ကာ ပြည်ထောင်စုစိတ်ဓာတ်ထွန်းကားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း၊ နာဂရိုးရာ နှစ်သစ်ကူးပွဲတော်သို့ ပြည်တွင်း ပြည်ပမှ ခရီးသွားဧည့်သည်များက စိတ်ဝင်တစား လာရောက်ကြည့်ရှုလေ့လာကြပြီး မီးပုံပွဲများတွင်လည်း ပျော်ရွှင်စွာဖြင့် အတူတကွပါဝင်ဆင်နွှဲလေ့ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ဂမ်ဘီယာနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ အမှုနှင့်ပတ်သက်၍ ကြားနာပွဲဆက်လက်ပြုလုပ်

**နေပြည်တော် ဇန်နဝါရီ ၁၅**

ဂမ်ဘီယာနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏အမှုနှင့်ပတ်သက်၍ ကြားနာပွဲ (Oral Hearing ) ကို ဇန်နဝါရီ ၁၂ ရက်မှ ၂၉ ရက်အထိ နယ်သာလန်နိုင်ငံ သည်ဟိတ်ဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာ တရားရုံး၌ ပြုလုပ်လျက်ရှိရာ ဒုတိယနေ့ကြားနာပွဲကို ဇန်နဝါရီ ၁၃ ရက် မွန်းလွဲ ၃ နာရီတွင် ဆက်လက်ပြုလုပ်ခဲ့သည်။



ဒုတိယနေ့ ကြားနာပွဲတွင် ဂမ်ဘီယာနိုင်ငံမှ ရှေ့နေများက ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် မြန်မာ့တပ်မတော်က အကြမ်းဖက်ချေမှုန်းရေးဟုဆိုကာ ဘင်္ဂါလီများကို လူမျိုးတုံးစေရန် ရည်ရွယ်ချက်ဖြင့် တိုက်ခိုက်သတ်ဖြတ်ခဲ့ကြောင်း စွပ်စွဲလျှောက်လဲကြပြီး ယင်းသို့ လုပ်ဆောင်ရာတွင် နယ်ခြားစောင့်ရဲတပ်ဖွဲ့၊ ပြည်သူ့စစ်များအပြင် ရခိုင်လူမျိုးများလည်း ပါဝင်သည်ဟုလည်း ထည့်သွင်းစွပ်စွဲလျှောက်လဲခဲ့ကြောင်း၊ ထိုသို့ ရည်ရွယ်ချက်ရှိကြောင်းကို လုပ်ကြံဖန်တီးထားသည့် ဘင်္ဂါလီသက်သေများ၏ ထွက်ဆိုချက်များအား ကိုးကားလျှောက်လဲခဲ့ကြကြောင်း၊ ဂမ်ဘီယာနိုင်ငံအနေဖြင့် တတိယနေ့ ပထမအကျော့လျှောက်လဲခြင်းကို ဇန်နဝါရီ၁၄ ရက် ဒေသစံတော်ချိန် နံနက်၁၀ နာရီမှ မွန်းလွဲ၁ နာရီအထိနှင့် မွန်းလွဲ ၃ နာရီမှ ညနေ ၆ နာရီအထိ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ICJ နိုင်ပြီလေ

❖ ကမ္ဘာ့မြေနှယ်၊ သည်ဟိတ်ဂ်ရယ်သို့
ခရီးသွယ်ကာ၊ ချီတက်လာကြ
တို့မြန်မာတွေ၊ စိတ်အားလေနှင့်
ယုံကြည်ချက်မွန်၊ စွဲကိုင်လွန်ပြီး
တရားခွင်ဆီ၊ ဝင်နွှဲချီမည်။

❖ ဘင်္ဂါလီအရေး၊ စွပ်စွဲသံကို
တွန်းလှန်ဖြိုခွင်း၊ အမှန်ရှင်းဖို့
သက်သေခိုင်လုံ၊ ပြည့်စုံပုံနှင့်
တင်ပြကာလေ၊ ချေပပေမည်။

❖ တို့ပြည်သူများ၊ အားမလျော့ပါ
တစ်စိတ်တစ်ဝမ်း၊ လက်တွဲမြဲကာ
မေတ္တာရှေးရှု၊ ထောက်ခံပြုလို့
ပို့လွှတ်ကာရည်၊ တောင်းဆုခြွေမည်။

❖ အမျိုးဂုဏ်ရောင်၊ ထိန်းသိမ်းဆောင်ဖို့
သွေးမောင်ကျောက်ခဲ၊ စိတ်ဓာတ်မြဲနှင့်
ရင်ဆိုင်ကြိုးစား၊ အမှန်တရား
ထွန်းပွားစေမည်၊ တို့မြန်မာပြည်။

❖ တို့ ICJ၊ နိုင်ပြီလေဟု
ကြွေးကြော်သံပြု၊ ပြည်ထောင်စုချီ
သမိုင်းသစ်တင်၊ အောင်ပွဲခံသည်
ကေန်မုချ၊ နိုင်စေရမည်။ ။

အောင်မြေ(Isheet)

☆ ရှေ့ဖုံးမှ

| စဉ် အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ |
|---|---|---|---|
| **ကချင်ပြည်နယ်** | | | |
| ( ၁ ) ဦးငွါးရဲ့ဆဲ | ၁/မခဘ(နိုင်)၀၀၄၆၈၉ | မချမ်းဘော | ကချင်ပြည်နယ် ပြည်သူ့ပါတီ |
| ( ၂ ) ဦးထွန်းထွန်းအောင် | ၁/မကတ(နိုင်)၀၅၆၂၈၈ | မိုးကောင်း | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| ( ၃ ) ဦးကျော်ကျော်အောင် | ၁၂/လမန(နိုင်)၁၃၈၈၁၈ | ဝိုင်းမော် | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| **ကယားပြည်နယ်** | | | |
| ( ၄ ) ဒေါ်မော်မော်ခိုင် | ၂/လကန(နိုင်)၀၄၈၈၄၀ | ဒီးမော့ဆို | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| ( ၅ ) ဦးဆားရယ် | ၂/ဖရဆ(နိုင်)၀၀၃၁၇၀ | ဖရူဆို | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| **ကရင်ပြည်နယ်** | | | |
| ( ၆ ) ဦးစောဝင်းထိန် | ၃/ဖပန(နိုင်)၀၀၀၉၃၂ | ဖာပွန် | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| ( ၇ ) ဒေါ်သီတာစန်း | ၃/လဘန(နိုင်)၁၄၄၁၈၂ | လှိုင်းဘွဲ့ | ကရင်အမျိုးသား ဒီမိုကရက်တစ်ပါတီ |
| **စစ်ကိုင်းတိုင်းဒေသကြီး** | | | |
| ( ၈ ) ဦးတင်ထွန်းလွင် | ၅/ကလဝ(နိုင်)၀၂၉၇၄၇ | ကလေးဝ | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| ( ၉ ) ဦးစိုးကျော်နိုင် | ၅/ကလန(နိုင်)၀၃၁၅၅၅ | ကျွန်းလှ | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၀) ဦးဝင်းနိုင် | ၅/မမတ(နိုင်)၀၀၂၁၆၃ | မြင်းမူ | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၁) ဦးထွန်းလွင် | ၅/ခဥတ(နိုင်)၀၀၂၁၄၀ | ချောင်းဦး | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၂) ဦးကျော်မင်း | ၉/မနမ(နိုင်)၀၀၄၆၉၆ | ဘုတလင် | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၃) ဦးဝင်းတင့် | ၁၂/မဘန(နိုင်)၁၁၂၈၉၄ | အရာတော် | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၄) ဦးခင်မောင်ထွန်း | ၅/ဖပန(နိုင်)၀၅၆၂၆၉ | ဖောင်းပြင် | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| **တနင်္သာရီတိုင်းဒေသကြီး** | | | |
| (၁၅) ဦးအောင်ကျော်နှင်း | ၉/မထလ(နိုင်)၀၆၀၁၅၃ | ကျွန်းစု | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၆) ဦးအောင်ဆန်းလွင် | ၆/တသရ(နိုင်)၀၁၈၈၇၀ | တနင်္သာရီ | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| **ပဲခူးတိုင်းဒေသကြီး** | | | |
| (၁၇) ဒေါ်သိင်္ဂီမြင့်ရည် | ၇/ပခန(နိုင်)၁၄၂၉၀၀ | ဒိုက်ဦး | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၈) ဦးကျော်တိုး | ၇/ရကန(နိုင်)၀၀၇၁၈၇ | ရွှေကျင် | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၉) ဦးကျော်ကျော်ဦး | ၇/ထတပ(နိုင်)၀၀၂၇၂၈ | ထန်းတပင် | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၀) ဦးထွန်းထွန်းမိုး | ၁၂/အစန(နိုင်)၀၀၉၈၅၅ | ရေတာရှည် | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၁) ဦးကျော်မင်းထွန်း | ၇/ဇကန(နိုင်)၀၃၀၀၃၄ | ဇီးကုန်း | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၂) ဒေါ်ဆွေဆွေသင်း | ၇/ပတတ(နိုင်)၀၀၀၁၄၀ | ပေါင်းတည် | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၃) ဦးမျိုးဆွေထွန်း | ၇/ပခန(နိုင်)၀၈၅၇၃၉ | ကဝ | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၄) ဦးအောင်ဇော်လင်း | ၇/သနပ(နိုင်)၀၆၀၉၃၇ | သနပ်ပင် | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၅) ဦးမျိုးဇော်သိမ်း | ၁၂/မဘန(နိုင်)၀၁၈၉၉၈ | ပေါက်ခေါင်း | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၆) ဦးကိုကိုလွင် | ၁၂/မရက(နိုင်)၀၃၄၆၄၈ | ပန်းတောင်း | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၇) ဒေါ်ဇာခြည်လွင် | ၇/မညန(နိုင်)၀၅၄၃၇၅ | မိုးညို | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၈) ဦးရဲထွဋ်အောင် | ၇/မလန(နိုင်)၀၅၈၁၈၄ | မင်းလှ | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| **မကွေးတိုင်းဒေသကြီး** | | | |
| (၂၉) ဦးအောင်ဇော်ထက် | ၈/ဆဖန(နိုင်)၀၅၀၄၈၁ | ဆိပ်ဖြူ | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၀) ဦးဇော်ဌေး | ၈/နမန(နိုင်)၀၀၅၈၄၈ | နတ်မောက် | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၁) ဦးစိုးဝင်း | ၈/မသန(နိုင်)၀၄၈၂၁၂ | မြို့သစ် | တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ |
| (၃၂) ဦးမိုးမင်းဦး | ၁၂/ရကန(နိုင်)၀၇၂၀၄၉ | ငဖဲ | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၃) ဦးဇော်နိုင် | ၈/စလန(နိုင်)၀၁၄၈၈၈ | စလင်း | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၄) ဦးမိုးတင် | ၈/စတရ(နိုင်)၀၀၂၃၁၁ | စေတုတ္တရာ | တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ |
| (၃၅) ဒေါ်စံပါယ်မင်း | ၈/မဘန(နိုင်)၀၆၀၀၃၀ | ကံမ | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၆) ဦးစိုးနိုင် | ၈/မတန(နိုင်)၀၁၆၃၆၂ | မင်းတုန်း | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၇) ဦးခင်မောင်ဌေး | ၈/မလန(နိုင်)၀၅၂၈၆၅ | မင်းလှ | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၈) ဦးတင့်ဆွေ | ၈/ဆပဝ(နိုင်)၀၄၈၅၅၄ | ဆင်ပေါင်ဝဲ | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| **မန္တလေးတိုင်းဒေသကြီး** | | | |
| (၃၉) ဦးထွန်းထွန်းနိုင် | ၉/စကတ(နိုင်)၀၆၀၆၂၄ | စဉ့်ကိုင် | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၀) ဦးဝင်းမြင့်မောင် | ၁၃/ညရန(နိုင်)၀၁၀၀၀၉ | ကျောက်ပန်းတောင်း | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၁) ဦးအောင်သူ | ၉/တတဥ(နိုင်)၀၀၈၁၉၃ | တံတားဦး | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၂) ဦးအောင်နိုင်ဦး | ၉/မရတ(နိုင်)၀၀၄၅၈၈ | ပြည်ကြီးတံခွန် | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၃) ဦးစိုးနိုင် | ၉/မရတ(နိုင်)၀၁၅၁၆၂ | မဟာအောင်မြေ | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၄) ဦးမျိုးမြင့်သိန်း | ၉/ဝတန(နိုင်)၁၀၈၇၈၂ | ဝမ်းတွင်း | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၅) ဒေါ်ကြူကြူမော် | ၉/သစန(နိုင်)၀၀၂၁၃၉ | သာစည် | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၆) ဦးသိန်းထွန်းဦး | ၉/အမရ(နိုင်)၀၁၃၄၁၁ | အမရပူရ | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၇) ဦးလှမြင့် | ၉/မတရ(နိုင်)၀၄၆၆၃၈ | မတ္တရာ | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| **မွန်ပြည်နယ်** | | | |
| (၄၈) ဒေါက်တာခင်မောင်သွင် | ၁၄/ဟသတ(နိုင်)၁၉၅၁၉၆ | ဘီးလင်း | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၉) မင်းဝဏ္ဏကြီး | ၁၀/မလမ(နိုင်)၀၆၇၉၀၇ | မုဒုံ | မွန်ညီညွတ်ရေးပါတီ |
| (၅၀) ဦးသန်းရွှေ | ၁၀/ရမန(နိုင်)၁၇၂၂၂၅ | သံဖြူဇရပ် | မွန်ညီညွတ်ရေးပါတီ |
| (၅၁) ဒေါ်မြင့်သန်း | ၁၀/ရမန(နိုင်)၀၀၂၇၆၉ | ရေး | မွန်ညီညွတ်ရေးပါတီ |
| (၅၂) ဦးဗိုလ်ဝင်း | ၁၀/သဖရ(နိုင်)၀၆၁၅၅၅ | ပေါင် | မွန်ညီညွတ်ရေးပါတီ |

( ပုံ ) သန်းစိုး

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## မိတ္ထီလာတက္ကသိုလ်၌ အာဆီယံတက္ကသိုလ်များကွန်ရက်၏အရည်အသွေးအာမခံမှုစနစ်အကြောင်း မိတ်ဆက်ဟောပြောပွဲ ကျင်းပ

**မိတ္ထီလာ ဇန်နဝါရီ ၁၅**

မိတ္ထီလာတက္ကသိုလ်၌ အာဆီယံတက္ကသိုလ်များကွန်ရက်၏ အရည်အသွေးအာမခံမှုစနစ်အကြောင်း မိတ်ဆက်ဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီက အဆိုပါတက္ကသိုလ် ဝန်ဇင်းခန်းမတွင် ကျင်းပသည်။

ဦးစွာ ပါမောက္ခချုပ် ဒေါက်တာဘဟန်က အမှာစကားပြောကြားသည်။ ထို့နောက် အာဆီယံတက္ကသိုလ်များကွန်ရက်၏ အရည်အသွေး အာမခံမှုစနစ်အကြောင်းကို ဒုတိယပါမောက္ခချုပ် ဒေါက်တာနေအောင်က မိတ်ဆက်ဟောပြောရာ ပါမောက္ခချုပ် ဒေါက်တာဘဟန်၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာကျော်လင်း၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် အဆိုပါတက္ကသိုလ်မှဝန်ထမ်းများ တက်ရောက်အားပေးသည်။ ဆက်လက်၍ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ဒုတိယပါမောက္ခချုပ် ဒေါက်တာနေအောင်က ပြန်လည်ဆွေးနွေးဖြေကြားခဲ့ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

# လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ တတိယနေ့အခမ်းအနား ဆက်လက်ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၅**

လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ တတိယနေ့အခမ်းအနားကို ယနေ့တွင် နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁) ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။



လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ တတိယနေ့အခမ်းအနား ကျင်းပစဉ်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ လူမှုရေးရာဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များနှင့် နယ်ပယ်အသီးသီးမှ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အလွှာအသီးသီးမှ လူငယ်ကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ လူငယ်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားယဉ်ကျေးမှုနှင့် ဘာသာရေးဆိုင်ရာ ယုံကြည်ကိုးကွယ်မှုအမျိုးမျိုးမှ လူငယ်ကိုယ်စားလှယ်များ၊ နယ်စပ်ဒေသများမှ တိုင်းရင်းသားလူငယ်များ၊ အခြားဖိတ်ကြားထားသည့် လူငယ်ကိုယ်စားလှယ်များနှင့် လေ့လာသူများ တက်ရောက်ကြသည်။

ဦးစွာ လူငယ်ကွန်ရက်များဖွဲ့စည်း၍ ကွန်ရက်အလိုက် စီမံချက်အဆိုပြုချက်များ တင်ပြခြင်း၊ ကွန်ရက်အလိုက်အဆိုပြုချက်များကို ပညာရှင်များက အကြံပြုဆွေးနွေးခြင်း၊ ကွန်ရက်အလိုက် အဆိုပြုချက်များကို လူငယ်အချင်းချင်း မဲပေးဆုံးဖြတ်ခြင်း၊ မဲပေးဆုံးဖြတ်သည့်အပေါ် ပညာရှင်အဖွဲ့က သုံးသပ်၍ ဆုများသတ်မှတ်ခြင်း၊ လူငယ်ထုအတွင်း လျှပ်တစ်ပြက်စစ်တမ်း၊ ဆန္ဒကောက်ယူခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ကွန်ရက်အလိုက် စီမံချက်အဆိုပြုချက်များနှင့် စပ်လျဉ်း၍ အဖွဲ့လိုက်ဆွေးနွေးမှုတွင် ပထမဆုနှင့် ဒုတိယဆုရရှိကြသူများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက တတိယဆုရရှိကြသူများကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က ဖိုရမ်တွင် ဆွေးနွေးခဲ့ကြသည့် ပညာရှင်များကိုလည်းကောင်း၊ ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း (ငြိမ်း)က ပန်းချီပြိုင်ပွဲတွင် ဆုရရှိကြသူများကိုလည်းကောင်း၊ ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်က ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဉာဏ်စမ်းပြိုင်ပွဲတွင် ဆုရရှိကြသူများကိုလည်းကောင်း၊ ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန် (ငြိမ်း)က ဖိုရမ် Coordinator များကိုလည်းကောင်း၊ ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဗိုလ်ချုပ် စိုးနိုင်ဦး(ငြိမ်း)က ဖိုရမ် Facilitator များကိုလည်းကောင်း ဆုများနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က အခမ်းအနားသို့ ပံ့ပိုးကူညီပေးခဲ့ကြသည့် အလှူရှင်များနှင့် ဖိုရမ်ဂုဏ်ပြုတေးသီချင်း ရေးစပ်သီကုံးပေးခဲ့သူများကို လည်းကောင်း၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က အထောက်အကူပြုအဖွဲ့များကိုလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့က လူငယ်များ၏ အဖွဲ့လိုက်ဆွေးနွေးမှုများမှ **“သတင်းအချက်အလက်နည်းပညာသက်ရောက်မှုများ (IT)၊ ဉာဏ်ရည်တုနည်းပညာ (AI) စနစ်ထူထောင်ရေး၊ ဆိုက်ဘာ (Cyber)၊ Online Security၊ လူမှုကွန်ရက် (Social Media) နှင့် ကွန်ရက်အဖွဲ့များ၊ ထိရောက်သော သတင်းမှန်ပြန်ကြားရေးဆိုင်ရာဆွေးနွေးမှု”**နှင့်စပ်လျဉ်း၍ ပြန်လည်ဆွေးနွေးမှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ အနာဂတ်နိုင်ငံတည်ဆောက်ရေးအတွက် လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ က ထုတ်ပြန်ကြေညာသည့် လူငယ်ကြေညာစာတမ်းကို လူငယ်လေးဦးက ဖိုရမ်သို့ ဖတ်ကြားတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် ဖိုရမ်တက်ရောက်လာကြသူများသည် လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ သစ္စာအဓိဋ္ဌာန် လေးချက်ဖြစ်သည့် “မိမိကိုယ်ကို ကောင်းအောင်ကြိုးစားမည်၊ မိမိကွန်ရက်ကို ခိုင်မာအောင် ဖွဲ့စည်းမည်၊ မိမိဒေသကို ငြိမ်းချမ်းအောင် ပံ့ပိုးမည်၊ မိမိနိုင်ငံအတွက် ကောင်းအောင် ကြိုးစားမည်” တို့ကို ရွတ်ဆို၍ ကြေညာစာတမ်းကို ထုတ်ပြန်သည်။ (အဆိုပါကြေညာစာတမ်းကို စာမျက်နှာ ၈ တွင် ဖော်ပြထားပါသည်။)

ယင်းနောက် တက်ရောက်လာကြသူ လူငယ်များကိုယ်စား လူငယ်ကိုယ်စားလှယ် လေးဦးတို့က ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က ဆွေးနွေးမှုရလဒ်များကို ရှင်းလင်းဆွေးနွေးပြီး အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ကွန်ရက်အလိုက် စီမံချက်အဆိုပြုချက်များနှင့်စပ်လျဉ်း၍ အဖွဲ့လိုက်ဆွေးနွေးမှုတွင် ဒုတိယဆုရရှိကြသူများအား ဆုပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ကွန်ရက်အလိုက် စီမံချက်အဆိုပြုချက်များနှင့်စပ်လျဉ်း၍ အဖွဲ့လိုက်ဆွေးနွေးမှုတွင် တတိယဆုရရှိကြသူများအား ဆုပေးအပ်ချီးမြှင့်စဉ်။

## ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းနှင့် သတင်းအေဂျင်စီလုပ်ငန်း လုပ်ကိုင်သူများ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် အသိပေးကြေညာခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများ ထွက်ရှိသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ်များအား ၅ နှစ် သက်တမ်းခွင့်ပြုပေးခဲ့ပါသည်။

၂။ အသိအမှတ်ပြုလက်မှတ် သက်တမ်းကုန်ဆုံးပါက နည်းဥပဒေ ၂၁ အရ သက်တမ်းကုန်ဆုံးသည့်ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်ပုံစံနှင့်အတူ အခကြေးငွေကျပ်တစ်သောင်း ပေးသွင်း၍ ပြန်ကြားရေးဝန်ကြီးဌာနသို့ အသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် လာရောက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၃။ သက်တမ်းကုန်လွန်သော အသိအမှတ်ပြုလက်မှတ်များဖြင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့် မရှိကြောင်းနှင့် သက်တမ်းကုန်ဆုံးပြီး လုပ်ငန်းဆက်လက်လုပ်ကိုင်ပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း ၀၁-၅၄၁၄၁၃၊ ၀၁-၈၆၀၄၇၅၀၊ ၀၁-၈၆၀၄၇၅၁၊ iprd.crd.ygn@gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ - Youth Peace Forum 2026 လူငယ်ကြေညာစာတမ်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို အောင်မြင်စွာ ကျင်းပပြီးစီးသည့်အချိန် **သမိုင်းစာမျက်နှာသစ်**တွင် ဖြစ်ပေါ်လာမည့် ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် နိုင်ငံတည်ဆောက်ရေး လုပ်ငန်းစဉ်များတွင် လူငယ်များပါဝင်မှုကို မြှင့်တင်ပေးရန်အလို့ငှာ လူငယ်ငြိမ်းချမ်းရေးဖိုရမ်ကို ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တွင် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်မှ ၁၅ ရက်အထိ သုံးရက်တာ ကျင်းပခဲ့ပါသည်။

၂။ ဤဖိုရမ်သို့ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုနှင့် နေပြည်တော်ကောင်စီနယ်မြေမှ လူငယ်ကိုယ်စားလှယ်များအပြင် ပဋိပက္ခဘေးသင့်ရာဒေသများမှ လူငယ်များ၊ အဆင့်မြင့်ပညာရေးတက္ကသိုလ်များ၊ ပုဂ္ဂလိကအသင်းအဖွဲ့များနှင့် အရပ်ဘက်အဖွဲ့အစည်းများမှ လူငယ်များ စုစုပေါင်း ၄၅၀ ဦး တက်ရောက်ကြပြီး **အနာဂတ်ကာလတွင် လူငယ်များပါဝင်နိုင်မည့်ကဏ္ဍများနှင့် လုပ်ငန်းများ**ကို သုံးရက်ကြာ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးဖလှယ်ကြပြီး ဤကြေညာစာတမ်းအား ထုတ်ပြန်ကြေညာအပ်ပါသည်။

၃။ ဖိုရမ်ကျင်းပသည့် ပထမနေ့တွင် လူငယ်ကိုယ်စားလှယ်များသည် ငြိမ်းချမ်းရေးဖြစ်စဉ်များအပေါ် လက်တွေ့စီမံခန့်ခွဲခဲ့ရသည့် လူကြီးများထံမှ အတွေ့အကြုံများနှင့် သင်ခန်းစာများကို **ငြိမ်းချမ်းရေး လက်ဆင့်ကမ်းခြင်းနှင့် ငြိမ်းချမ်းသော လူ့အဖွဲ့အစည်း မြှင့်တင်ခြင်း** ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲအား စတင်ခဲ့ပြီး တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ နေပြည်တော် ပြည်ထောင်စုနယ်မြေကိုယ်စားပြု လူငယ် ၁၅ ဦးနှင့် အခြားတိုင်းရင်းသားနှင့် ဘေးသင့်ဒေသများကိုယ်စားပြု လူငယ်ကိုယ်စားလှယ် ၇ ဦးတို့မှ ဒေသအလိုက် မတူကွဲပြားသည့် အသံများကို ဖော်ထုတ်ခဲ့ပါသည်။

၄။ ဖိုရမ်၏ ဒုတိယနေ့တွင် အနာဂတ်ကာလ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းစဉ်တွင် လူငယ်များ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးနိုင်မည့် **အခွင့်အလမ်းများ**အပေါ် ပညာရှင်များ၊ လူငယ်လုပ်ငန်းရှင်များက တင်ပြကြပြီး လူငယ်ကိုယ်စားလှယ်များ အဖွဲ့များခွဲ၍ အသေးစိတ်ဆွေးနွေးအဖြေရှာ ဖော်ထုတ်ကာ အဖွဲ့လိုက်ကွန်ရက်ဖွဲ့ဆောင်ရွက်ရန် ပြင်ဆင်ခဲ့ပါသည်။

၅။ ဖိုရမ်၏ တတိယနေ့တွင် အနာဂတ်ကာလ၌ ငြိမ်းချမ်းရေးနှင့် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများအပေါ် အကြံပြုချက်များနှင့် လက်တွေ့အဆိုပြုချက်များကို အဖွဲ့လိုက် ဆွေးနွေးတင်ပြခဲ့ပါသည်။ လူငယ်များ၏ ရှေ့အမြင်များနှင့် ဖန်တီးမှုများကို လျှပ်တစ်ပြက်စစ်တမ်းများဖြင့် ပုံဖော်နိုင်ခဲ့ပြီး လူငယ်များအချင်းချင်း ပူးပေါင်းဆောင်ရွက်ကြမည့် ကွန်ရက်အဖွဲ့များကိုလည်း ဖွဲ့စည်းခဲ့ပါသည်။ ထိုအကြံပြုချက်များအပေါ် အခြေခံ၍ ကွန်ရက်များဖြင့် ဒေသအသီးသီးရှိ ငြိမ်းချမ်းရေးစိန်ခေါ်မှုများကို လူငယ်များ ကိုယ်တိုင်ပါဝင်ဖြေရှင်းနိုင်မည့် လက်တွေ့အစီအစဉ်များ ဖော်ထုတ်ခြင်းမှတစ်ဆင့် အမျိုးသားအဆင့် လူငယ်များပါဝင်မှု အခင်းအကျင်းတစ်ရပ် ဖြစ်ပေါ်စေမည့် **ရှေ့လုပ်ငန်းစဉ်များ၊ အကြံပြုချက်များ**ကို စနစ်တကျ ချမှတ်နိုင်ခဲ့ပါသည်။

၆။ ဤသို့လျှင် လူငယ်ငြိမ်းချမ်းရေးဖိုရမ်သည် **"နိုင်ငံတစ်ဝန်းရှိ လူငယ်များကို ငြိမ်းချမ်းရေး တည်ဆောက်ရေး၊ စည်းလုံးညီညွတ်ရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတို့တွင် စုပေါင်းပါဝင်လာရေးနှင့် စွမ်းရည်ပြည့်ဝသော ခေါင်းဆောင်များ ဖြစ်ပေါ်လာရန်အတွက် လူငယ်များအား ငြိမ်းချမ်းရေးအသိ မြှင့်တင်ပေးနိုင်ရန်"** ဟူသော **ဖိုရမ်ဦးတည်ချက်**အား အောင်မြင်စွာရရှိခဲ့ပြီး အနာဂတ်ကာလ ငြိမ်းချမ်းရေးဖြစ်စဉ်များနှင့် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် လူငယ်များအတွက် အောက်ဖော်ပြပါ အခွင့်အလမ်းများကို စုပေါင်းဖန်တီးကြရန် စုပေါင်းသန္နိဋ္ဌာန်ပြုအပ်ပါသည်-

(က) ရွေးကောက်ပွဲလွန်ကာလ၌ လူငယ်များ၏ လက်တွေ့ကျသော အခန်းကဏ္ဍကို ဖော်ထုတ်နိုင်မည့် ငြိမ်းချမ်းရေးကို ပြင်းပြစွာလိုလားကြသည့် လူငယ်အသိုက်အဝန်းများအကြား အပြန်အလှန် ဆက်သွယ်ဆောင်ရွက်မှုကို အထောက်အပံ့ဖြစ်စေမည့် **လူငယ်ကွန်ရက်များ** ဖွဲ့စည်းတည်ထောင်၍ လူငယ်များလက်တွေ့ဆောင်ရွက်နိုင်သည့် စီမံချက်များကို **လူငယ်များကိုယ်တိုင် အကောင်အထည်ဖော်ရန်၊**

(ခ) ငြိမ်းချမ်းရေးဆောင်ရွက်ရာမှာ မတူကွဲပြားမှုများကို နားလည်၍ အမုန်းတရားများ တိုက်ဖျက်နိုင်ရန် ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ အားကစားနှင့် စီးပွားရေးဖွံ့ဖြိုးရေးနယ်ပယ်အသီးသီးရှိ လူငယ်များ၏ **စွမ်းရည်မြှင့်တင်ပေးရန်နှင့်သက်ဆိုင်ရာကဏ္ဍအလိုက် လူငယ်ဆိုင်ရာ စီမံကိန်းများ** ရေးဆွဲရန်၊

(ဂ) ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးနှင့်စည်းလုံးညီညွတ်ရေး၊ လူမှုသဟဇာတမြှင့်တင်ရေးလုပ်ငန်းဆိုင်ရာ အစီအစဉ်များကို **ဒေသအလိုက် မြေပြင်အခြေအနေများနှင့် ကိုက်ညီမည့် စီမံချက်များ**အား လူငယ်များကိုယ်တိုင် စွန့်ဦးဆောင်ရွက်ပြီး နိုင်ငံတော်၏ မူဝါဒနှင့် လုပ်ငန်းစဉ်များကို အထောက်အပံ့ဖြစ်စေမည့် အကြံပြုချက်များ ဖော်ထုတ်ရန်၊

(ဃ) မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်များအပေါ် **နိုင်ငံတကာနှင့် ပြည်တွင်း ပြည်ပ မီဒီယာရပ်တည်ချက်များ**ကိုပြည်တွင်းလူငယ်များ၏ အမြင်နှင့် ပုံရိပ်ပြောင်းလဲရေး ဆောင်ရွက်ရန်၊

(င) လူငယ်ငြိမ်းချမ်းရေးဖိုရမ်မှ ပေါ်ထွက်လာသည့် အကြံပြုချက်များကိုစုစည်း၍ အနာဂတ်နိုင်ငံတည်ဆောက်ရေးအတွက် **လူငယ်နှင့် ငြိမ်းချမ်းရေးမူဝါဒဆိုင်ရာ စာတမ်း**တစ်ရပ်(Youth Peace Policy Paper) အား ရေးဆွဲတင်ပြနိုင်ရန် ဖြစ်ပါသည်။

၇။ ထို့ကြောင့် လူငယ်ငြိမ်းချမ်းရေးဖိုရမ်သည် အနာဂတ်မြန်မာနိုင်ငံတည်ဆောက်ရေးတွင် လူငယ်များ၏ အခန်းကဏ္ဍပါဝင်မှုကို အလေးပေးဖော်ဆောင်နိုင်ခဲ့ပြီး လူငယ်များ၏ စိတ်ဓာတ်နှင့် စွမ်းအားများကို အကောင်းဆုံးသောပုံစံများဖြင့် ငြိမ်းချမ်းရေးနှင့် နိုင်ငံတည်ဆောက်ရေး လုပ်ငန်းစဉ်များအတွင်း ပေါင်းစပ်ထည့်သွင်းနိုင်ရန် ဖော်ထုတ်ခဲ့ပြီး တက်ရောက်ပါဝင်ကြသည့် လူငယ်များအနေဖြင့်လည်း-

(က) မိမိကိုယ်ကို ကောင်းအောင် ကြိုးစားမည်၊
(ခ) မိမိကွန်ရက်ကို ခိုင်မာအောင် ဖွဲ့စည်းမည်၊
(ဂ) မိမိဒေသကို ငြိမ်းချမ်းအောင် ပံ့ပိုးမည်၊
(ဃ) မိမိနိုင်ငံအတွက် ကောင်းအောင် ကြိုးစားမည်။

ဟု **သစ္စာအဓိဋ္ဌာန်ပြု**၍ ဤကြေညာစာတမ်းအား ထုတ်ပြန်အပ်ပါသည်။

နေပြည်တော်
၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်

## ဒီဖိုရမ်ကနေ လူငယ်တွေအတွက် အနာဂတ်မှာ နိုင်ငံတည်ဆောက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအခန်းကဏ္ဍတွေမှာ ပါဝင်ဆောင်ရွက်နိုင်ဖို့ စတင်လမ်းဖွင့်ပေးတာဖြစ်တယ်လို့ ထင်မြင်မိပါတယ်။ လူငယ်ငြိမ်းချမ်းရေးဖိုရမ်ကတစ်ဆင့် ပန်းတိုင်းပွင့်ပါစေ၊ ပွင့်သောပန်းတိုင်း လန်းပါစေ၊ လန်းသောပန်းတိုင်း မွှေးပါစေလို့ ဆုတောင်းပေးပါတယ်

မောင်ဥက္ကာမင်း

တွေ့ဆုံမေးမြန်း - မင်းကျော်စွာ
ဓာတ်ပုံ - အောင်မင်းထွန်း

**လူငယ်ငြိမ်းချမ်းရေးဖိုရမ်(၂၀၂၆)ကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန -၁(MICC-I)၌ သုံးရက်တာကျင်းပခဲ့ပြီး ဖိုရမ်တတိယနေ့တွင် ဖိုရမ်၏ အဓိကအရေးအကြီးဆုံးအပိုင်းဖြစ်သည့် လူငယ်ကွန်ရက်ဖွဲ့စည်းခြင်း၊ ချိတ်ဆက်ခြင်း၊ ကွန်ရက်အလိုက် စီမံချက်၊ အဆိုပြုချက်များ တင်ပြဆွေးနွေးခြင်း၊ ဆွေးနွေးချက်များအပေါ် ပညာရှင်များက အကြံပြုဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။**

ဖိုရမ်ကျင်းပသည့် သုံးရက်တာ ဆွေးနွေးမှုများမှတစ်ဆင့် ထွက်ပေါ်လာသည့် ငြိမ်းချမ်းရေးနှင့် အနာဂတ်လူငယ်ကြေညာစာတမ်းနှင့် ဖိုရမ်မှ အကြံပြုချက်များကိုစုစည်းပြီး အနာဂတ်နိုင်ငံတည်ဆောက်ရေးတွင် ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုကဲ့သို့ ဖိုရမ်သုံးရက်တာအတွင်း တက်တက်ကြွကြွ ပါဝင်ဆွေးနွေးခဲ့ကြသည့် လူငယ်များ၏အမြင်သဘောထားဆန္ဒများ၊ မျှော်မှန်းချက်များကို စုစည်းဖော်ပြအပ်ပါသည်။


မောင်ခွန်မင်းဇော်အောင်


မမြေမြတ်နိုးဦး


မမေထက်နိုင်

**မောင်ခွန်မင်းဇော်အောင်**
**ရှမ်းပြည်နယ်ကိုယ်စားပြု**
**လူငယ်ကိုယ်စားလှယ်**

လူငယ်ငြိမ်းချမ်းရေးဖိုရမ်မှာ လူငယ်တစ်ယောက်အနေနဲ့ ပါဝင်တက်ရောက်ခွင့်ရလို့ အင်မတန်ဂုဏ်ယူမိပါတယ်။ လူငယ်တွေရဲ့အားက နိုင်ငံတော်အတွက် တစ်ထောင့်တစ်နေရာကနေ အထောက်အကူပြုမယ်လို့ မျှော်လင့်မိပါတယ်။ လူသားအရင်းအမြစ်ဖြစ်တဲ့ လူငယ်တွေကပဲ နောင်လာမယ့်အနာဂတ်မှာ ပခုံးပြောင်းတာဝန်ယူပြီး လုပ်ဆောင်သွားရမှာဖြစ်တဲ့အတွက် လူငယ်တွေရဲ့ အခန်းကဏ္ဍကို မြှင့်တင်ပေးတာက နိုင်ငံတော်ရဲ့ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် တစ်ဆင့်မြှင့်တင်တာလည်း ဖြစ်တယ်လို့ ထင်မြင်မိပါတယ်။

**မမြေမြတ်နိုးဦး**
**ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု**
**လူငယ်ကိုယ်စားလှယ်**

ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်မယ့် လူငယ်တိုင်းအနေနဲ့ လူငယ်တွေရဲ့ကြားမှာ ယုံကြည်မှုကို အရင်တည်ဆောက်ရမယ်လို့ ထင်မြင်မိပါတယ်။ မိမိကိုယ်တိုင် ငြိမ်းချမ်းစွာ နေထိုင်နိုင်အောင် ကြိုးစားရမယ်။ ဒီကနေတစ်ဆင့် ကိုယ့်ပတ်ဝန်းကျင်၊ ကိုယ့်ကျေးရွာ၊ ကိုယ့်ဒေသ၊ ကိုယ့်မြို့နယ်ကို ငြိမ်းချမ်းအောင် လုပ်ဆောင်သွားရမှာ ဖြစ်ပါတယ်။ ဒါမှသာ ငြိမ်းချမ်းတဲ့ နိုင်ငံတော်သစ်ကြီးကို သွားနိုင်မှာပါ။ ဒီအတွက် နိုင်ငံအတွင်းမှာရှိတဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံး အတူတကွစုပေါင်းပြီး နိုင်ငံမှာရှိနေတဲ့ ပဋိပက္ခတွေကို ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ဖြေရှင်းကြမယ်ဆိုရင် ငြိမ်းချမ်းသာယာလှပတဲ့ နိုင်ငံတော်သစ်ကြီးဆီကို ရောက်နိုင်မှာဖြစ်ပါတယ်။

လူငယ်တစ်ယောက်အနေနဲ့ အခုအချိန်ကစပြီး နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်ဖို့၊ တည်ငြိမ်အေးချမ်းဖို့ ကိုယ်တတ်နိုင်တဲ့ဘက်ကနေ တစ်ထောင့်တစ်နေရာကနေ တတ်စွမ်းသမျှ ဝိုင်းဝန်းပူးပေါင်းပါဝင် ဆောင်ရွက်သွားပါ့မယ်။ ဒီဖိုရမ်မှာ လူငယ်တွေ ဆွေးနွေးတင်ပြသွားကြတဲ့ အခန်းကဏ္ဍတွေကို လူကြီးတွေအနေနဲ့ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်မယ်လို့ ယုံကြည်မျှော်လင့်မိပါတယ်။

**မမေထက်နိုင်**
**မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်**
**လူငယ်ကိုယ်စားလှယ်**

ငြိမ်းချမ်းရေးဆိုတာ တစ်ဦးနဲ့ တစ်ဦး တစ်ယောက်နဲ့ တစ်ယောက် ယုံကြည်မှုကနေ စတင်တာဖြစ်ပါတယ်။ တစ်ဦးနဲ့တစ်ဦး ယုံကြည်မှုတွေရရှိလာပြီဆိုရင် ငြိမ်းချမ်းရေးလမ်းကို အတူတကွ လျှောက်လှမ်းနိုင်မှာ ဖြစ်ပါတယ်။ ငြိမ်းချမ်းပြီဆိုရင် မတူညီတာတွေအားလုံးကို အတူတကွ ပူးပေါင်းဖြေရှင်းသွားနိုင်မှာ ဖြစ်ပါတယ်။ ဒီနေ့ လူငယ်ငြိမ်းချမ်းရေး ဖိုရမ်ကနေစပြီး နိုင်ငံရဲ့ပဋိပက္ခတွေကို အတတ်နိုင်ဆုံး ဖြေရှင်းပေးနိုင်မယ်လို့လည်း ယုံကြည်မိပါတယ်။

ဒါကြောင့် လူငယ်ငြိမ်းချမ်းရေးဖိုရမ်ကနေ လူငယ်တွေက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို သိရှိနားလည်ပြီး တိုင်းရင်းသားလူမျိုးစုတွေရဲ့ အခက်အခဲတွေ၊ ပဋိပက္ခတွေ ဖြေရှင်းနိုင်မယ့် လမ်းကြောင်းတွေကို တွေးခေါ်နားလည်ပြီးတော့ နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်အောင်၊ ငြိမ်းချမ်းမှုတွေရရှိအောင် လုပ်ဆောင်ပေးနိုင်မယ်လို့ မျှော်လင့်ပါတယ်။

စာမျက်နှာ ၉ သို့ »»

# ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ စည်းဝေး



**နေပြည်တော် ဇန်နဝါရီ ၁၅**

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး လုပ်ငန်းအဖွဲ့ အစည်းအဝေးကို ယနေ့နံနက်ပိုင်းက မြန်မာနိုင်ငံတော် ဗဟိုဘဏ်၌ ကျင်းပသည်။

ဦးစွာ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၆ ရက်နှင့် ၇ ရက်တို့တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ပြုလုပ်သည့် APJG ၏ မျက်နှာချင်းဆိုင်အစည်းအဝေးသို့ မြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲ့ တက်ရောက်၍ မြန်မာနိုင်ငံ၏ (၁၆) ကြိမ်မြောက် တိုးတက်မှုအစီရင်ခံစာပါ အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအမံ (Action Plan) များအနက် ဆောင်ရွက်ပြီးစီးမှုအပေါ် APJG ၏ အကြံပြုချက်များအရ သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများက ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရမည့်အချက်များကို ဆွေးနွေးကြရန်နှင့် လာမည့်ဖေဖော်ဝါရီလတွင် ကျင်းပပြုလုပ်မည့် FATF Planery Meeting တွင် ဆွေးနွေးနိုင်ရေးအတွက်လည်း ကြိုတင်ပြင်ဆင်ထားရန် လိုအပ်ကြောင်း၊

ထိုင်းနိုင်ငံ Anti-Money Laundering Office (AMLO) မှ နည်းပညာအကူအညီ ရယူမည့် အစီအစဉ်နှင့် စပ်လျဉ်း၍ အစည်းအဝေး တက်ရောက်လာကြသည့် Working Group အဖွဲ့ဝင်များ၏ သဘောတူညီချက်နှင့် အကြံပြုချက်များ ရယူ၍ အစီအစဉ် ရေးဆွဲလိုပါကြောင်း၊ STR အရည်အသွေး ပိုမိုကောင်းမွန်လာစေရေးအတွက် သတင်းပို့အဖွဲ့အစည်းများဖြစ်သည့် ဘဏ်များအပါအဝင် ငွေရေးကြေးရေး အဖွဲ့အစည်းများအနေဖြင့် ဆုံးရှုံးနိုင်ခြေအန္တရာယ် မြင့်မားသော လူပုဂ္ဂိုလ်ဆိုင်ရာ အချက်အလက်များ ပိုမိုပြည့်စုံစွာရရှိနိုင်ရန်နှင့် FIU ၏ စိစစ်သုံးသပ်ချက်များ အရည်အသွေး ပိုမိုကောင်းမွန်လာစေရေးကိုအလေးထားဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ လာမည့် မြန်မာနိုင်ငံ၏ (၁၇)ကြိမ်မြောက် တိုးတက်မှုအစီရင်ခံစာ ရေးသားရာတွင် APJG ၏ လိုလားချက်နှင့်ကိုက်ညီသည့် အချက်အလက်များ တိုးမြှင့်တင်ပြနိုင်ရေး ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

ယင်းနောက် လုပ်ငန်းအဖွဲ့၏ အတွင်းရေးမှူးဖြစ်သည့် တပ်ဖွဲ့မှူး၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၊ ရဲမှူးချုပ်ဇော်လင်းထွန်းက မြန်မာနိုင်ငံ၏ (၁၆)ကြိမ်မြောက် တိုးတက်မှု အစီရင်ခံစာအပေါ် ဆွေးနွေးသည့် APJG ၏ မျက်နှာချင်းဆိုင်အစည်းအဝေးသို့ တက်ရောက်ခဲ့မှု အခြေအနေများနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရမည့်အစီအမံများနှင့် Technical Assistant ရယူရန် ကိစ္စရပ်များအပေါ် မေးမြန်းဖြေကြားချက်များကို ရှင်းလင်းဆွေးနွေးသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ပြည်ထောင်စုတရားစီရင်ရေး ကြီးကြပ်မှုရုံး၊ ပြည်တွင်းအခွန်များ ဦးစီးဌာန၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေဦးစီးဌာန၊ ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၊ သစ်တောဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် (ဥပဒေရေးရာနှင့်မှုခင်းဌာနကြီး)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် (နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး)၊ မှုခင်းရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

»»» စာမျက်နှာ ၈ မှ

**မဆုဆုပြည့်ဖြိုး**
**မွန်ပြည်နယ်ကိုယ်စားပြု**
**လူငယ်ကိုယ်စားလှယ်**

လူငယ်ငြိမ်းချမ်းရေးဖိုရမ်ကနေ ငြိမ်းချမ်းရေးအခန်းကဏ္ဍတွေမှာ အတွေ့အကြုံတွေ များစွာရှိကြတဲ့ ပညာရှင်တွေ၊ လူကြီးတွေဆီကနေ ငြိမ်းချမ်းရေးဆိုင်ရာ အသိပညာဗဟုသုတတွေ၊ အတွေ့အကြုံတွေ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် သမိုင်းကြောင်းတွေရဲ့ သင်ခန်းစာတွေ၊ တစ်ဦးနဲ့တစ်ဦး ယုံကြည်မှုတည်ဆောက်နိုင်ဖို့ ခက်ခဲနေတဲ့ အပိုင်းတွေ၊ ပဋိပက္ခတွေရဲ့ဆိုးကျိုးတွေကို လူငယ်တွေ သိမြင်ခံစားရတယ်။ ဒီကနေ့ သိမြင်ခံစားရတာတွေကို ဒီမှာတင် ရပ်မနေဘဲ လူငယ်တွေရဲ့အားနဲ့ ဖြေရှင်းနိုင်မယ့်နည်းလမ်းတွေကို ရှာသွားကြရမယ်လို့ ထင်ပါတယ်။

ဒီဖိုရမ်မှာ ခိုင်မာသောစီးပွားရေးအခြေခံအုတ်မြစ်၊ AI စနစ်ထူထောင်ရေးနဲ့ ထိရောက်သော သတင်းမှန်ပြန်ကြားရေးလုပ်ငန်းတွေမှာ လူငယ်တွေရဲ့ ပါဝင်နိုင်မှုတွေကို ထပ်ဆောင်းလေ့လာခဲ့ရပါတယ်။ လူငယ်တွေအနေနဲ့ လူမျိုးပေါင်းစုံ အတူယှဉ်တွဲနေထိုင်ရေးကို အားပေးတဲ့ ယဉ်ကျေးမှုဖလှယ်ရေးနဲ့ အားကစားအစီအစဉ်တွေ၊ စီးပွားရေးနဲ့ အလုပ်အကိုင်အခွင့်လမ်းတွေ ရရှိနိုင်မယ့် Project လုပ်ငန်းတွေ၊ ကျန်းမာရေး၊ စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးပေးမှုတွေ၊ ပညာရေး၊ လူမှုရေးနဲ့ စွန့်ဦးတီထွင်မှုဆိုင်ရာ အတွေးအခေါ်တွေကို ကဏ္ဍအစုံကနေ ဆွေးနွေးသွားကြတာကိုလည်း တွေ့မြင်ခဲ့ရပါတယ်။

ဖိုရမ် တက်ရောက်ကြတဲ့ လူငယ်တွေအနေနဲ့ ကိုယ့်ဒေသကိုယ် ပြန်လည်ရောက်ရှိတဲ့အခါ လေ့လာခဲ့ရတဲ့ ငြိမ်းချမ်းရေး၊ စီးပွားရေးနဲ့ နည်းပညာတွေကို ဒေသခံလူငယ်တွေဆီ ထပ်ဆင့်ရောက်ရှိအောင် ပြန်လည်မျှဝေသွားကြပါလို့ တိုက်တွန်းအကြံပြုချင်ပါတယ်။

**မောင်ဥက္ကာမင်း**
**ဝန်ကြီးဌာန ကိုယ်စားပြု**
**လူငယ်ကိုယ်စားလှယ်**

သုံးရက်တာကျင်းပတဲ့ လူငယ်ငြိမ်းချမ်းရေးဖိုရမ်မှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက လူငယ်လူရွယ်တွေ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူတွေ၊ ကဏ္ဍအစုံကနေ ပါဝင်တက်ရောက်ကြတာကိုလည်း တွေ့မြင်ရပါတယ်။ ဒီဖိုရမ်က လူငယ်တွေရဲ့ ထင်မြင်ယူဆချက်တွေ၊ သဘောထားအမြင်တွေကို အလေးနက်ထားပြီး ရယူနေတာဖြစ်တယ်လို့ ထင်မြင်မိပါတယ်။

ဒီဖိုရမ်ကနေ လူငယ်တွေအတွက် အနာဂတ်မှာ နိုင်ငံတည်ဆောက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအခန်းကဏ္ဍတွေမှာ ပါဝင်ဆောင်ရွက်နိုင်ဖို့ စတင်လမ်းဖွင့်ပေးတာဖြစ်တယ်လို့ ထင်မြင်မိပါတယ်။ လူငယ်နဲ့ငြိမ်းချမ်းရေးဖိုရမ်မှတစ်ဆင့် ပန်းတိုင်ပွင့်ပါစေ ပွင့်သောပန်းတိုင်းလန်းပါစေ၊ လန်းသောပန်းတိုင်း မွှေးပါစေလို့ ဆုတောင်းပေးပါတယ်။

**မထက်ထက်ဝင်း**
**မကွေးတိုင်းဒေသကြီးကိုယ်စားပြု**
**လူငယ်ကိုယ်စားလှယ်**

လူငယ်တွေရဲ့ စွမ်းအားတွေက ဘယ်လောက်အထိ ကြီးမားလဲ၊ ဘယ်လောက်အထိ လုပ်ဆောင်နိုင်တယ်ဆိုတာကိုလူငယ်ငြိမ်းချမ်းရေးဖိုရမ်မှာ ဆွေးနွေးသွားကြတဲ့ လူငယ်တွေရဲ့ ဆွေးနွေးမှုတွေကို ကြည့်ခြင်းအားဖြင့် တွေ့မြင်ရပါတယ်။ ဒီငြိမ်းချမ်းရေးဖိုရမ်က အနာဂတ်နိုင်ငံတည်ဆောက်ရေးအတွက် လူငယ်တွေအားနဲ့စတင်မယ့် ပါဝင်မှုအစလို့ ထင်မြင်မိပါတယ်။ ဒီဖိုရမ်ကြီးပြီးသွားလို့ ကိုယ့်ကျေးရွာ၊ ကိုယ့်ဒေသ ပြန်လည်ရောက်ရှိတဲ့အခါ ဖိုရမ်က ရရှိတဲ့ အသိပညာ ဗဟုသုတတွေကို ပြန်လည်မျှဝေသွားမှာဖြစ်ပါတယ်။ အခုလိုပွဲတွေ များများပြုလုပ်ပေးဖို့ တောင်းဆိုချင်ပါတယ်။



မဆုဆုပြည့်ဖြိုး



မောင်ဥက္ကာမင်း



မထက်ထက်ဝင်း

## ငြိမ်းချမ်းစိမ်းလန်း သာပါစေ

✧ ဇန်နဝါရီ နံနက်ခင်း
နှင်းမှုန်တို့ လွှမ်းရစ်ခြုံ။
တို့ကယား ပြည်နယ်နေ့
ချမ်းမြေ့တူဆုံ။
ပြပွဲပြိုင်ပွဲတွေနဲ့
ပျော်ပွဲရွှင်ပွဲ မိတ်သဟာစုံ
စိတ်အာရုံမှာ မှတ်ထင်စွဲ။
တစ်မိုးတစ်မြေက
အမျိုးတွေ မြင်ယောင်တမ်း
လွမ်းလျက်ပါပဲ။

✧ "တောင်ကွဲ" စေတီဦးက
ကြည်နူးဖွယ် ဆည်းလည်းချို။
ဘီလူးချောင်း ရေကြည်တစ်ပေါက်
သောက်ချင်စိတ်ပို။
ပီတိအစဉ်ဖြာလို့
"သီရိမင်္ဂလာ" စျေးသစ်ကို
ရောက်လိုဘီ ခါတစ်လှည့်။
ကယားဝက်အူချောင်းနဲ့
ဆေးပေါင်းခတဲ့ ဆေးခါးဟင်း
လျှာရင်းမြက်ခဲ့။

✧ တစ်ချိန်တစ်ခါဆီက
သာယာစည် အလှတိုးလို့
ဖွံ့ဖြိုးခဲ့ တို့ရဲ့မြေ။
လက်နက်ကိုင် အကြမ်းဖက်တွေကြောင့်
ရှာပျက် မြို့ကြေ။
အသိချို့စွာနဲ့
မိမိမြို့ရွာ ပြန်ကာဖျက်
မိုက်တွင်းနက် ရန်စွယ်တွေ
အမှန်တကယ်မသေ့ ရှင်းဖယ်ရှား
အဟောင်းကို စွန့်ရစ်လို့
အသစ်တွေ ပိုလို့ကောင်းအောင်
ပေါင်းစည်းညီ လှမ်းချီလျှောက်
ဆောက်တည်စို့လား။

✧ ပြည်ထောင်စုထဲက
ညီနောင်ထု ကယားမြေ။
ရိုးဂုဏ်တွင် ကြိုးဂုဏ်ဆင့်
မြှင့်ကြပါလေ။
ဖားစည်တေး ခြိမ့်ညံလွှမ်းလို့
ငြိမ်းချမ်းစိမ်းလန်း သာပါစေ
လာလာလေ အတူလက်ကမ်း။
အပျက်ကို အသွင်ပြောင်းလို့
အကောင်းအသစ်ရည် အားမာန်ခဲ
ဖွဲ့နဲ့တက်လှမ်း။ ။

(၇၄ - နှစ်မြောက် ကယားပြည်နယ်နေ့သို့ ဂုဏ်ပြုအမှတ်တရ)

ဇော်မင်းမင်းဦး

လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ ဂုဏ်ပြုဆောင်းပါး

# လူ့အဖိုးတန်

ချစ်နိုင်(စိတ်ပညာ)

**"Even the darkest night will end and the sun will rise."**

**VICTOR HUGO(1802–1885)**

**မှောင်လွန်းလှသော အမှောင်ဆုံးညသည် တည်တည်ငြိမ်ငြိမ် မပြောင်းလဲဘဲ ပုံမှန်ပြီးဆုံး နိဂုံးချုပ်အဆုံးသတ်သွားလိမ့်မည်ဖြစ်သည့်အပြင် နေမင်းကြီးသည်လည်း ထွန်းလင်းထွက်ပေါ်လာလိမ့်မည်ပင်ဖြစ်ပါသည်။**

ဗစ်တာဟူးဂိုး(၁၈၀၂–၁၈၈၅)

(ပြင်သစ်ကဗျာဆရာ၊ စာရေးဆရာ)

ညတစ်ည၏ ညဉ့်ဦးယံ၊ သူငယ်တိတ်ဆိတ်ချိန်၌ ရွာမြောက်ဘက်မှ လူစိမ်းသူစိမ်းအုပ်စုတစ်စု ဝင်လာသဖြင့် အမှောင်ထဲတွင် ရွာရှိခွေးများက ဆူညံစွာဟောင်ကြလေသည်။ တိတ်ဆိတ်သောညတွင် သေနတ်သံတစ်ချက်က ကျယ်လောင်မြည်ဟိန်းလျက် ထွက်ပေါ်လာသည်။ ခွေးပေါင်းများစွာ ဆူညံနေသော ခွေးဟောင်သံသည် အသံနည်းသွားသည်။ လူရော၊ ခွေးရော သေနတ်သံနှင့် ယမ်းငွေ့ကိုတော့ အသက်ဘေးမို့ သက်ရှိဗီဇသဘောအရ ကြောက်ရွံ့ထိတ်လန့်တတ်ကြသည်။

၁၉၅၀ –၅၂ ကာလအတွင်း ပြည်တွင်းရောင်စုံသူပုန်သောင်းကျန်းသူများ နေရာအနှံ့ တစ်ဗိုလ်တစ်မင်း ထကြွစဉ်မှာ ရဲဘော်ဖြူဟုဆိုသူ လက်နက်ကိုင်အဖွဲ့က စာရေးသူ၏ဖခင်ကို အိမ်ထဲအထိ ဝင်လျက် လက်ပြန်ကြိုးတုပ်ပြီး ဖမ်းဆီးခေါ်ဆောင်သွားပါသည်။ မိမိက အသက်သုံးနှစ်သားသာရှိပါသေးသည်။ အမေအလွန်ကြောက်လန့်နေပုံကို မြင်ရသည်။ အသံမထွက်ရဲအောင် မျက်နှာပျက် သွေးလန့်နေခြင်းကို တအံ့တဩမြင်ရသည်။ အမေက သူကြီးနှမဖြစ်၍ သူပုန်ကဖမ်းခေါ်ခြင်းလည်း ဖြစ်နိုင်သည်။ ရပ်ရွာမှာ လူကြီးနေရာပါဝင်သော ကျောင်းဆရာမို့ ရန်ရှာခြင်းလည်း ဖြစ်နိုင်သည်။ ထိုအချိန်က ရဲဘော်ဖြူဟုခေါ်သူ လက်နက်ကိုင်များမှာ ဗကပသူပုန်အဖွဲ့ဟု နောင်မှ သိခဲ့ရသည်။

ကံကောင်းထောက်မစွာ တစ်ပတ်လောက်ကြာပြီးနောက် ပုပ္ပားဘက်ရှိ ရွာတစ်ရွာသို့ ပြန်ပို့ပေးပြီး ဒုက္ခမရှာဘဲ လွှတ်ခဲ့လိုက်ပါသည်။ ထိုစဉ်က မြင်းခြံဘက်မှာအခြေပြုသည့် ဗကပခရိုင်ကော်မတီထဲမှာ အမေ့ဘက်ကဆွေမျိုး နိုင်ငံရေးထက်သန်သူတစ်ဦး ပါဝင်နေခဲ့ပါသည်။ သူက တာဝန်ယူ၍ ကယ်တင်ခဲ့ခြင်းဖြစ်ကြောင်း နောက်ပိုင်း ၁၅ နှစ်၊ နှစ် ၂၀ ကြာမှ ပြန်သိရပါ၏။

၁၉၆၀ ပြည့်နှစ် မတိုင်မီကလည်း ရွာမှာ ချမ်းသာသောတောင်သူတစ်ယောက်၏ တစ်ဦးတည်းသောသား လူငယ်ကို လက်နက်ကိုင်အချို့က ရွာထဲ ညအချိန် ဝင်ဖမ်းခေါ်သွားပြီး ငွေပေး၍ ပြန်မရွေးလျှင် သတ်မည်ခြိမ်းခြောက်သဖြင့် သူတို့ ချိန်းဆိုသောနေရာသို့ ငွေသွားပို့ခဲ့ရဖူးသည်။

ဤဖြစ်ရပ်က နိုင်ငံရေးလက်နက်ကိုင်မဟုတ်ဘဲ တောမီးလောင် တောကြောင်လက်ခမောင်းခတ် ဆိုသကဲ့သို့ လက်ထဲမှာ လက်နက်ရှိသူ ဓားပြသူခိုး အုပ်စုက အနိုင်ကျင့် ပြန်ပေးဆွဲခြင်းသာဖြစ်ကြောင်း သိရသည်။ ထိုအချိန်နောက်ပိုင်း၌ ရွာစည်းရိုးကို ဆူးခက်တွေထူထူချ၍ ကာရံကြရသည်။ ရွာလမ်းဝင်ပေါက်၊ ထွက်ပေါက်များကို တံခါးသေချာစွာလုပ်၍ ညစဉ် လူငယ်များ အလှည့်ကျကင်းစောင့်ကြရသည်။ ဝါးချွန်၊ နှစ်ဖက်ချွန်၊ လောက်လေးခွ၊ ရွှံ့လောက်စာလုံးသာ ခံစစ်လက်နက်ရှိပါ၏။ ရွာသူရွာသားများ စည်းလုံးညီညာသဖြင့် ဘာရန်သူမှ မကပ်ရဲခဲ့သည်မှာ နှစ်ပေါင်း ၆၀–၇၀ ရှိပါပြီ။

နေ့ရှိသလို ညရှိတတ်ပါသေးတကား။

၂၀၂၅ ခုနှစ် ဩဂုတ်လလောက်တွင်ကား သူပုန်လူငယ် ၁၀ ယောက်၊ ၁၂ ယောက်သည် သေနတ်အရှည်ကိုယ်စီ၊ ဆိုင်ကယ် ခုနစ်စီး၊ ရှစ်စီးနှင့် နေ့ခင်းကြောင်တောင် ရွာထဲဝင်လာပြီး လူနှစ်ယောက်ကို ခေါ်သွားလေ၏။ ဆည်မြောင်းအင်ဂျင်နီယာ (စစ်တွေမှာ တာဝန်ကျနေရာမှ မကွေးမြို့သို့ ပြောင်းရွှေ့ရောက်ရှိစ) ဇနီးရှိရာ ကြီးနီရွာသို့ ခေတ္တခွင့်နှင့် ရောက်ရှိလာခြင်း အခိုက်အတန့်ဖြစ်၏။ ပီဒီအက်ဖ် ဖိုးလှကြီး၊ မြို့တွင်းပြောက်ကျားအဖွဲ့ ဆိုလား ဘာလားမသိပါ။ ထိုအင်ဂျင်နီယာဝန်ထမ်းလူငယ်နှင့် သူ့ဇနီးကို ရွာပြင်ထုတ်ကာ သေနတ်လေး၊ ငါးလက်ဖြင့် မျက်နှာ၊ ရင်ဘတ်စသည် အချက်ပေါင်းများစွာ ရက်ရက်စက်စက် လက်ပြန်ကြိုးတုပ်လျက် အနီးကပ်ပစ်ခတ်သတ်ဖြတ်သွားခဲ့ပါသည်။ ရွာထဲက တိုက်ပွဲဖြစ်နေသည့်အလား သေနတ်သံများ ထိတ်လန့်စွာကြားရသည်။ လက်နက်အားကိုးဖြင့် သာမန်ပြည်သူ့ဝန်ထမ်းဇနီးမောင်နှံကို ဖမ်းဆီးသတ်ဖြတ်သဖြင့် လူမမည်သမီးနှစ်ယောက် ကျန်ရစ်ခဲ့ရှာသည်။ ကံကောင်းထောက်မစွာ အဝေးတစ်နေရာ ကျောင်းပို့ထားခဲ့သည်မို့ တော်သေးသည်။

စာရေးသူ၏ ဇာတိကျေးရွာလေးအတွက်ကား အိပ်မက်ဆိုးများကို ဖြတ်သန်းရတော့သည်။ ဘာမှ အပြစ်မရှိသော သာမန်ပြည်သူနှစ်ယောက်ကို သွေးအိုင်ထဲလဲနေအောင် (မျက်နှာတောင် လူရုပ်မပေါ်တော့လောက်အောင် ကြေမွနေသည်အထိ) ကြမ်းတမ်းရက်စက်စွာ သတ်ဖြတ်ရက်ကြသည်။

လက်နက်ကိုင်သူပုန်ဓားပြ၊ ဥပဒေအပြင်ဘက်

> **ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ၊ တော်သူများဖြစ်စေ၊ ညံ့သူများဖြစ်စေ လူကြီးများသည် အိုမင်းရင့်ရော်သွားကြမည်သည်သာဖြစ်၏။ အားကိုးရလောက်သူများဖြစ်စေ၊ ကပေါက်ချိ ကပေါက်ချာများပင်ဖြစ်စေ လူငယ်လူရွယ်များသည် အနာဂတ်တိုင်းပြည်အတွက် ဆက်လက်ပခုံးပြောင်း တာဝန်ထမ်းဆောင်ကြရမည့် လူသားမျိုးဆက်သစ်များမဟုတ်ပါလား။ တိုင်းပြည်ကို ကောင်းစေလိုလျှင် လူငယ်လူရွယ်များ၏ အမူအကျင့်နှင့် အရည်အသွေးကို အခြားအရာများထက် ပိုမိုဦးစားပေး၍ ဆောင်ရွက်ရပေမည်**

မှ အသက် ၂၀ ကျော် လူငယ်လူရွယ်များ တရားလက်လွတ် ရိုင်းစိုင်းအကြမ်းဖက်နေကြပုံကား ယုံနိုင်စရာပင်မရှိတော့ချေ။ သို့တစေ မှောင်လွန်းသောညများကိုကား မိမိဆွေမျိုးသားချင်းများ ဖြတ်သန်းနေရသည်မှာ ပကတိအခြေအနေမှန်ပင်။ တရားဥပဒေ ပြန်လည်စိုးမိုးလာမည့်အချိန်ကိုတော့ မလွဲမသွေ ပြန်လည်ရောက်ရှိလာပါလိမ့်ဦးမည်။

အသိဉာဏ်နည်းပါးသော တောသူတောင်သား ပညာမဲ့လူငယ်များရှိခဲ့သကဲ့သို့ နိုင်ငံနှင့် လူမျိုး၏ ကောင်းကျိုးအတွက် ကျရာတာဝန်၊ ရောက်ရာနေရာတွင် ဦးလည်မသုန်ထမ်းဆောင်ကြမည့် မျိုးဆက်သစ် လူငယ်လူရွယ် လူကောင်းလူတော်များလည်း တိုးပွားများပြားလာအောင် ပြည်သူများကိုယ်တိုင်ကလည်း အလေးထားကာ အားပေးပျိုးထောင်ကြစေလိုပေသည်။

နိုင်ငံတစ်နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး အဆင့်အတန်းမြင့်ခြင်း၊ နိမ့်ကျခြင်းမှာ သဘာဝရေမြေတောတောင်အခြေအနေလည်း အဓိကမကျ။ အကျယ်အဝန်း၊ လူဦးရေလည်း ပဓာနမဟုတ်။ ပတ်ဝန်းကျင်နိုင်ငံများ၏ အခြေအနေကလည်း အရေးမကြီးလှ။

တိုင်းပြည်၏ တိုးတက်ဖွံ့ဖြိုးခြင်း၊ ဆုတ်ယုတ်ပျက်စီးခြင်း၏ အခြေခံအကြောင်းရင်းသည်ကား ခေါင်းဆောင်များနှင့် ပြည်သူလူထု၏ အသိဉာဏ်၊ အမြော်အမြင်ပညာနှင့် ခေတ်မီသော အတတ်ပညာ၊ နည်းပညာပိုင်ဆိုင်ခြင်းသာ ဖြစ်နေပါသည်။ တိုတို ပြောမည်ဆိုလျှင် လူသာပဓာနဟူသော အရင်းအမြစ်စစ်စစ်ကို နားလည်သဘောပေါက်ကြရပါမည်။

ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ၊ တော်သူများဖြစ်စေ၊ ညံ့သူများဖြစ်စေ လူကြီးများသည် အိုမင်းရင့်ရော်သွားကြမည်သည်သာ ဖြစ်၏။ အားကိုးရလောက်သူများဖြစ်စေ၊ ကပေါက်ချိ ကပေါက်ချာများပင်ဖြစ်စေ လူငယ်လူရွယ်များသည် အနာဂတ်တိုင်းပြည်အတွက် ဆက်လက်ပခုံးပြောင်း တာဝန်ထမ်းဆောင်ကြရမည့် လူသားမျိုးဆက်သစ်များ မဟုတ်ပါလား။

တိုင်းပြည်ကို ကောင်းစေလိုလျှင် လူငယ်လူရွယ်များ၏ အမူအကျင့်နှင့် အရည်အသွေးကို အခြားအရာများထက် ပိုမိုဦးစားပေး၍ ဆောင်ရွက်ရပေမည်။ အထူးသဖြင့် ခံယူချက်၊ ခိုင်မာသောထင်မြင်ယူဆချက် (ဥပမာ– ဒို့တာဝန်အရေးသုံးပါး)ကို သူတို့၏ သဘောထားအမြင်ထဲ၌ သံမှိုနှက်၍ စွဲနေသကဲ့သို့ ခိုင်မာစေရမည်ဖြစ်ပါသည်။ စာရွက်ပေါ်မှာ ရေးပြရုံနှင့် မရနိုင်ပါ။ သတင်းစာမျက်နှာဖုံးတွင် ဖော်ပြရုံမျှနှင့် မလုံလောက်ပါ။

လူငယ်များက ယုံကြည်လေးစားသူများကလည်းကောင်း၊ လူရွယ်များနှင့် ရင်းနှီးချစ်ခင်ကြသူများကလည်းကောင်း (အထူးသဖြင့် စာပေ၊ သဘင်၊ ဂီတ၊ ပန်းချီ၊ ပန်းပု၊ ရုပ်ရှင်) စသော လွှမ်းမိုးနိုင်စွမ်း အလွန်ကြီးမားသည့် အနုပညာရှင်များကိုယ်တိုင်ကပင် နှစ်နှစ်ကာကာ ယုံယုံကြည်ကြည်၊ အမြော်အမြင်ရှိရှိ ဦးဆောင်လှုံ့ဆော်နိုင်ကြရပါမည်။

နမူနာဖော်ပြရလျှင် အလေးနက်ဆုံး သိမြင်စေရမည့် နိယာမကပင်လျှင် ဝေးဝေးလံလံမဟုတ်ချေ။ ခေါင်းရင်းခန်းစာအုပ်စင်ပေါ်တွင်ရှိသော ဘာသာရေးကျမ်းစာတိုင်းမှာ ဤဓမ္မပဒစာပိုဒ်ကို တွေ့နိုင်ပါ၏။ မြတ်စွာဘုရားက သားတော်ရာဟုလာ ခုနစ်နှစ်သားလေးကို ပြန်လည်တွေ့ဆုံစဉ် သာမဏေပြုပေးစဉ်က ဆုံးမခဲ့သော ဩဝါဒစကားပေတည်း။

သဗ္ဗပါပဿ အကရဏံ၊
ကုသလဿုပ သမ္ပဒါ၊
သစိတ္တ ပရိယောဒါပနံ။
ဧတံ ဗုဒ္ဓါန သာသနံ ။ ။

ဤအဆုံးအမကို သီတဂူဆရာတော် အရှင်ဉာဏိဿရက ဤသို့ လင်္ကာစီ၍ မြန်မာပြန်ပေးခဲ့ဖူးသည်–

မကောင်းမှုများ ရှောင်ရှားပယ်ခွာ၊
ကောင်းမှုအပေါင်း စုဆောင်းကြပါ။
မိမိစိတ်ရင်း သန့်ရှင်းစေရာ၊
ဤသုံးပါး ဘုရားသာသနာ။

ဤသည်ကား တရားအနှစ်ချုပ်၊ လူပီသသူတိုင်း၏ အလေ့အကျင့်အလုပ်။

ချမ်းမြေ့ဆရာတော် အရှင်ဇနကာဘိဝံသက တိုတိုရှင်းရှင်း ကာရန်နဘေနှင့် ကျက်မှတ်စေခဲ့သည်–

မကောင်းမှုရှောင်၊ ကောင်းမှုဆောင်
ဖြူအောင်စိတ်ကိုထား၊
ပြောပြုရှေ့တွင်၊ သတိယှဉ်
ဆင်ခြင် ဉာဏ်ရှေ့သွား။

လူ့အဖွဲ့အစည်းသည် ဘာကြောင့်ပျက်ပြား ဆုတ်ယုတ်ပျက်စီးကြရသနည်း။ လူတွေကျင့်ဝတ်၊ စည်းကမ်းပျက်သဖြင့် ပျက်စီးရခြင်းပေတည်း။ သီလ၊ ကိုယ်ကျင့်စာရိတ္တအလေ့အကျင့်ဟုလည်း ဆိုနိုင်လေသည်။

စင်စစ်မူ စည်းကမ်းသည်ပင် လူ၏တန်ဖိုးမဟုတ်လော။ စည်းကမ်း၊ ကျင့်ဝတ်၊ သီလသည် လူ၏တန်ဖိုး ပြကိန်းပင်။ ရဟန်းမှာ ဝိနည်း၊ ရွာမှာ စည်းရိုး၊ ရွာမှာ စည်းကမ်းပါတည်း။ ဆရာကြီး မင်းသုဝဏ်က တက္ကသိုလ်လူရည်ချွန်များကို သံတွဲ ခေါင်းတိုင်စခန်းမှာ ကဗျာရေးချင် စာစပ်သင် စာပေပို့ချဆွေးနွေးစဉ်က ကာရန်နှင့်အဓိပ္ပာယ်ကို နမူနာ ဤသို့ ဆိုပြ၏။ လိုက်ဆိုကြည့်ကြစေ၏။ ဒွေးချိုးလင်္ကာ။

**စည်း** တွင်းမှာနေ၊ ကင်းကွေလိမ့်ရန်ဘေး၊
**ကမ်း** ကိုကျော်၊ ချော်ကာကျ၊ များလှရန်ဘေး။

စာနစ်ကြောင်း၏ ထိပ်စည်းစာလုံး "စည်းကမ်း" ကို အသည်းနှလုံးထဲသို့ ထည့်ပေးလိုက်ခြင်းအားဖြင့် လူငယ်ထူးချွန်သူ၊ လူရည်ချွန်လေးများအား လူကောင်းလေးများဖြစ်လာအောင် ဆရာကြီး၏ လက်ဆောင်။

သီလခေါ်ခေါ်၊ ကိုယ်ကျင့်တရား စာရိတ္တ၊ အကျင့်၊ စည်းကမ်း ဘာပဲခေါ်ခေါ်၊ ကိုယ်ကျင့်သီလ ပြည့်စုံပါက အကျိုးတရား ဤငါးပါးရရှိပေသည်–

စည်းစိမ်ရလျှင်း၊ သတင်းကောင်းနှံ့
မရွံ့ပရိသတ်၊ သေခါမတွေဝေ
နတ်ရွာလားရပေ။

အကျင့်စာရိတ္တညံ့ဖျင်းသူ၊ သီလမရှိသူတို့ကား အောက်ပါအပြစ်ငါးပါးနှင့် ကြုံတွေ့ကြရမည်–

၁။ စည်းစိမ်ပျက်လျှင်း၊ ၂။ သတင်းဆိုးနှံ့
၃။ ကြောက်ရွံ့ပရိသာ၊ ၄။ သေခါတွေဝေ
၅။ သေငရဲလား ပြစ်ငါးပါး။

ယနေ့လူငယ်ဟူသမျှသည် နောင်ဝယ်လူကြီးပေတည်း။ အသက်သာကြီးလာပြီး လူကြီးအမူအကျင့် မရှိခဲ့လျှင် တန်ဖိုးမဲ့သော လူညံ့လူပေ၊ လူနုံလူတေလေတွေသာဖြစ်လာပြီး လူအိုလူဖျင်းများသာ ဖြစ်လာကြလိမ့်မည်။

ဆရာအောင်သင်းကတော့ မျိုးဆက်သစ်တို့ တိုးတက်ရစ်ဖို့ စာအုပ်တွေ၊ ဆောင်းပါးတွေ ရေးသားခဲ့၏။ အနယ်နယ်အရပ်ရပ်သို့ အသက်အရွယ် ၈၀ ကျော်အထိ ပင်ပန်းဆင်းရဲခံကာ လှည့်လည်ဟောပြောခဲ့ပါ၏။ လူငယ်လူပြိန်းအချို့ကား သူတော်ကောင်းဥစ္စာ (၇) ဖြာဟူသော အချက်မျိုးကိုပင် ကြားဖူးသိဖူးပုံမရချေ။ မိုက်ကန်းကြမ်းတမ်းစွာ လုပ်ဆောင်နေကြ၏။

ဘာသာတရားအဆုံးအမကြောင့် မိမိတို့ ငယ်စဉ်က အလယ်တန်းကျောင်းသားဘဝမှာပင် လူ့အဖိုးတန်ဖြစ်လာစေရန်အတွက် ဆရာသမား၊ မိဘ၊ ဆရာတော်သံဃာတော်များက သူတော်ကောင်းဥစ္စာ (၇) ဖြာကို စွဲစွဲမြဲမြဲ မှတ်သားနာဝင်အောင် အမွေပေးခဲ့ကြသည်။

၁။ သီလ – ကိုယ်ကျင့်စာရိတ္တကောင်းရမည်။
၂။ ပညာ – ဆင်ခြင်တုံတရား ခွဲခြားဝေဖန်နိုင်ရမည်။
၃။ သုတ – အကြားအမြင် ဗဟုသုတလေ့လာနေရမည်။
၄။ စာဂ – အကျင့်ကောင်း စွန့်လွှတ်စွန့်လှူနိုင်ရမည်။
၅။ သဒ္ဓါ – ယုံကြည်မှုရှိရခြင်း။
၆။ ဟီရိ – မကောင်းမှုပြုရမှာရှက်တတ်ရမည်။
၇။ ဩတ္တပ္ပ – မကောင်းမှုကျူးလွန်ရန်ကြောက်ရမည်။

သီလပညာသုတစာဂ – သဒ္ဓါ ဟီရိဩတ္တပ္ပ ဟု ကျက်မှတ်ခဲ့ရ၏။ ဘဝအတွက် ခိုင်မာသော လက်ကိုင်စွမ်းအားပေတည်း။ ။

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | ခိုင်လုံမဲ စုစုပေါင်း | ခိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | ကချင်ပြည်နယ် | | | | | | |
| ၁ | မချမ်းဘောမြို့နယ် | | | ၃၄၆၂ | ၄၃၀ | ၃၈၉၂ | |
| | | ဦးငွါးရဲ့ဆဲ | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၁၆၀၈ | ၅၇ | ၁၆၆၅ | ၄၂.၇၈% |
| | | ဦးနန်မွန်ထင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၁၄၇ | ၃၀၅ | ၁၄၅၂ | ၃၇.၃၁% |
| | | ဦးလဘန်းဖုန်ဆားရ် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၇၀၇ | ၆၈ | ၇၇၅ | ၁၉.၉၁% |
| ၂ | မိုးကောင်းမြို့နယ် | | | ၃၈၆၃၅ | ၅၁၄၁ | ၄၃၇၇၆ | |
| | | ဦးထွန်းထွန်းအောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၆၂၈၇ | ၃၇၀၂ | ၁၉၉၈၉ | ၄၅.၆၆% |
| | | ဦးစံပြည့် | တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၀၄၇၆ | ၇၄၃ | ၁၁၂၁၉ | ၂၅.၆၃% |
| | | ဦးဆင်ဝါးလ | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၈၁၀၈ | ၄၀၇ | ၈၅၁၅ | ၁၉.၄၅% |
| | | ဦးအောင်နိုင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၇၆၄ | ၂၈၉ | ၄၀၅၃ | ၉.၂၆% |
| ၃ | ဝိုင်းမော်မြို့နယ် | | | ၁၉၃၁၅ | ၁၉၄၅ | ၂၁၂၆၀ | |
| | | ဦးကျော်ကျော်အောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၂၅၂ | ၇၉၃ | ၆၀၄၅ | ၂၈.၄၄% |
| | | ဒေါက်တာဒေါ်ယိန်းထန် | ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီ | ၃၈၄၈ | ၃၅၇ | ၄၂၀၅ | ၁၉.၇၈% |
| | | ဦးသောင်းဝိဇော်ပေါ် | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၂၁၆ | ၃၅၆ | ၃၅၇၂ | ၁၆.၈၀% |
| | | ဦးယိန်းခေါ | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၁၇၃၃ | ၁၁၃ | ၁၈၄၆ | ၈.၆၈% |
| | | ဦးထွန်းငြိမ်း | တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၇၃၂ | ၇၆ | ၁၈၀၈ | ၈.၅၀% |
| | | ဦးညွှန့်အောင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၃၆၉ | ၁၄၀ | ၁၅၀၉ | ၇.၁၀% |
| | | ဦးစိုင်းဝင်းထင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၀၈၇ | ၆၅ | ၁၁၅၂ | ၅.၄၂% |
| | | ဦးကြည်ငွေး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၇၂၂ | ၃၁ | ၇၅၃ | ၃.၅၄% |
| | | ဦးနေလင်းထွန်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၅၆ | ၁၄ | ၃၇၀ | ၁.၇၄% |
| | ကယားပြည်နယ် | | | | | | |
| ၄ | ဒီးမော့ဆိုမြို့နယ် | | | ၉၂၅ | ၁၁၀၉ | ၂၀၃၄ | |
| | | ဒေါ်မော်မော်ခိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၄၂ | ၇၈၁ | ၁၄၂၃ | ၆၉.၉၆% |
| | | ဒေါ်ဒါလီဆွေ | ကယားပြည်နယ်ပြည်သူ့ပါတီ | ၁၆၆ | ၁၈၉ | ၃၅၅ | ၁၇.၄၅% |
| | | ဒေါ်စန်းစန်းမြ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၁၇ | ၁၃၉ | ၂၅၆ | ၁၂.၅၉% |
| ၅ | ဖရူဆိုမြို့နယ် | | | ၂၉၅ | ၇၅၆ | ၁၀၅၁ | |
| | | ဦးဆားရယ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၄၇ | ၇၂၄ | ၉၇၁ | ၉၂.၃၉% |
| | | ဒေါ်နန်းဝေဝေထွန်း | ကယားပြည်နယ်ပြည်သူ့ပါတီ | ၃၈ | ၂၇ | ၆၅ | ၆.၁၈% |
| | | ဦးဝေလင်းယု | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၀ | ၅ | ၁၅ | ၁.၄၃% |
| | ကရင်ပြည်နယ် | | | | | | |
| ၆ | ဖာပွန်မြို့နယ် | | | ၄၅၄၈ | ၁၈၁၃ | ၆၃၆၁ | |
| | | ဦးစောဝင်းထိန် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၁၁၉ | ၁၆၇၇ | ၄၇၉၆ | ၇၅.၄၀% |
| | | နန်းကြည်ဖြူသန်း | ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ | ၇၅၉ | ၈၀ | ၈၃၉ | ၁၃.၁၉% |
| | | ဦးသိန်းဇော်ထွေး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၄၁၅ | ၂၇ | ၄၄၂ | ၆.၉၅% |
| | | ဦးဝင်းသန်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၅၅ | ၂၉ | ၂၈၄ | ၄.၄၆% |
| ၇ | လှိုင်းဘွဲ့မြို့နယ် | | | ၄၂၃၀၆ | ၄၂၃၃ | ၄၆၅၃၉ | |
| | | ဒေါ်သီတာစန်း | ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ | ၁၈၄၉၄ | ၁၀၁၂ | ၁၉၅၀၆ | ၄၁.၉၁% |
| | | ဦးစတင်အောင်မြင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၁၆၈၄ | ၂၂၅၃ | ၁၃၉၃၇ | ၂၉.၉၅% |
| | | စောသက်နိုင်(ခ) စောမူလှားဝေါ် | ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ | ၇၇၂၃ | ၇၇၆ | ၈၄၉၉ | ၁၈.၂၆% |
| | | နော်အေးအေးသီ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၃၆၂ | ၁၀၀ | ၂၄၆၂ | ၅.၂၉% |
| | | ဦးသောင်းဇော်ဦး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၀၄၃ | ၉၂ | ၂၁၃၅ | ၄.၅၉% |
| | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | |
| ၈ | ကလေးဝမြို့နယ် | | | ၃၈၃၀ | ၆၀၅ | ၄၄၃၅ | |
| | | ဦးတင်ထွန်းလွင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၃၁၅ | ၄၆၉ | ၂၇၈၄ | ၆၂.၇၇% |
| | | ဦးဝင်းမြင့် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၅၁၅ | ၁၃၆ | ၁၆၅၁ | ၃၇.၂၃% |
| ၉ | ကျွန်းလှမြို့နယ် | | | ၁၂၇၄၈ | ၁၁၉၆ | ၁၃၉၄၄ | |
| | | ဦးစိုးကျော်နိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၈၅၃၆ | ၁၀၁၅ | ၉၅၅၁ | ၆၈.၅၀% |
| | | ဦးတင်ညွှန့် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၃၂၆ | ၁၀၅ | ၂၄၃၁ | ၁၇.၄၃% |
| | | ဦးစိုးတင့် | ပြည်သူ့ပါတီ | ၁၈၈၆ | ၇၆ | ၁၉၆၂ | ၁၄.၀၇% |
| ၁၀ | မြင်းမူမြို့နယ် | | | ၆၀၉၉ | ၅၉၅ | ၆၆၉၄ | |
| | | ဦးဝင်းနိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၉၃၈ | ၄၉၄ | ၃၄၃၂ | ၅၁.၂၇% |
| | | ဒေါ်နွယ်နွယ်ထွန်း | ပြည်သူ့ပါတီ | ၈၇၁ | ၂၁ | ၈၉၂ | ၁၃.၃၂% |
| | | ဒေါ်ခင်ယောသစ် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၇၈၈ | ၂၇ | ၈၁၅ | ၁၂.၁၈% |
| | | ဒေါ်ခိုင်ဇာထွေး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၇၆၀ | ၃၁ | ၇၉၁ | ၁၁.၈၂% |
| | | ဦးဝင်းမင်းသန်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၇၄၂ | ၂၂ | ၇၆၄ | ၁၁.၄၁% |
| ၁၁ | ချောင်းဦးမြို့နယ် | | | ၆၀၁၀ | ၁၀၆၈ | ၇၀၇၈ | |
| | | ဦးထွန်းလွင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၃၈၅ | ၅၉၆ | ၂၉၈၁ | ၄၂.၁၂% |
| | | ဦးမျိုးဆွေ | တစ်သီးပုဂ္ဂလ | ၁၃၅၉ | ၃၃၅ | ၁၆၉၄ | ၂၃.၉၃% |
| | | ဦးထွန်းထွန်းကျော် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၂၅၂ | ၆၄ | ၁၃၁၆ | ၁၈.၅၉% |
| | | ဒေါ်ခင်မြဦး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၀၁၄ | ၇၃ | ၁၀၈၇ | ၁၅.၃၆% |
| ၁၂ | ဘုတလင်မြို့နယ် | | | ၁၄၀၃ | ၃၂၁ | ၁၇၂၄ | |
| | | ဦးကျော်မင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၁၇၇ | ၂၂၉ | ၁၄၀၆ | ၈၁.၅၅% |
| | | ဦးမြသွေး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၂၆ | ၉၂ | ၃၁၈ | ၁၈.၄၅% |

စာမျက်နှာ ၁၂ သို့ ☆

☆ စာမျက်နှာ ၁၁ မှ

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁၃ | အရာတော်မြို့နယ် | | | ၃၃၇၅ | ၈၀၁ | ၄၁၇၆ | |
| | | ဦးဝင်းတင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၄၇၄ | ၆၇၂ | ၂၁၄၆ | ၅၁.၃၉% |
| | | ဒေါ်မျိုးသူဇာ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၆၅၉ | ၅၃ | ၇၁၂ | ၁၇.၀၅% |
| | | ဦးဝေလင်းကျော် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၆၃၄ | ၄၂ | ၆၇၆ | ၁၆.၁၉% |
| | | ဒေါ်ပြည့်ဖြိုးဖြိုးလွင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၆၀၈ | ၃၄ | ၆၄၂ | ၁၅.၃၇% |
| ၁၄ | ဖောင်းပြင်မြို့နယ် | | | ၉၆၄၁ | ၁၆၀၈ | ၁၁၂၄၉ | |
| | | ဦးခင်မောင်ထွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၇၀၆ | ၁၄၁၆ | ၈၁၂၂ | ၇၂.၂၀% |
| | | ဦးတင်မောင်ဝင်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၂၀၇ | ၁၀၇ | ၂၃၁၄ | ၂၀.၅၇% |
| | | ဒေါ်သန်းဝင်း | ရှမ်းနီ(တိုင်းလျှန်)သွေးစည်းညီညွတ်ရေးပါတီ | ၇၂၈ | ၈၅ | ၈၁၃ | ၇.၂၃% |
| | တနင်္သာရီတိုင်းဒေသကြီး | | | | | | |
| ၁၅ | ကျွန်းစုမြို့နယ် | | | ၄၉၆၅၅ | ၃၂၂၄ | ၅၂၈၇၉ | |
| | | ဦးအောင်ကျော်နှင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၃၃၀၇ | ၂၈၀၁ | ၂၆၁၀၈ | ၄၉.၃၇% |
| | | ဦးမြင့်နိုင်စိုး | ပြည်သူ့ပါတီ | ၁၁၅၀၅ | ၂၂၄ | ၁၁၇၂၉ | ၂၂.၁၈% |
| | | ဦးဇော်ဝင်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၀၅၈၂ | ၁၃၄ | ၁၀၇၁၆ | ၂၀.၂၇% |
| | | ဦးတင်ဦး | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၄၂၆၁ | ၆၅ | ၄၃၂၆ | ၈.၁၈% |
| ၁၆ | တနင်္သာရီမြို့နယ် | | | ၃၈၉၇ | ၁၄၄၁ | ၅၃၃၈ | |
| | | ဦးအောင်ဆန်းလွင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၃၇၇ | ၁၁၆၂ | ၂၅၃၉ | ၄၇.၅၆% |
| | | ဒေါ်ယုယုမြိုင် | ပြည်သူ့ပါတီ | ၁၂၂၆ | ၉၅ | ၁၃၂၁ | ၂၄.၇၅% |
| | | ဦးစိုးရီ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၀၄၃ | ၁၄၈ | ၁၁၉၁ | ၂၂.၃၁% |
| | | ဦးအေးလွင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၅၁ | ၃၆ | ၂၈၇ | ၅.၃၈% |
| | ပဲခူးတိုင်းဒေသကြီး | | | | | | |
| ၁၇ | ဒိုက်ဦးမြို့နယ် | | | ၅၈၉၄၂ | ၅၀၂၃ | ၆၃၉၆၅ | |
| | | ဒေါ်သိင်္ဂီမြင့်ရည် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၉၃၃၄ | ၃၄၆၈ | ၂၂၈၀၂ | ၃၅.၆၅% |
| | | ဦးမျိုးမြင့် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၀၂၄၄ | ၅၂၉ | ၁၀၇၇၃ | ၁၆.၈၄% |
| | | ဦးမျိုးမင်းလတ် | တစ်သီးပုဂ္ဂလ | ၇၄၀၅ | ၁၅၉ | ၇၅၆၄ | ၁၁.၈၂% |
| | | ဦးကြီးမြင့် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၆၅၆၃ | ၂၉၇ | ၆၈၆၀ | ၁၀.၇၂% |
| | | ဦးအေးလွင် | ပြည်သူ့ပါတီ | ၆၁၄၃ | ၁၁၆ | ၆၂၅၉ | ၉.၇၉% |
| | | ဦးသန်းခိုင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၅၂၂၉ | ၂၇၁ | ၅၅၀၀ | ၈.၆၀% |
| | | ဦးခင်ဇော် | ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ | ၄၀၂၄ | ၁၈၃ | ၄၂၀၇ | ၆.၅၈% |
| ၁၈ | ရွှေကျင်မြို့နယ် | | | ၁၇၃၀၄ | ၃၄၆၇ | ၂၀၇၇၁ | |
| | | ဦးကျော်တိုး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၇၆၉၈ | ၂၅၆၄ | ၁၀၂၆၂ | ၄၉.၄၀% |
| | | ဦးသိန်းလွင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၅၂၄၅ | ၅၃၇ | ၅၇၈၂ | ၂၇.၈၄% |
| | | ဦးခိုင်ထွန်း | ပြည်သူ့ပါတီ | ၃၁၄၃ | ၂၆၁ | ၃၄၀၄ | ၁၆.၃၉% |
| | | ဦးမြတ်မင်းညွန့် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၂၁၈ | ၁၀၅ | ၁၃၂၃ | ၆.၃၇% |
| ၁၉ | ထန်းတပင်မြို့နယ် | | | ၇၀၈၇ | ၂၄၅၂ | ၉၅၃၉ | |
| | | ဦးကျော်ကျော်ဦး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၇၉၃ | ၁၈၅၄ | ၅၆၄၇ | ၅၉.၂၀% |
| | | ဦးစံထူး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၄၀၁ | ၂၉၈ | ၁၆၉၉ | ၁၇.၈၁% |
| | | ဦးသောင်းညွန့်ဦး | ပြည်သူ့ပါတီ | ၁၃၀၆ | ၂၂၄ | ၁၅၃၀ | ၁၆.၀၄% |
| | | ဦးသိန်းစိုးရွှေ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၈၇ | ၇၆ | ၆၆၃ | ၆.၉၅% |
| ၂၀ | ရေတာရှည်မြို့နယ် | | | ၄၁၉၃၄ | ၁၂၃၇၆ | ၅၄၃၁၀ | |
| | | ဦးထွန်းထွန်းမိုး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၅၇၇၉ | ၈၆၃၈ | ၂၄၄၁၇ | ၄၄.၉၆% |
| | | ဒေါ်ချယ်ရီရွှေ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၆၆၀၅ | ၁၄၁၈ | ၈၀၂၃ | ၁၄.၇၇% |
| | | ဒေါ်ဇင်ဇင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၆၃၇၅ | ၅၉၅ | ၆၉၇၀ | ၁၂.၈၃% |
| | | ဦးကောင်းမြတ်ဇော် | ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးပါတီ | ၅၆၃၉ | ၅၈၇ | ၆၂၂၆ | ၁၁.၄၇% |
| | | ဦးဇော်မိုး | ပြည်သူ့ပါတီ | ၄၃၀၈ | ၆၂၃ | ၄၉၃၁ | ၉.၀၈% |
| | | ဦးမြင့်အေး | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၂၂၈ | ၅၁၅ | ၃၇၄၃ | ၆.၈၉% |
| ၂၁ | ဇီးကုန်းမြို့နယ် | | | ၃၀၃၆၆ | ၄၁၅၀ | ၃၄၅၁၆ | |
| | | ဦးကျော်မင်းထွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၈၈၀၆ | ၂၉၈၁ | ၂၁၇၈၇ | ၆၃.၁၂% |
| | | ဦးအောင်မျိုးလင်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၅၄၆ | ၂၉၇ | ၂၈၄၃ | ၈.၂၄% |
| | | ဦးမောင်မောင်ဝင်း | ပြည်သူ့ပါတီ | ၂၁၃၇ | ၂၁၈ | ၂၃၅၅ | ၆.၈၂% |
| | | ဦးတင်မောင်ဦး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၉၂၈ | ၁၉၄ | ၂၁၂၂ | ၆.၁၅% |
| | | ဦးကျော်လွင် | ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ | ၁၈၉၇ | ၂၂၁ | ၂၁၁၈ | ၆.၁၄% |
| | | ဦးပြည့်ဖြိုးဟန် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၆၆၄ | ၉၉ | ၁၇၆၃ | ၅.၁၁% |
| | | ဦးဝေလင်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၃၈၈ | ၁၄၀ | ၁၅၂၈ | ၄.၄၂% |
| ၂၂ | ပေါင်းတည်မြို့နယ် | | | ၃၄၄၂၃ | ၄၃၈၈ | ၃၈၈၁၁ | |
| | | ဒေါ်ဆွေဆွေသင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၆၃၇၂ | ၃၄၄၅ | ၁၉၈၁၇ | ၅၁.၀၆% |
| | | ဦးအောင်ကျော်ဦး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၅၀၄၀ | ၂၆၇ | ၅၃၀၇ | ၁၃.၆၇% |
| | | ဒေါ်စုနန္ဒာလှိုင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၄၃၄၁ | ၁၄၀ | ၄၄၈၁ | ၁၁.၅၅% |
| | | ဦးနေဒွန်းအောင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၉၅၈ | ၂၁၁ | ၃၁၆၉ | ၈.၁၆% |
| | | ဦးမောင်မောင်အေး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၈၉၇ | ၁၅၇ | ၃၀၅၄ | ၇.၈၇% |
| | | ဒေါ်အိနန္ဒာလွင် | ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ | ၂၈၁၅ | ၁၆၈ | ၂၉၈၃ | ၇.၆၉% |
| ၂၃ | ကဝမြို့နယ် | | | ၇၈၀၈၄ | ၉၄၃၉ | ၈၇၅၂၃ | |
| | | ဦးမျိုးဆွေထွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၄၈၁၁ | ၇၃၆၉ | ၄၂၁၈၀ | ၄၈.၁၉% |
| | | ဦးသက်လွင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၂၀၅၉ | ၇၇၀ | ၁၂၈၂၉ | ၁၄.၆၆% |
| | | ဒေါ်နှင်းနွယ်စိုး | ပြည်သူ့ပါတီ | ၇၆၁၃ | ၃၄၅ | ၇၉၅၈ | ၉.၀၉% |
| | | ဦးစိုးမြင့် | ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ | ၇၆၀၅ | ၂၈၁ | ၇၈၈၆ | ၉.၀၁% |
| | | ဦးအောင်ရဲထွဋ် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၅၅၉၀ | ၃၀၁ | ၅၈၉၁ | ၆.၇၃% |
| | | ဒေါ်ဝင်းပပမျိုး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၅၅၁၁ | ၁၈၁ | ၅၆၉၂ | ၆.၅၁% |
| | | ဦးဇော်မင်းနိုင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၄၈၉၅ | ၁၉၂ | ၅၀၈၇ | ၅.၈၁% |

စာမျက်နှာ ၁၃ သို့ ☆

☆ စာမျက်နှာ ၁၂ မှ

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၂၄ | သနပ်ပင်မြို့နယ် | | | ၅၀၉၁၆ | ၄၂၂၂ | ၅၅၁၃၈ | |
| | | ဦးအောင်ဇော်လင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၆၀၃၀ | ၃၃၈၂ | ၂၉၄၁၂ | ၅၃.၃၄% |
| | | ဦးမောင်လွင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၇၈၉၂ | ၃၀၉ | ၈၂၀၁ | ၁၄.၈၇% |
| | | ဒေါ်တင်တင်မိုး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၅၈၉၈ | ၁၂၅ | ၆၀၂၃ | ၁၀.၉၂% |
| | | ဦးသန့်ဇော်ဦး | ပြည်သူ့ပါတီ | ၄၈၀၄ | ၁၄၇ | ၄၉၅၁ | ၈.၉၈% |
| | | ဒေါ်ယဉ်ဝါဌေး | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၂၀၄ | ၁၄၁ | ၃၃၄၅ | ၆.၀၇% |
| | | ဦးဝင်းလွင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၀၈၈ | ၁၁၈ | ၃၂၀၆ | ၅.၈၂% |
| ၂၅ | ပေါက်ခေါင်းမြို့နယ် | | | ၁၆၀၄၆ | ၁၂၀၉၃ | ၂၈၁၃၉ | |
| | | ဦးမျိုးဇော်သိမ်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၁၅၉၂ | ၁၀၉၇၈ | ၂၂၅၇၀ | ၈၀.၂၁% |
| | | ဦးကျော်မျိုးမင်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၅၈၀ | ၄၄၇ | ၂၀၂၇ | ၇.၂၀% |
| | | ဆလိုင်းအောင်မျိုးဇော် | ပြည်သူ့ပါတီ | ၆၆၆ | ၁၂၂ | ၇၈၈ | ၂.၈၀% |
| | | ဦးကျော်သူ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၅၉၈ | ၁၄၀ | ၇၃၈ | ၂.၆၂% |
| | | ဦးအောင်ခန့်မော် | ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ | ၆၃၄ | ၉၃ | ၇၂၇ | ၂.၅၉% |
| | | ဦးဇေယျာလင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၁၈ | ၁၇၇ | ၆၉၅ | ၂.၄၇% |
| | | ဦးနိုင်လင်းထွဋ် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၄၅၈ | ၁၃၆ | ၅၉၄ | ၂.၁၁% |
| ၂၆ | ပန်းတောင်းမြို့နယ် | | | ၅၀၂၄၇ | ၂၃၇၅၉ | ၇၄၀၀၆ | |
| | | ဦးကိုကိုလွင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၃၃၈၇ | ၁၇၆၃၅ | ၄၁၀၂၂ | ၅၅.၄၃% |
| | | ဦးကျော်ဇင်ဝင်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၈၇၅၆ | ၂၁၂၄ | ၁၀၈၈၀ | ၁၄.၇၀% |
| | | ဦးနိုင်စိုးတင့် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၄၄၁၂ | ၁၂၁၉ | ၅၆၃၁ | ၇.၆၁% |
| | | ဆလိုင်းဇီတိုး | ပြည်သူ့ပါတီ | ၄၃၈၄ | ၇၃၄ | ၅၁၁၈ | ၆.၉၂% |
| | | ဒေါ်ဖြိုးယဉ်မင်းထွန်း | ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ | ၃၈၀၉ | ၉၀၄ | ၄၇၁၃ | ၆.၃၇% |
| | | ဦးဇော်မင်းခိုင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၀၂၇ | ၇၁၈ | ၃၇၄၅ | ၅.၀၆% |
| | | ဦးတင့်လွင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၄၇၂ | ၄၂၅ | ၂၈၉၇ | ၃.၉၁% |
| ၂၇ | မိုးညိုမြို့နယ် | | | ၆၀၈၅၁ | ၄၃၄၉ | ၆၅၂၀၀ | |
| | | ဒေါ်ဇာခြည်လွင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၇၃၄၈ | ၂၇၁၆ | ၃၀၀၆၄ | ၄၆.၁၁% |
| | | ဦးကျော်သန်းဌေး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၅၄၃၀ | ၈၉၃ | ၁၆၃၂၃ | ၂၅.၀၄% |
| | | ဒေါ်တင်မျိုးဦး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၄၈၁၂ | ၁၃၉ | ၄၉၅၁ | ၇.၅၉% |
| | | ဒေါ်အိမ့်မှူးသွယ် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၇၉၇ | ၂၄၃ | ၄၀၄၀ | ၆.၂၀% |
| | | ဦးဆန်းလင်း | တစ်သီးပုဂ္ဂလ | ၃၃၉၉ | ၉၇ | ၃၄၉၆ | ၅.၃၆% |
| | | ဦးဝင်းဇော်ဦး | ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ | ၃၂၇၈ | ၁၃၇ | ၃၄၁၅ | ၅.၂၄% |
| | | ဦးသန့်ဇင်ဦး | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၇၈၇ | ၁၂၄ | ၂၉၁၁ | ၄.၄၆% |
| ၂၈ | မင်းလှမြို့နယ် | | | ၃၉၄၄၆ | ၅၅၉၃ | ၄၅၀၃၉ | |
| | | ဦးရဲထွဋ်အောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၅၀၁၂ | ၃၂၅၉ | ၁၈၂၇၁ | ၄၀.၅၇% |
| | | ဦးမျိုးလှိုင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၆၅၂၆ | ၈၀၃ | ၇၃၃၉ | ၁၆.၂၉% |
| | | ဒေါ်သူသူလှ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၆၃၇၁ | ၆၅၆ | ၇၀၂၇ | ၁၅.၆၀% |
| | | ဒေါ်ဇာနည်ခိုင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၅၅၆၃ | ၄၁၆ | ၅၉၇၉ | ၁၃.၂၈% |
| | | ဦးဉာဏ်လင်းကို | ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ | ၃၂၁၄ | ၃၀၃ | ၃၅၁၇ | ၇.၈၁% |
| | | ဒေါ်ဝင်းဝင်းမာ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၇၆၀ | ၁၄၆ | ၂၉၀၆ | ၆.၄၅% |
| | မကွေးတိုင်းဒေသကြီး | | | | | | |
| ၂၉ | ဆိပ်ဖြူမြို့နယ် | | | ၆၅၉၄ | ၁၄၈၃ | ၈၀၇၇ | |
| | | ဦးအောင်ဇော်ထက် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၈၀၃ | ၁၃၈၃ | ၆၁၈၆ | ၇၆.၅၉% |
| | | ဒေါ်သိန်းကြည် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၇၉၁ | ၁၀၀ | ၁၈၉၁ | ၂၃.၄၁% |
| ၃၀ | နတ်မောက်မြို့နယ် | | | ၂၂၀၂၇ | ၄၉၁၉ | ၂၆၉၄၆ | |
| | | ဦးဇော်ဌေး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၈၂၂၅ | ၃၁၉၇ | ၁၁၄၂၂ | ၄၂.၃၉% |
| | | ဦးတင်ဌေးအောင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၉၀၄၃ | ၁၂၇၆ | ၁၀၃၁၉ | ၃၈.၂၉% |
| | | ဦးတေဇာဝင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၄၇၅၉ | ၄၄၆ | ၅၂၀၅ | ၁၉.၃၂% |
| ၃၁ | မြို့သစ်မြို့နယ် | | | ၄၈၈၃၅ | ၆၁၁၇ | ၅၄၉၅၂ | |
| | | ဦးစိုးဝင်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၈၅၄၂ | ၁၆၀၇ | ၂၀၁၄၉ | ၃၆.၆၇% |
| | | ဦးဝင်းဌေးဦး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၃၈၉၇ | ၃၃၃၄ | ၁၇၀၃၁ | ၃၀.၉၉% |
| | | ဦးဌေးဦးမော် | ပြည်သူ့ပါတီ | ၈၉၈၉ | ၉၀၂ | ၉၈၉၁ | ၁၈.၀၀% |
| | | ဦးညီလှ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၃၇၉၆ | ၁၈၁ | ၃၉၇၇ | ၇.၂၄% |
| | | ဦးတင်မိုးဇော် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၆၁၁ | ၂၉၃ | ၃၉၀၄ | ၇.၁၀% |
| ၃၂ | ငဖဲမြို့နယ် | | | ၁၉၃၇၃ | ၂၅၆၇ | ၂၁၉၄၀ | |
| | | ဦးမိုးမင်းဦး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၈၂၆၁ | ၁၈၉၄ | ၁၀၁၅၅ | ၄၆.၂၉% |
| | | ဦးဟန်ဝင်းအောင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၆၃၁၁ | ၄၃၂ | ၆၇၄၃ | ၃၀.၇၃% |
| | | ဦးအောင်မင်းထွန်း | ပြည်သူ့ပါတီ | ၄၈၀၁ | ၂၄၁ | ၅၀၄၂ | ၂၂.၉၈% |
| ၃၃ | စလင်းမြို့နယ် | | | ၁၈၄၅၇ | ၃၉၄၄ | ၂၂၄၀၁ | |
| | | ဦးဇော်နိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၇၇၄၀ | ၂၈၄၅ | ၁၀၅၈၅ | ၄၇.၂၅% |
| | | ဦးအောင်ကိုဦး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၄၂၃ | ၃၃၀ | ၄၇၅၃ | ၂၁.၂၂% |
| | | ဦးစိုးသီဟ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၄၈၇ | ၅၂၀ | ၄၀၀၇ | ၁၇.၈၉% |
| | | ဦးမင်းဇော်ငြိမ်း | ပြည်သူ့ပါတီ | ၂၈၀၇ | ၂၄၉ | ၃၀၅၆ | ၁၃.၆၄% |
| ၃၄ | စေတုတ္တရာမြို့နယ် | | | ၁၅၉၉၉ | ၂၀၈၄ | ၁၈၀၈၃ | |
| | | ဦးမိုးတင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၆၆၅၄ | ၉၃၆ | ၇၅၉၀ | ၄၁.၉၇% |
| | | ဦးသန်းထွဋ်အောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၁၃၉ | ၉၂၅ | ၇၀၆၄ | ၃၉.၀၇% |
| | | ဦးအောင်ဝင်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၂၀၆ | ၂၂၃ | ၃၄၂၉ | ၁၈.၉၆% |
| ၃၅ | ကံမမြို့နယ် | | | ၂၄၂၆၀ | ၁၆၈၂ | ၂၅၉၄၂ | |
| | | ဒေါ်စံပါယ်မင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၀၅၆၅ | ၁၁၄၇ | ၁၁၇၁၂ | ၄၅.၁၅% |
| | | ဦးခင်မောင်ဇင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၆၈၄၂ | ၃၂၂ | ၇၁၆၄ | ၂၇.၆၁% |
| | | ဦးအောင်နိုင်သန်း | ပြည်သူ့ပါတီ | ၆၈၅၃ | ၂၁၃ | ၇၀၆၆ | ၂၇.၂၄% |

စာမျက်နှာ ၁၄ သို့ ☆


☆ စာမျက်နှာ ၁၃ မှ

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၃၆ | မင်းတုန်းမြို့နယ် | | | ၇၅၀၃ | ၈၈၀ | ၈၃၈၃ | |
| | | ဦးစိုးနိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၂၄၃ | ၆၄၈ | ၄၈၉၁ | ၅၈.၃၄% |
| | | ဒေါ်နွယ်ဇာငြိမ်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၂၆၀ | ၂၃၂ | ၃၄၉၂ | ၄၁.၆၆% |
| ၃၇ | မင်းလှမြို့နယ် | | | ၃၃၅၇၆ | ၂၆၄၉ | ၃၆၂၂၅ | |
| | | ဦးခင်မောင်ဌွေး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၇၆၃၈ | ၂၁၀၃ | ၁၉၇၄၁ | ၅၄.၅၀% |
| | | ဦးမျိုးသူထွန်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၅၉၃၈ | ၅၄၆ | ၁၆၄၈၄ | ၄၅.၅၀% |
| ၃၈ | ဆင်ပေါင်ဝဲမြို့နယ် | | | ၂၅၇၀၉ | ၂၇၀၀ | ၂၈၄၀၉ | |
| | | ဦးတင့်ဆွေ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၂၉၈၂ | ၂၀၅၇ | ၁၅၀၃၉ | ၅၂.၉၄% |
| | | ဦးလင်းထက် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၂၇၂၇ | ၆၄၃ | ၁၃၃၇၀ | ၄၇.၀၆% |
| | မန္တလေးတိုင်းဒေသကြီး | | | | | | |
| ၃၉ | စဉ့်ကိုင်မြို့နယ် | | | ၈၂၈၃၉ | ၃၀၅၇ | ၈၅၈၉၆ | |
| | | ဦးထွန်းထွန်းနိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၄၀၀၈ | ၂၄၅၃ | ၃၆၄၆၁ | ၄၂.၄၅% |
| | | ဦးသန်းအောင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၂၁၀၅ | ၁၂၅ | ၁၂၂၃၀ | ၁၄.၂၄% |
| | | ဦးဖြိုးမင်းအောင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၈၉၆၀ | ၁၄၈ | ၉၁၀၈ | ၁၀.၆၀% |
| | | ဦးမျိုးသူရ | ပြည်သူ့ပါတီ | ၈၆၈၉ | ၇၀ | ၈၇၅၉ | ၁၀.၂၀% |
| | | ဦးမင်းနိုင်ညွန့် | မျိုးဆက်သစ်ဝံသာနုပါတီ | ၈၁၈၂ | ၁၁၇ | ၈၂၉၉ | ၉.၆၆% |
| | | ဦးသဲမောင်မောင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၆၃၇၁ | ၁၀၇ | ၆၄၇၈ | ၇.၅၄% |
| | | ဦးမျိုးသန့် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၄၅၂၄ | ၃၇ | ၄၅၆၁ | ၅.၃၁% |
| ၄၀ | ကျောက်ပန်းတောင်းမြို့နယ် | | | ၈၁၉၃၅ | ၄၂၈၈ | ၈၆၂၂၃ | |
| | | ဦးဝင်းမြင့်မောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၀၁၉၇ | ၃၀၆၉ | ၃၃၂၆၆ | ၃၈.၅၈% |
| | | ဦးမြင့်ဆွေ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၄၄၆၂ | ၅၀၁ | ၁၄၉၆၃ | ၁၇.၃၅% |
| | | ဦးအောင်ကျော်စိုး | ပြည်သူ့ပါတီ | ၁၂၃၆၂ | ၁၈၆ | ၁၂၅၄၈ | ၁၄.၅၅% |
| | | ဦးစိုပြေ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၈၉၈၆ | ၁၅၆ | ၉၁၄၂ | ၁၀.၆၀% |
| | | ဒေါ်အိမ့်ဘုန်းစံ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၈၇၇၅ | ၂၇၄ | ၉၀၄၉ | ၁၀.၅၀% |
| | | ဦးထွန်းဝင်း | လူမှုစီးပွားမြှင့်တင်ရေးပါတီ | ၇၁၅၃ | ၁၀၂ | ၇၂၅၅ | ၈.၄၂% |
| ၄၁ | တံတားဦးမြို့နယ် | | | ၂၈၀၀၂ | ၂၇၉၄ | ၃၀၇၉၆ | |
| | | ဦးအောင်သူ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၂၁၈၇ | ၁၉၁၁ | ၁၄၀၉၈ | ၄၅.၇၇% |
| | | ဒေါ်စန္ဒာအေး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၆၉၅၅ | ၄၀၇ | ၇၃၆၂ | ၂၃.၉၁% |
| | | ဒေါ်ဝါဝါခိုင် | ပြည်သူ့ပါတီ | ၃၈၃၀ | ၁၉၅ | ၄၀၂၅ | ၁၃.၀၇% |
| | | ဦးသက်နိုင်ဦး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၀၆၅ | ၂၂၀ | ၃၂၈၅ | ၁၀.၆၇% |
| | | ဦးဆန်းဦး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၉၆၅ | ၆၁ | ၂၀၂၆ | ၆.၅၈% |
| ၄၂ | ပြည်ကြီးတံခွန်မြို့နယ် | | | ၅၇၃၄၁ | ၃၂၈၈ | ၆၀၆၂၉ | |
| | | ဦးအောင်နိုင်ဦး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၂၁၁၁ | ၂၄၅၀ | ၂၄၅၆၁ | ၄၀.၅၁% |
| | | ဦးခန့်ကျော် | ပြည်သူ့ပါတီ | ၈၄၀၁ | ၁၈၂ | ၈၅၈၃ | ၁၄.၁၅% |
| | | ဒေါ်ခိုင်အိဝါ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၇၈၆၉ | ၁၈၁ | ၈၀၅၀ | ၁၃.၂၈% |
| | | ဦးအောင်နိုင်စိုး(ခ)ဦးအောင်ကြည်သိန်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၇၅၁၆ | ၂၅၅ | ၇၇၇၁ | ၁၂.၈၂% |
| | | ဦးကြည်သာကိုကို | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၇၁၀၀ | ၁၄၀ | ၇၂၄၀ | ၁၁.၉၄% |
| | | ဒေါ်အယ်နီဂျိုး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၄၃၄၄ | ၈၀ | ၄၄၂၄ | ၇.၃၀% |
| ၄၃ | မဟာအောင်မြေမြို့နယ် | | | ၇၂၂၀၇ | ၅၁၉၄ | ၇၇၄၁၁ | |
| | | ဦးစိုးနိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၆၂၀၂ | ၃၂၁၄ | ၂၉၄၁၆ | ၃၈.၀၀% |
| | | ဦးရှင်းသန့်မောင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၃၄၇၇ | ၅၆၇ | ၁၄၀၄၄ | ၁၈.၁၄% |
| | | ဦးကျော်မိုးနိုင် | ပြည်သူ့ပါတီ | ၁၁၀၀၂ | ၄၃၂ | ၁၁၄၃၄ | ၁၄.၇၇% |
| | | ဦးပြည့်ဖြိုးအောင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၈၆၁၄ | ၃၉၂ | ၉၀၀၆ | ၁၁.၆၃% |
| | | ဦးမျိုးမြင့် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၆၅၀၀ | ၃၀၈ | ၆၈၀၈ | ၈.၈၀% |
| | | ဒေါ်မြတ်သူဇာနွယ် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၆၄၂၂ | ၂၈၁ | ၆၇၀၃ | ၈.၆၆% |
| ၄၄ | ဝမ်းတွင်းမြို့နယ် | | | ၉၉၃၀၀ | ၃၃၉၇ | ၁၀၂၆၉၇ | |
| | | ဦးမျိုးမြင့်သိန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၃၇၀၃ | ၂၂၀၀ | ၃၅၉၀၃ | ၃၄.၉၆% |
| | | ဦးမောင်ကို | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၉၅၅၇ | ၄၄၅ | ၂၀၀၀၂ | ၁၉.၄၈% |
| | | ဦးစောလွင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၇၈၀၂ | ၃၇၀ | ၁၈၁၇၂ | ၁၇.၆၉% |
| | | ဦးဇော်မျိုး | ပြည်သူ့ပါတီ | ၁၂၂၀၂ | ၂၀၃ | ၁၂၄၀၅ | ၁၂.၀၈% |
| | | ဦးအောင်ကြည်မြိုင် | မျိုးဆက်သစ်ဝံသာနုပါတီ | ၉၇၆၂ | ၇၂ | ၉၈၃၄ | ၉.၅၈% |
| | | ဦးမင်းသက်အောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၆၂၇၄ | ၁၀၇ | ၆၃၈၁ | ၆.၂၁% |
| ၄၅ | သာစည်မြို့နယ် | | | ၉၅၆၆၃ | ၅၉၃၇ | ၁၀၁၆၀၀ | |
| | | ဒေါ်ကြူကြူမော် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၅၁၀၆ | ၄၃၈၆ | ၄၉၄၉၂ | ၄၈.၇၁% |
| | | ဒေါ်ဖြူဖြူလှိုင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၅၃၇၅ | ၄၆၆ | ၁၅၈၄၁ | ၁၅.၅၉% |
| | | ဦးကျော်ထွန်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၄၆၂၁ | ၄၃၅ | ၁၅၀၅၆ | ၁၄.၈၂% |
| | | ဦးအောင်ဇင်မင်း | ပြည်သူ့ပါတီ | ၈၃၈၅ | ၂၆၅ | ၈၆၅၀ | ၈.၅၁% |
| | | ဦးဇော်ဝမ်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၇၄၀၄ | ၂၆၅ | ၇၆၆၉ | ၇.၅၅% |
| | | ဦးဇော်မင်းထွေး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၄၇၇၂ | ၁၂၀ | ၄၈၉၂ | ၄.၈၂% |
| ၄၆ | အမရပူရမြို့နယ် | | | ၁၁၀၅၇၆ | ၁၀၇၇၄ | ၁၂၁၃၅၀ | |
| | | ဦးသိန်းထွန်းဦး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၁၈၆၁ | ၈၅၄၈ | ၅၀၄၀၉ | ၄၁.၅၄% |
| | | ဦးအောင်ထွန်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၄၇၆၃ | ၆၄၂ | ၁၅၄၀၅ | ၁၂.၇၀% |
| | | ဒေါ်ထက်ထက်ဝင်း | တစ်သီးပုဂ္ဂလ | ၁၂၇၂၄ | ၂၉၈ | ၁၃၀၂၂ | ၁၀.၇၃% |
| | | ဒေါ်လွင်လွင်မာ | ပြည်သူ့ပါတီ | ၁၀၁၄၄ | ၃၃၃ | ၁၀၄၇၇ | ၈.၆၃% |
| | | ဒေါ်ဇင်မာဝင်း | ဒီမိုကရက်တစ်အင်အားစုလေဘာပါတီ | ၉၅၃၈ | ၂၀၈ | ၉၇၄၆ | ၈.၀၃% |
| | | ဦးအောင်ကျော်ဦး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၈၈၉၇ | ၂၇၉ | ၉၁၇၆ | ၇.၅၆% |
| | | ဦးမျိုးခိုင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၇၃၈၁ | ၂၉၃ | ၇၆၇၄ | ၆.၃၃% |
| | | ဦးလွင်မောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၅၂၆၈ | ၁၇၃ | ၅၄၄၁ | ၄.၄၈% |

စာမျက်နှာ ၁၅ သို့ ☆

❂ ကျောဖုံးမှ

ဆောင်ရွက်ပြီး ချီတက်လာသည့် တပ်မတော် စစ်ကြောင်းသည် အဆိုပါလမ်းကြောင်းပေါ်ရှိ အုန်ဒန် ကျေးရွာအား လည်းကောင်း၊ မိုးကုတ်မြို့ဘက်မှ နယ်မြေရှင်းလင်းရေး လုပ်ငန်းများ ဆောင်ရွက်ပြီး ချီတက်လာသည့် တပ်မတော် စစ်ကြောင်းသည် မိုးကုတ်မြို့၏ အနောက်မြောက်ဘက် မီတာ ၁၀၀၀၀ ခန့်အကွာ အကြမ်းဖက် သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ကင်းကျေးရွာ၊ ကင်းတံတားနှင့် အဆိုပါကျေးရွာအနီးရှိ ရန်သူ့စခန်းနေရာတို့အား အသီးသီး တိုက်ခိုက် ချေမှုန်းသိမ်းပိုက်နိုင်ခဲ့သည်။



တပ်မတော်စစ်ကြောင်းများက သပိတ်ကျင်း-မိုးကုတ် ကားလမ်းပေါ်ရှိ အုန်ဒန်ရွာနှင့် ကင်းရွာဝန်းကျင်ဒေသအား ပြန်လည်ထိန်းချုပ်မှု ဖြစ်စဉ်ပြမြေပုံ။



အကြမ်းဖက်သမားများက ကင်းကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း၌ သဲအိတ်များဖြင့် ဘန်ကာများဆောက်လုပ်ထားသည်ကို တွေ့ရစဉ်။

အကြမ်းဖက် သောင်းကျန်းသူများအနေဖြင့် အဆိုပါကျေးရွာများအား ယာယီစိုးမိုးထားစဉ် ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်းနှင့် လူနေအဆောက်အအုံများနှင့် ကျေးရွာအနီးရှိ တံတားနေရာတို့တွင် ဘန်ကာများပြုလုပ်၍ အခိုင်အမာ ခံစစ်စခန်းတည်ဆောက်ခြင်း၊ ယာယီဂိတ်စခန်းဖွင့်လှစ်၍ ဆက်ကြေးကောက်ခံခြင်းများ ပြုလုပ်ခဲ့ကြောင်းကို တွေ့ရှိရသည်။

**နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ**

တပ်မတော် စစ်ကြောင်းများအနေဖြင့် အဆိုပါလမ်းကြောင်းတစ်လျှောက်၌ ကျန်ရှိနေသည့် လမ်းပိုင်းအား ဆက်လက်ရှင်းလင်းနိုင်ရေးလိုအပ်သည့် နယ်မြေစိုးမိုးရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိပြီး မိုးကုတ် - သပိတ်ကျင်း- မန္တလေးမြို့များသို့ ဆက်သွယ်ထားသည့် လမ်းကြောင်းများအား အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေးတို့ကို ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



တပ်မတော် စစ်ကြောင်းများက သပိတ်ကျင်း-မိုးကုတ် လမ်းကြောင်းပေါ်ရှိ ကင်းရွာအား ပြန်လည်ထိန်းချုပ်နိုင်မှုကို တွေ့ရစဉ်။

☆ စာမျက်နှာ ၁၄ မှ

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၄၇ | မတ္တရာမြို့နယ် | | | ၂၉၇၅၁ | ၁၇၆၅ | ၃၁၅၁၆ | |
| | | ဦးလှမြင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၂၈၉၇ | ၁၂၈၉ | ၁၄၁၈၆ | ၄၅.၀၁% |
| | | ဦးထွန်းကြည် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၇၄၀၆ | ၂၆၅ | ၇၆၇၁ | ၂၄.၃၄% |
| | | ဦးနေဖြိုးသန့် | ပြည်သူ့ပါတီ | ၃၅၇၈ | ၇၃ | ၃၆၅၁ | ၁၁.၅၉% |
| | | ဦးမျိုးနိုင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၉၃၄ | ၁၀၁ | ၃၀၃၅ | ၉.၆၃% |
| | | ဦးအောင်ကောင်းမြတ် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၉၃၆ | ၃၇ | ၂၉၇၃ | ၉.၄၃% |
| | မွန်ပြည်နယ် | | | | | | |
| ၄၈ | ဘီးလင်းမြို့နယ် | | | ၃၄၆၀၉ | ၃၃၀၁ | ၃၇၉၁၀ | |
| | | ဒေါက်တာခင်မောင်သွင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၂၆၄၀ | ၂၀၄၈ | ၁၄၆၈၈ | ၃၈.၇၅% |
| | | ဦးသန်းထွဋ်အောင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၇၁၉၆ | ၅၂၄ | ၇၇၂၀ | ၂၀.၃၆% |
| | | ဦးခင်ဇော် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၆၂၈၃ | ၃၆၅ | ၆၆၄၈ | ၁၇.၅၄% |
| | | ဦးတင်အောင်နိုင် | ပြည်သူ့ပါတီ | ၄၄၄၃ | ၂၀၉ | ၄၆၅၂ | ၁၂.၂၇% |
| | | ဒေါ်စန်းစန်းအေး | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | ၄၀၄၇ | ၁၅၅ | ၄၂၀၂ | ၁၁.၀၈% |
| ၄၉ | မုဒုံမြို့နယ် | | | ၅၀၈၂၆ | ၄၅၂၆ | ၅၅၃၅၂ | |
| | | မင်းဝဏ္ဏကြီး | မွန်ညီညွတ်ရေးပါတီ | ၃၀၇၇၄ | ၁၁၇၀ | ၃၁၉၄၄ | ၅၇.၇၁% |
| | | ဦးမြင့်ရှိန် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၀၄၅၃ | ၃၀၂၄ | ၁၃၄၇၇ | ၂၄.၃၄% |
| | | ဦးခင်မောင်ဝေ | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | ၃၅၂၂ | ၇၅ | ၃၅၉၇ | ၆.၅၀% |
| | | ဦးဉာဏ်ထွန်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၉၉၄ | ၁၀၈ | ၂၁၀၂ | ၃.၈၀% |
| | | ဦးဇော်ဝင်းထွေး | ပြည်သူ့ပါတီ | ၁၉၉၀ | ၅၁ | ၂၀၄၁ | ၃.၆၉% |
| | | ဦးသိန်းထွန်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၀၄၅ | ၅၅ | ၁၁၀၀ | ၁.၉၉% |
| | | ဒေါ်ဇင်မာ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၀၄၈ | ၄၃ | ၁၀၉၁ | ၁.၉၇% |
| ၅၀ | သံဖြူဇရပ်မြို့နယ် | | | ၄၀၄၇၄ | ၄၆၈၁ | ၄၅၁၅၅ | |
| | | ဦးသန်းရွှေ | မွန်ညီညွတ်ရေးပါတီ | ၂၁၀၂၁ | ၁၂၅၄ | ၂၂၂၇၅ | ၄၉.၃၃% |
| | | ဦးကြည်ဇော် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၀၀၃၇ | ၂၇၀၇ | ၁၂၇၄၄ | ၂၈.၂၂% |
| | | ဦးဟံဇော်ဝင်း | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | ၃၅၅၂ | ၂၅၈ | ၃၈၁၀ | ၈.၄၄% |
| | | ဦးမြင့်စိုး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၃၅၈ | ၂၆၃ | ၂၆၂၁ | ၅.၈၀% |
| | | ဦးနိုင်လင်းအောင် | ပြည်သူ့ပါတီ | ၂၂၂၅ | ၁၀၉ | ၂၃၃၄ | ၅.၁၇% |
| | | ဒေါ်လှဲ့ယဉ်ယဉ်ဝင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၂၈၁ | ၉၀ | ၁၃၇၁ | ၃.၀၄% |
| ၅၁ | ရေးမြို့နယ် | | | ၁၆၉၅၀ | ၃၇၃၃ | ၂၀၆၈၃ | |
| | | ဒေါ်မြင့်သန်း | မွန်ညီညွတ်ရေးပါတီ | ၁၁၁၂၅ | ၆၀၄ | ၁၁၇၂၉ | ၅၆.၇၁% |
| | | ဒေါ်သီတာမြင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၅၄၆ | ၂၉၇၈ | ၆၅၂၄ | ၃၁.၅၄% |
| | | ဦးကျော်လင်းဦး | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | ၂၂၇၉ | ၁၅၁ | ၂၄၃၀ | ၁၁.၇၅% |
| ၅၂ | ပေါင်မြို့နယ် | | | ၆၈၉၈၇ | ၂၇၆၀ | ၇၁၇၄၇ | |
| | | ဦးဗိုလ်ဝင်း | မွန်ညီညွတ်ရေးပါတီ | ၂၅၈၅၈ | ၅၇၄ | ၂၆၄၃၂ | ၃၆.၈၄% |
| | | ဦးခင်မောင်ဇော် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၁၆၀၆ | ၁၆၂၅ | ၂၃၂၃၁ | ၃၂.၃၈% |
| | | ဦးလှထွန်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၆၂၃၃ | ၁၉၈ | ၆၄၃၁ | ၈.၉၆% |
| | | ဦးဖုန်းမြင့် | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | ၅၉၈၃ | ၁၅၈ | ၆၁၄၁ | ၈.၅၆% |
| | | ဦးသန့်ဇင် | ပြည်သူ့ပါတီ | ၄၈၉၄ | ၆၇ | ၄၉၆၁ | ၆.၉၂% |
| | | ဦးမင်းလွင်ဦး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၄၄၁၃ | ၁၃၈ | ၄၅၅၁ | ၆.၃၄% |

# ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲအတွက် နမူနာမေးခွန်းပုံစံ

၂၀၂၆ ခုနှစ်
စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲ
မြန်မာနိုင်ငံစာစစ်ဦးစီးဌာန


**စက်မှုပုံဆွဲနည်းပညာ** ဖြေဆိုချိန် (၄:၀၀ နာရီ)

**(တတိယနှစ်)Machining Technology**

၁။ Major and Minor axes 120 mm နှင့် 80 mm အသီးသီးရှိသော Ellipse တစ်ခုကို Concentric Circles Method အသုံးပြု၍ ဆွဲသားပါ။ (၁၀မှတ်)


၂။ အချင်း 50mm ရှိသော စက်ဝိုင်းသည် ချော်ခြင်းမရှိဘဲ မျဉ်းဖြောင့်အတိုင်း တစ်ပတ်လိမ့်ပါက စက်ဝိုင်း၏ စက်ဝန်းပေါ်ရှိ အမှတ် P အတွက် Cycloid မျဉ်းကွေးကို ရေးဆွဲပါ။ (၁၀မှတ်)

၃။ အခြေ၏အချင်း 40mm နှင့် အမြင့် 60mm ရှိသော ထောင့်မှန်ကျ Cone တစ်ခု၏ ထိပ်စွန်းမှ 20mm အကွာတွင် ရေပြင်ညီဖြတ်ထားသော Frustum of Cone ၏ Development ကိုရေးဆွဲပါ။ (ပုံ-က) (၂၀မှတ်)




ပုံ(က)

၄။ ပုံတွင်ဖော်ပြထားသော SCREW JACK ၏ အစိတ်အပိုင်းများကို ရေးဆွဲပါ။ (၆၀မှတ်)




********************************* End of Question*********************************

၂၀၂၆ ခုနှစ်
စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲ
မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

**စက်ပစ္စည်းခုတ်စားမှုနည်းပညာ(၂)** ဖြေဆိုချိန် (၃:၀၀ နာရီ)

**(တတိယနှစ်)Machining Technology**

အပိုင်း(၁)မေးခွန်းအားလုံးဖြေဆိုပါ။

**(က) အောက်ပါကွက်လပ်များကို ဖြေဆိုပါ။** (၂၀) မှတ်

(၁) Lathe machine တွင် Taper ကို အလုပ်တစ်ခု၏ အလျားတစ်လျှောက် ---------- ပေါ်တွင် တူညီသော အတိုင်းအတာ တိုးလာမှု သို့မဟုတ် လျော့ကျမှုဟု သတ်မှတ်နိုင်သည်။

(၂) Single Start ဝက်အူရစ်တွင် Lead နှင့်-------- သည် တူညီသည်။

(၃) Helical Milling လုပ်ဆောင်ရန် Universal Milling Machine တွင် -----------၏ ထောင့်ကို ချိန်ညှိနိုင်သည်။

(၄) Face Milling Cutter သည် Face Milling လုပ်ငန်းစဉ်တွင် အသုံးပြုပြီး ----------- မျက်နှာပြင်များကို ထုတ်လုပ်ပေးသည်။

(၅) Vertical Attachment သည် Horizontal Milling Machine ကို----------- အဖြစ်သို့ ပြောင်းလဲနိုင်သည်။

(၆) Milling လုပ်ငန်းတွင် Feed ဦးတည်ဘက် (Direction of feed) ဆိုသည်မှာ Milling cutter ၏ လည်ပတ်မှုနှင့်------------ ၏ ရွေ့လျားမှုတို့ကို ရည်ညွှန်းသည်။

(၇) Milling machine တွင် Indexing mechanism ကို အလုပ်ပစ္စည်း၏ ---------- ကို ထိန်းချုပ်ရန် သို့မဟုတ် အလုပ်ကို တိကျစွာခွဲဝေရန် အသုံးပြုသည်။

(၈) Universal dividing head အတွင်းရှိ ---------- တွင် အသွား 40 ပါရှိသည်။

(၉) Module သည် Pitch diameter နှင့် ---------- တို့၏ အချိုးဖြစ်သည်။

(၁၀) Pitch point သည် ဂီယာနှစ်ခု၏ ---------- နှစ်ခုဆုံသောနေရာဖြစ်သည်။

**(ခ) အောက်ပါတို့ကို မှန်လျှင်(မှန်)၊ မှားလျှင်(မှား) ဟု ဖြေဆိုပါ။** (၁၀) မှတ်

(၁) Lathe Machine တွင် Compound Rest နည်းလမ်းဖြင့် Internal Taper နှင့် External Taper များကို ခုတ်စားရန် အသုံးပြုနိုင်သည်။

(၂) Lead သည် ဝက်အူရစ် တစ်ပတ်ပြည့် လည်ပတ်စဉ် ရှေ့သို့ တိုးသွားသော အကွာအဝေးဖြစ်သည်။

(၃) Column & Knee Type milling machines သည် အထွေထွေလုပ်ငန်းအတွက် အသုံးအများဆုံးဖြစ်သည်။

(၄) Milling machine spindle တွင် Arbor ကို တပ်ဆင်ထိန်းချုပ်ရန် Draw bar ကို အများဆုံးအသုံးပြုသည်။

(၅) Circular Work Table ကို စက်ဝိုင်းများ၊ အချင်းဝက်များ (Radii) ပုံစံများနှင့် Internal and External Gear များ ခုတ်စားရန် အသုံးပြုနိုင်သည်။

(၆) Form Milling လုပ်ငန်းကို ပုံမှန် Plain Milling Cutter များဖြင့် လုပ်ဆောင်နိုင်သည်။

(၇) Cutter ၏ အချင်း (D) နှင့် Spindle Speed (N) တို့ မြင့်လာပါက ခုတ်စားနှုန်း (Cutting Speed) လည်း မြင့်တက်လာသည်။

(၈) Indexing Head ကို Milling Machine များတွင်သာ အသုံးပြုနိုင်ပြီး Drill Press သို့မဟုတ် Grinding Machine များတွင် အသုံးမပြုနိုင်ပါ။

(၉) Angular Indexing ဖြင့် အလုပ်ပစ္စည်းကို ဒီဂရီ၊ မိနစ် သို့မဟုတ် စက္ကန့်ဖြင့် သတ်မှတ်၍ လှည့်ပေးနိုင်သည်။

(၁၀) External Spur Gears နှစ်ခု ချိတ်ဆက်သောအခါ ၎င်းတို့၏ ဝင်ရိုးများသည် တူညီသော ဦးတည်ချက်အတိုင်း လည်ပတ်ကြသည်။

**(ဂ) အောက်ပါတို့တွင် သင့်တော်သော အဖြေမှန်ကို ရွေးချယ်ပါ။** (၁၀)မှတ်

(၁) အများအားဖြင့် Brown and Sharpe Standard Taper ကို ----------- machines တွင် အသုံးပြုသည်။

(က) Milling (ခ) Lathe (ဂ) Drilling

(၂) Unified Thread ၏ အခြေခံပုံစံတွင် အရစ်ထောင့်မှာ ------------- ရှိသည်။

(က) 60° (ခ) 45° (ဂ) 55°

(၃) Milling Table ၏မျက်နှာပြင်တွင် Workpiece သို့မဟုတ် Clamping Fixtures များတပ်ဆင်ရန်အတွက် ------------ များ ပါရှိသည်။

(က) T-Slot (ခ) V Grooves (ဂ) Holes

(၄) ---------------- ဆိုသည်မှာ မျဉ်းကွေးနှင့် မျဉ်းဖြောင့်များ သို့မဟုတ် မျဉ်းကွေးများဖြင့် ဖွဲ့စည်းထားသည့် မျက်နှာပြင်ပုံစံများကို ခုတ်စားခြင်း လုပ်ငန်းစဉ်ဖြစ်သည်။

(က) Form milling (ခ) Plain milling (ဂ) Milling

(၅) Milling machine ပေါ်တွင် အပေါက်ချဲ့ခြင်းလုပ်ခြင်းကို ----------------- အသုံးပြု၍ လွယ်ကူစွာ လုပ်ဆောင်နိုင်သည်။

(က) drill chuck (ခ) off-set boring head (ဂ) collect chuck

(၆) Face Milling လုပ်ငန်းတွင် --------------------- ခုတ်စားသည်။

(က) အလုပ်၏ ဘေးမျက်နှာပြင်ကို (ခ) Cutter ၏ ဝင်ရိုးနှင့် ထောင့်မှန်ကျ (ဂ) ဂီယာသွားများကို

(၇) Simple Indexing Head တစ်ခုတွင် Worm Wheel ၌ အသွား 40 ရှိ၍ Index Crank တစ်ပတ်လှည့်လျှင် Spindle ------------ လည်သည်။

(က) 1/20 ပတ် (ခ) 1/40 ပတ် (ဂ)1/60 ပတ်

(၈) Direct Indexing တွင် အပေါက် 24 ခုပါသော Rapid Index Plate ကို အသုံးပြုပါက ခွဲဝေ၍မရနိုင်သော အစိတ်အရေအတွက်မှာ ------------ ဖြစ်သည်။

(က) 2 (ခ) 3 (ဂ) 5

စာမျက်နှာ ၁၇ သို့

*စာမျက်နှာ ၁၆ မှ*

(၉) Spur Gear များသည် ---------------- ဝင်ရိုးများကြားတွင် လည်ပတ်မှုနှင့် စွမ်းအားကို လွှဲပြောင်းပေးသည်။

(က) ထောင့်မှန်ကျ (ခ) ဖြတ်သန်းနေသော (ဂ) အပြိုင်

(၁၀) Module 3 mm နှင့် အသွား 30 ရှိသော ဂီယာ၏ Pitch Diameter မှာ --------------- ဖြစ်သည်။

(က)10 mm (ခ) 33 mm (ဂ) 90 mm

**အပိုင်း(၂) နှစ်သက်ရာမေးခွန်း(၆)ပုဒ်သာ ဖြေဆိုပါ။**

၁။ (က) Taper ခုတ်စားနည်း(၄)မျိုးကိုဖော်ပြ၍ Taper တိုင်းတာရာတွင် အသုံးပြုသော နည်းလမ်း(၂)မျိုးကို ရေးပါ။ (၆)မှတ်

(ခ) Screw thread အသုံးပြုပုံ နမူနာ (၂) ခုကိုရေးပါ။ (၄)မှတ်

၂။ (က) Milling machine အမျိုးအစား (၅) မျိုးကိုဖော်ပြပါ။ (၅)မှတ်

(ခ) Milling Cutter များ ကြာရှည်စွာ အသုံးပြုနိုင်ရန် ဂရုစိုက်ရမည့် အချက်ငါးချက်ကို ရေးပါ။ (၅)မှတ်

၃။ (က) Milling Attachments နှင့် Work Holding Devices များ၏ ကွာခြားချက်ကိုရှင်းပြပါ။ (၆)မှတ်

(ခ) Machine လုပ်ငန်းတွင် အသုံးပြုသော ဖမ်းကြပ်ကိရိယာ(၄)မျိုးကိုဖော်ပြပါ။ (၄)မှတ်

၄။ (က) Milling machine ဖြင့် လုပ်ဆောင်နိုင်သော လုပ်ငန်းအမျိုးအစား(၆)ခုကိုဖော်ပြပါ။ (၆)မှတ်

(ခ) Plain milling နှင့် Face milling ဆောင်ရွက်ပုံခြားနားချက်ကိုရေးပါ။ (၄)မှတ်

၅။ (က) Cutting speed ရွေးချယ်ရာတွင် ထည့်သွင်းစဉ်းစားရမည့် အချက်(၅)ချက်ကိုဖော်ပြပါ။ (၅)မှတ်

(ခ) အချင်း 75 mm အသွား ၆ ခုပါသော Helical Carbide Milling Cutter ဖြင့် သံကြိပ် (Cast Iron) ကို ခုတ်စားရန် တစ်မိနစ်ကျွေးနှုန်း (Feed Rate) ကို mm ဖြင့် တွက်ချက်ပေးပါ။ (CS= 60 meter/min နှင့် feed 0.025 mm per tooth ဖြစ်သည်။) (၅)မှတ်

၆။ (က) Indexing method ငါးမျိုးကို ဖော်ပြပါ။ (၅)မှတ်

(ခ) အလုပ်ပစ္စည်း၏ပတ်လည်မျက်နှာပြင်တွင်မြောင်း ၁၂ ခု အညီအမျှစိတ်ပိုင်းရန် Index Crank ကို လှည့်ပေးရမည့် အပတ်အရေအတွက်ကို ရှာဖွေပါ။(ဖော်ပြထားသော Index Plate များမှ ရွေးချယ်အသုံးပြုပါ)။ (၅)မှတ်

| | |
|---|---|
| Index Plate – 1 | 15, 16, 17, 18, 19, 20 |
| Index Plate –2 | 21, 23, 27, 29, 31, 33 |
| Index Plate –3 | 37, 39, 41, 43, 47, 49 |

၇။ (က) Spur gear ဆိုသည်မှာ အဘယ်နည်း။ Spur Gear ခုတ်စားသည့်နည်းလမ်း(၃)ခုကိုဖော်ပြပါ။ (၅)မှတ်

(ခ) 10 DP cutter ဖြင့် 40 teeth spur gear တစ်ခုကို ခုတ်စားရန်လိုအပ်သော အောက်ပါအတိုင်း အတာများကို တွက်ချက်ပါ။ (၅)မှတ်

(i) Outside Diameter

(ii) Addendum

(iii) Dedendum

(iv) whole depth of tooth

(v) Chordal Thickness

*****************************************End of Question*****************************************

**၂၀၂၆ ခုနှစ်**

**စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲ**

**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

**ဂဟေဆက်နည်းပညာ(၂)** **ဖြေဆိုချိန်(၃:၀၀ နာရီ)**

**(တတိယနှစ်)Machining Technology**

**အပိုင်း(၁)မေးခွန်းအားလုံးဖြေဆိုပါ။**

**(က) အောက်ပါကွက်လပ်များကိုဖြေဆိုပါ။** (၂၀)မှတ်

(၁) လောင်စာဓာတ်ငွေ့သည် အခြေခံအားဖြင့် ------------------- ပါဝင်သောလောင်ကျွမ်းနိုင်သည့် ဓာတ်ငွေ့ဖြစ်သည်။

(၂) နော်ဇယ်သန့်စင်သည့်ကိရိယာ (Nozzle Cleaners) များသည် ------------- ဖြင့် ပြုလုပ်ထားသော ဝါယာကြိုးတိုများဖြစ်သည်။

(၃) ကာဗွန်များသော မီးတောက် (Carburizing Flame) တွင် လောင်စာဓာတ်ငွေ့ပမာဏသည် ----------------- ပမာဏထက် ပိုများနေသော လောင်ကျွမ်းမှုနည်းသည့် မီးတောက်ဖြစ်သည်။

(၄) Seam Welding ဂဟေဆက်ခြင်းသည် ---------- ဂဟေဆက်ခြင်း၏ ပုံစံတစ်မျိုးဖြစ်သည်။

(၅) Flash Butt ဂဟေဆက်ခြင်းနည်းပညာကို ---------------- ထုတ်လုပ်မှုလုပ်ငန်းတွင် အများဆုံး အသုံးပြုသည်။

(၆) TIG welding တွင် အကာအကွယ်ဓာတ်ငွေ့လိုအပ်ပြီး အများအားဖြင့် စင်ကြယ်သော -------- သို့မဟုတ် helium နှင့် ရောစပ်ထားသော argon ကို အသုံးပြုသည်။

(၇) MIG ဂဟေဆော်ခြင်းတွင် ----------- ကို အလိုအလျောက်ပို့ပေးပြီး လျှပ်ကူးတံအဖြစ် အသုံးပြုသည်။

(၈) Nozzle အရွယ်အစားသည် ---------- စီးဆင်းနှုန်းနှင့် ကိုက်ညီသင့်သည်။

(၉) အပူဖြင့်ဖြတ်ခြင်းသည် အရေးကြီးသော ----------- လုပ်ငန်းစဉ်များထဲမှ တစ်ခုဖြစ်သည်။

(၁၀) နိုက်ထရိုဂျင်ကို ပလာစမာဓာတ်ငွေ့အဖြစ်သာမက ---------------- ဓာတ်ငွေ့အဖြစ်လည်း အသုံးပြုနိုင်ပြီး ပိုမိုသန့်စင်သော ဖြတ်အနားစောင်းကို ရရှိစေနိုင်သည်။

**(ခ) အောက်ပါတို့ကို မှန်လျှင်(မှန်)၊ မှားလျှင်(မှား) ဟု ဖြေဆိုပါ။** (၁၀)မှတ်

(၁) Oxidizing Flame သည် သတ္တုအများစုအတွက် မသင့်တော်လည်း ကြေးညို (Brass) နှင့် ကြေးဝါ (Bronze) များတွင် အသုံးပြုရန်အတွက် သင့်လျော်သည်။

(၂) အက်ဆီတလင်း Cylinder တစ်လုံး၏ အတွင်းဖိအားမှာ အောက်ဆီဂျင်Cylinder ၏အတွင်းဖိအားထက် လွန်စွာ နိမ့်သည်။

(၃) ကြားနေမီးတောက်(Neutral Flame)ကြောင့် ပင်ရင်းသတ္တုတွင် ကာဗွန်ကြွင်းကျန်စေခြင်း (Carburizing) နှင့် ဓာတ်တိုးစေခြင်း (Oxidizing) မရှိပေ။

(၄) Upset Welding အတွက် အသုံးပြုသော စက်ကိရိယာများသည် Flash Welding နှင့် အလားသဏ္ဍာန်တူသည်။

(၅) Flash Butt Welding သည် သတ္တုချောင်းနှစ်ခုကို အရည်ပျော်နိုင်သောအခြေအနေသို့ ရောက်ရှိအောင် အပူပေးပြီး တွန်းတိုက်၍ ဖိအားပေးကာ တွဲဆက်စေသော ဂဟေဆက်နည်းဖြစ်သည်။

(၆) TIG Welding တွင် အကာအရံဓာတ်ငွေ့ (Shielding Gas) အဖြစ် ကာဗွန်ဒိုင်အောက်ဆိုက်ကို အဓိကထား အသုံးပြုသည်။

(၇) MIG ဂဟေဆက်ခြင်းသည် TIG ဂဟေဆက်ခြင်းနှင့် ဆင်တူသော်လည်း Consumable Electrode Wire ကိုအသုံးပြုသည်။

(၈) MIG ဂဟေဆက်ပြီးနောက် ဂဟေချေးများကို ခြစ်ထုတ်ရန် လိုအပ်သောကြောင့် သန့်ရှင်းရေးလုပ်ငန်း ပိုမိုလုပ်ဆောင်ရသည်။

(၉) Air Plasma Arc Cutting သည် လေကို အလုပ်လုပ်သည့်ဓာတ်ငွေ့အဖြစ် အသုံးပြုသော ပေါင်းစပ်နည်းလမ်းတစ်ခုဖြစ်သည်။

(၁၀) Plasma Cutter များသည် လျှပ်စစ်ဓာတ်အား အနည်းငယ်သာသုံးစွဲသောကြောင့် စွမ်းအင်ချွေတာနိုင်သည်။

**(ဂ) အောက်ပါတို့တွင် သင့်တော်သောအဖြေမှန်ကိုရွေးချယ်ပါ။** (၁၀)မှတ်

(၁) Cylinder မှထွက်လာသည့် ဓာတ်ငွေ့၏ဖိအားကို လျှော့ချပြီး ဂဟေဆက်နေစဉ် တစ်ချိန်လုံး တည်ငြိမ်သောနှုန်းတစ်ခုဖြင့် ဆက်တိုက်ပို့လွှတ်နိုင်ရန်အတွက် ----------- ကို အသုံးပြုရသည်။

(က) Pressure Regulator (ခ) Welding Blowpipe (ဂ) Hose

(၂) အက်ဆီတလင်းနှင့် အောက်ဆီဂျင်ကို ----------- အချိုးဖြင့် ရောစပ်လိုက်သောအခါ ကြားနေမီးတောက် (Neutral Flame) ကိုရသည်။

(က) ၁ : ၁.၁ (ခ) ၂ : ၁.၁ (ဂ) ၁ : ၂.၁

(၃) နော်ဇယ်ကိုအချိန်ကြာမြင့်စွာ အသုံးပြုနိုင်ရန်နှင့် စွမ်းဆောင်ရည်ကောင်းနေစေရန် တင်ရှိနေသော ကာဗွန်ဂျီးများကို ---------------- ဖြင့် ပုံမှန်သန့်ရှင်းရေး ပြုလုပ်ပေးသင့်သည်။

(က) Nozzle Cleaner (ခ) Igniter (ဂ) Welding Blowpipe

(၄) Spot Welding လုပ်ငန်းစဉ်တွင် အလုပ်ဝတ္ထုများကို ------------- နှစ်ခုကြားတွင်ဖိထားပြီး မြင့်မားသော လျှပ်စီးကြောင်းနှင့် နိမ့်သောဗို့အားကို ဖြတ်သန်းစေသည်။

(က) Copper Electrode (ခ) Roller Electrode (ဂ) Jaw

(၅) Seam Welding တွင် လည်ပတ်နိုင်သော -------------- များကို အသုံးပြု၍ ဖိအားနှင့် လျှပ်စီးကြောင်းကို သက်ရောက်စေပြီး သတ္တုများကို အရည်ပျော်စေကာ ဂဟေဆက်ပေးသည်။

(က) Roller Type Electrodes (ခ) Tongs (ဂ) Spindle

(၆) TIG Welding တွင် အသုံးပြုသော Electrode အမျိုးအစားမှာ --------------ဖြစ်သည်။

(က) ကြေးနီ Electrode (ခ) တန်စတင် Electrode (ဂ) ကာဗွန်သံမဏိ Electrode

(၇) TIG Welding တွင် အကာအရံဓာတ်ငွေ့အဖြစ် အသုံးမပြုသင့်သောဓာတ်ငွေ့မှာ---------ဖြစ်သည်။

(က) အာဂွန် (ခ) ဟီလီယမ် (ဂ) ကာဗွန်ဒိုင်အောက်ဆိုက်

(၈) MIG ဂဟေဆက်ရာတွင် Contact Tube ၏အဓိကလုပ်ဆောင်ချက်မှာ ------------------ဖြစ်သည်။

(က)အကာအရံဓာတ်ငွေ့ကိုထိန်းချုပ်ရန် (ခ)ဂဟေဝါယာကြိုးကိုလျှပ်စစ်ဓာတ်ပေးရန်

(ဂ) ဂဟေပျော်ရည်ကန်ကို အေးစေရန်

(၉) Oxy-acetylene Cutting တွင် အသုံးပြုသော ဓာတ်ငွေ့နှစ်မျိုးမှာ -------------- ဖြစ်သည်။

(က)အောက်ဆီဂျင်နှင့်နိုက်ထရိုဂျင် (ခ)အောက်ဆီဂျင်နှင့်အက်ဆီတလင်း (ဂ) ဟီလီယမ်နှင့်အာဂွန်

(၁၀) Plasma Cutting ၏ အားနည်းချက်တစ်ခုမှာ ------------------- ဖြစ်သည်။

(က)ဖြတ်တောက်မှုအရှိန်နှေးကွေးခြင်း (ခ)ပါးလွှာသောသတ္တုများကို မဖြတ်တောက်နိုင်ခြင်း

(ဂ) ကုန်ဆုံးလွယ်ပစ္စည်းများ (Consumables) လိုအပ်ခြင်းနှင့် စွမ်းအင်သုံးစွဲမှုများခြင်း

**အပိုင်း(၂) နှစ်သက်ရာမေးခွန်း(၆)ပုဒ်သာ ဖြေဆိုပါ။**

၁။ (က) Oxy–acetylene Gas Welding ဆိုသည်မှာအဘယ်နည်း။ (၅)မှတ်

(ခ) Oxy–acetylene Welding Equipment များမှ(၅)ခုကိုဖော်ပြပါ။ (၅)မှတ်

၂။ (က) Pressure Regulator ၏ အဓိကအစိတ်အပိုင်း(၄)ခုကိုဖော်ပြပါ။ (၄)မှတ်

(ခ) Oxy–acetylene Welding ၏ အားသာချက်နှင့် အားနည်းချက်(၃)ခုစီကိုရေးပါ။ (၆)မှတ်

၃။ (က) Resistance Welding အမျိုးအစား(၄)မျိုးကိုဖော်ပြပါ။ (၄)မှတ်

(ခ) Resistance Spot Welding ၏ အားသာချက်နှင့် အားနည်းချက်(၃)မျိုးစီကိုဖော်ပြပါ။ (၆)မှတ်

၄။ (က) TIG welding ဟူသည်အဘယ်နည်း။ (၅)မှတ်

(ခ) TIG ဂဟေဆော်ခြင်းအတွက် အသုံးပြုသော ပစ္စည်းကိရိယာ(၅)မျိုးကိုဖော်ပြပါ။ (၅)မှတ်

၅။ (က) MIG welding ၏ အခြေခံသဘောကိုရှင်းပြပါ။ (၄)မှတ်

(ခ) MIG welding ၏ အားသာချက်နှင့် အားနည်းချက်(၃)ခုစီရေးပါ။ (၆)မှတ်

၆။ (က) MIG welding အတွက် လိုအပ်သောပစ္စည်းကိရိယာ(၅)မျိုးကိုဖော်ပြပါ။ (၅)မှတ်

(ခ) Plasma cutting တွင် အသုံးပြုသော သတ္တုပစ္စည်း(၅) မျိုးကိုဖော်ပြပါ။ (၅)မှတ်

၇။ (က) Plasma cutting တွင် အသုံးပြုသော ဓာတ်ငွေ့(၄)မျိုးကို ဖော်ပြပါ။ (၄)မှတ်

(ခ) Plasma cutting တွင် သတိထားရမည့် ဘေးအန္တရာယ်များကို ဖော်ပြပါ။ (၆)မှတ်

*****************************************End of Question*****************************************

✤ သီပေါမြို့နယ်မှ

အသုံးပြုသည့် ပစ္စည်းကိရိယာများကို သိမ်းဆည်းရမိခဲ့ကြောင်းနှင့် ဇန်နဝါရီ ၁၀ ရက်နှင့် ၁၁ ရက်တွင် ဖော်ထုတ်သိမ်းဆည်းရမိခဲ့သည့် မူးယစ်ဆေးဝါးချက်လုပ်သည့်နေရာ သုံးခုသည် မူးယစ်ဆေးဝါးထုတ်လုပ်သည့် ပင်ရင်းနေရာများဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ သိမ်းဆည်းရမိမှုများနှင့်ဆက်စပ်၍ လုံခြုံရေးပူးပေါင်းအဖွဲ့များက လေကြောင်းကင်းထောက်ခြင်းနှင့် မြေပြင်သတင်းစုံစမ်းဖော်ထုတ်ခြင်းနှင့် နယ်မြေ ရှင်းလင်းခြင်းတို့ကို ဆက်လက်ဆောင်ရွက်ခဲ့ရာ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၅ ရက် မွန်းလွဲ ၂ နာရီခွဲခန့်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့၏ အနောက်မြောက်ဘက် ၃၄ ကီလိုမီတာခန့် အကွာ၊ နားလင်းကျေးရွာ၏ အရှေ့မြောက်ဘက် ၁၄ ကီလိုမီတာခန့် အကွာ ယခင်သိမ်းဆည်းရမိခဲ့သည့် မူးယစ်ဆေးဝါး အဓိကထုတ်လုပ်သည့်နေရာ၏မြောက်ဘက် ၂ ဒသမ ၅ ကီလိုမီတာခန့်အကွာ၌ မသင်္ကာဖွယ်ရာ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် အဆောက်အအုံများ တွေ့ရှိရ၍ သွားရောက်ရှင်းလင်းခဲ့ရာ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုရသည့် ဆက်စပ်ပစ္စည်းများဖြစ်သော အမျိုးအစားစိစစ်ဆဲ အက်စစ်များထည့်ထားသည့် ပုံးပြာအလုံး ၃၅၀၀ နှင့်သံပီပါ ၅၀၇ လုံး၊ ဂက်စ်အိုး ၂၄၃ လုံး၊ မီးစက်နှစ်လုံး၊ ဆေးပြားရိုက်စက်ကိုးလုံး၊ မသင်္ကာဖွယ်ရာ Happy Water ထုတ်လုပ်သည်ဟု ယူဆရသော စက်ရုံဂိုဒေါင် တစ်လုံး၊ ဆေးပြားအခြောက်ခံဗန်း ၅၀၊ လူနေတဲ ၁၂ လုံး၊ အက်စစ်ပုံးထားသည့် ဂိုဒေါင်ခုနစ်လုံး၊ ဖန်ပေါင်းချောင်များဖြင့် မူးယစ်ဆေးဝါးထုတ်လုပ်သည့် တဲတစ်လုံး၊ ပစ္စည်းထည့် ဂိုဒေါင်သုံးလုံး၊ မူးယစ်ဆေးဝါးထုတ်လုပ်သည့် ကုန်ကြမ်းများထားရှိသည့် ဂိုဒေါင်နှစ်လုံးနှင့် ရိက္ခာ ဂိုဒေါင်နှစ်လုံးတို့ကို ထပ်မံတွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းများကို ပညာရှင်များပါဝင်သောပူးပေါင်းအဖွဲ့ဖြင့် အသေးစိတ်ဆက်လက်စစ်ဆေး၍ သက်ဆိုင်ရာ ဌာနများသို့ လွှဲပြောင်းအပ်နှံခြင်း၊ စနစ်တကျမီးရှို့ဖောက်ခွဲဖျက်ဆီးခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါဒေသတစ်ဝိုက်အားလည်း မသင်္ကာဖွယ် မူးယစ်ဆေးဝါးချက်လုပ်သည့် နေရာများရှိနိုင်သေးသဖြင့် နယ်မြေဖော်ထုတ်ရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏ဂုဏ်သိက္ခာကို ထိခိုက်ကျဆင်းစေပြီး လူသားမျိုးနွယ်တစ်ခုလုံးကို လူညွန့်တုံးပျက်စီးစေသည့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ပြည်သူလူထုနှင့် ပူးပေါင်း၍ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည့်အပြင် ကုလသမဂ္ဂ အပါအဝင် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မဲခေါင်ဒေသတွင်းနိုင်ငံများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံတကာမူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် သတင်းများရရှိပါကလည်း တာဝန်ရှိသူများထံ အချိန်မီ သတင်းပေးပို့ကြရန်လိုအပ်ကြောင်းနှင့် ဖမ်းဆီးရမိမူးယစ်ဆေးဝါး ဖြစ်စဉ်များတွင် အဓိကပါဝင်ပတ်သက်လျက်ရှိသည့် မည်သည့်အဖွဲ့အစည်းကိုမဆို ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်





သီပေါမြို့နယ် နမ့်လန်ဒေသနှင့် မိုင်းရယ်မြို့အနီး ထပ်မံသိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါး ချက်လုပ်သည့်နေရာ၌ တွေ့ရှိရသော မူးယစ်ဆေးဝါးများ ချက်လုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းများကို တွေ့ရစဉ်။




သီပေါမြို့နယ် နမ့်လန်ဒေသနှင့် မိုင်းရယ်မြို့အနီး ထပ်မံသိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများ ချက်လုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းများကို တွေ့ရစဉ်။



သီပေါမြို့နယ် နမ့်လန်ဒေသနှင့် မိုင်းရယ်မြို့အနီး ထပ်မံသိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများ ချက်လုပ်ရာတွင် အသုံးပြုသည့် ပုံးပြာများကို တွေ့ရစဉ်။




သီပေါမြို့နယ် နမ့်လန်ဒေသနှင့် မိုင်းရယ်မြို့အနီး ထပ်မံသိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးချက်လုပ်သည့်နေရာတွင် တွေ့ရှိရသော စိစစ်ဆဲအထုပ်များနှင့် အနီရောင်အမှုန့်များကို တွေ့ရစဉ်။



မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ မြို့မစည်ပင်သာယာဈေးကြီးတွင် ဇန်နဝါရီ ၁၄ ရက်က ပြင်ဦးလွင်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြင်ဦးလွင်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့၏ ဦးဆောင်မှုဖြင့် စည်ပင်အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ ခရိုင်/မြို့နယ် မီးသတ်ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဈေးသူဈေးသားများက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်ခြင်းပြုလုပ်စဉ်။

ခရိုင် ( ပြန်/ဆက် )

## အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များအား စွမ်းရည်မြှင့်သင်တန်း ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၅**

အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC) အဖွဲ့ဝင်များ၏ စွမ်းရည်မြှင့်သင်တန်းကို ဇန်နဝါရီ ၁၄ရက်က ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ရွှေပြည်သာစက်မှု ဇုန်(၂+၃+၄) စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီရုံး ကနောင်ခန်းမ၌ ကျင်းပသည်။



ဦးစွာ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက အမှာစကားပြောကြားပြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးနိုင်က အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနမှ စည်းကြပ်သည့် ဥပဒေများနှင့် နည်းဥပဒေများနှင့် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်မမလေးက အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ စည်းကြပ်သည့် ဥပဒေများနှင့် နည်းဥပဒေများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ လူမှုဖူလုံရေးအဖွဲ့မှ ဦးစီးအရာရှိ ဦးခင်ဝင်းမောင်က လူမှုဖူလုံရေးဥပဒေပါ အာမခံစနစ်များ၊ ထည့်ဝင်ကြေး နှုန်းထားများ၊ ငွေကြေးအကျိုးခံစားခွင့်များကို ရှင်းလင်းခဲ့ပြီး အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဇင်ကေသွယ်က စည်းကြပ်သော ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး ဥပဒေ၊ နည်းဥပဒေများ၊ အငြင်းပွားမှု ဖြေရှင်းခြင်းနည်းလမ်းများကို သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ပြန်/ဆက်)**

## မကွေးမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**မကွေး ဇန်နဝါရီ ၁၅**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ပြည်ထောင်စုရန်ပုံငွေကျပ် သန်း ၃၀၀ အသုံးပြု၍ မြို့ရှောင်လမ်းမှ အလယ်ချောင်း-သဖန်းဆိပ်လမ်း ကွန်ကရစ်ရေကျော်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို မကွေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန တိုင်းဒေသကြီးညွှန်ကြားရေးမှူး(မြို့ပြ) ဦးဝင်းမိုးထိုက်၊ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးစိုးမင်းထွန်းတို့က ဇန်နဝါရီ ၁၄ ရက်က ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မကွေးခရိုင်လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် မြို့နယ်ဦးစီးအရာရှိ(မြို့ပြ)တို့က လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးညွှန်ကြားရေးမှူး(မြို့ပြ) ဦးဝင်းမိုးထိုက်က လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။

အဆိုပါရေကျော်ကို ၂၀၂၅ခုနှစ် နိုဝင်ဘာ ၉ရက်မှစတင်ဆောင်ရွက်ခဲ့ရာ ယခုအချိန်တွင် လုပ်ငန်း၏ ၉၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်) လျှောက်လွှာခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ် (မအူပင်)ရှိ စီမံခန့်ခွဲရေးဌာနများနှင့် သင်ကြားရေးဌာနများ၏ လစ်လပ်လျက်ရှိသော အငယ်တန်းစာရေးလစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)ရာထူး (၂၅)နေရာအတွက် သတ်မှတ်ပညာအရည်အချင်းနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ (သို့မဟုတ်) အခြေခံပညာအထက်တန်း/တက္ကသိုလ်ဝင်တန်းအောင်မြင်သူ ဖြစ်ရမည်။

(ဂ) လျှောက်ထားသူသည် (၃၁-၁-၂၀၂၆)ရက်တွင် အသက် (၃၀) နှစ်နှင့် နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် (၃၅) နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။

(ဃ) ကျန်းမာရေးကောင်းမွန်ပြီး အကျင့်စာရိတ္တကောင်းသူဖြစ်ရမည်။ ဒေသခံဦးစားပေးမည်။

(င) အစိုးရဌာနတစ်ခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း(Dismissal)၊ ရာထူးမှထုတ်ပယ်ခြင်း (Removal)၊ ရာထူးခန့်ထားခြင်း အမိန့်စာမှ ပယ်ဖျက်ခံရသူများ၊ နိုင်ငံတော်အပေါ် သစ္စာစောင့်သိရိုသေမှုမရှိသော နိုင်ငံ့ဝန်ထမ်း (Disloyalty Civil Servant-DCS) များ လျှောက်ထားခွင့်မရှိပါ။

၃။ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့်သာ လျှောက်ထားရမည်။ လျှောက်လွှာပုံစံကို စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်) Viber ဖုန်းနံပါတ် ၀၉-၄၃၁၇၀၆၄၉၊ ၀၉-၆၆၅၉၈၆၃၂၄ မှ ဆက်သွယ်ရယူနိုင်ပါသည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပါရှိရမည် -

(က) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ။

(ခ) ပြင်ပမှ လျှောက်ထားသူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ။

(ဂ) (၁)လအတွင်း ရိုက်ကူးထားသော နောက်ခံအပြာရောင် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ (နောက်ကျောတွင် အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ရေးသားဖော်ပြရန်)။

(ဃ) လျှောက်လွှာပိတ်ရက်တိုင်မီ (၁) လအတွင်း သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းမှ ထောက်ခံထားသည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ပြစ်မှု၊ မှုခင်းကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း။

(င) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင်/တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် မိတ္တူ (လူတွေ့စစ်ဆေးခြင်းဖြေဆိုသည့်အခါ အောင်လက်မှတ် မူရင်းတင်ပြရန်)။

(စ) အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ။

(ဆ) ဒေသန္တရကျန်းမာရေးအဖွဲ့၏ ကျန်းမာကြောင်း ထောက်ခံချက်မူရင်း။

(ဇ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်မူရင်းနှင့် ဌာနဆိုင်ရာပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း။

(ဈ) ဤတက္ကသိုလ်တွင် အနည်းဆုံး(၅)နှစ် အမှုထမ်းဆောင်နိုင်ကြောင်းနှင့် တစ်ဆက်တည်း တာဝန်ထမ်းဆောင်ရန် ပျက်ကွက်ပါက ဌာနမှသတ်မှတ်ထားသည့် လျော်ကြေးငွေကို တစ်လုံးတစ်ခဲတည်း ပေးလျော်မည်ဖြစ်ကြောင်း ကိုယ်တိုင်ရေးဝန်ခံကတိပြုလက်မှတ်ရေးထိုးရမည်။

၅။ လျှောက်လွှာများကို ကိုယ်ရေးမှတ်တမ်းအကျဉ်းနှင့်အတူ ပါမောက္ခချုပ်၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ်(မအူပင်)သို့ (၁၈-၂-၂၀၂၆) ရက်အရောက် နောက်ဆုံးထား၍ပေးပို့ရမည်။ သတ်မှတ်ရက်ထက်နောက်ကျပေးပို့လာသော လျှောက်လွှာများ၊ သတ်မှတ်ချက်နှင့်မကိုက်ညီသော အချက်အလက်ပြည့်စုံမှန်ကန်မှုမရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၆။ ရေးဖြေစာမေးပွဲ (မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတ)ကို (၂၁-၂-၂၀၂၆) ရက် (စနေနေ့) နံနက် ၀၉:၀၀ နာရီမှ ၁၁:၀၀ နာရီထိ စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ် (မအူပင်)တွင် ဖြေဆိုရမည်ဖြစ်ပြီး လူတွေ့စစ်ဆေးခြင်းကို (၂၂-၂-၂၀၂၆) ရက် (တနင်္ဂနွေနေ့) တွင် စစ်ဆေးမည်ဖြစ်ပါသည်။ ယင်းရာထူးအတွက် ရေးဖြေစာမေးပွဲဖြေဆိုခွင့်ကတ်ပြား ထုတ်ယူရမည့်နေ့ရက်နှင့် ဖြေဆိုမည့်နေရာအား ကြိုတင်အသိပေးအကြောင်းကြားမည်ဖြစ်ပါသည်။

၇။ အသေးစိတ် သိရှိစုံစမ်းလိုပါက စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ် (မအူပင်)၊ ရုံးဖုန်းနံပါတ်၊ ၀၄၅-၂၀၃၀၆၃၅၊ ဌာနခွဲမှူး(စီမံ)၊ ဖုန်းနံပါတ်၊ ၀၉-၄၃၁၇၀၆၄၉ နှင့် ရုံးအုပ်၊ ဖုန်းနံပါတ်၊ ၀၉-၆၆၅၉၈၆၃၂၄ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်)**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မှော်စက်ရပ်ကွက်၊ ဗိုလ်ဗထူးလမ်း၊ အမှတ်- ၁၀၄၊ အကျယ်အဝန်း (၄၀x၆၀)ပေရှိ ဦးကျော်ဝင်း [၁၂/ဒလန(နိုင်) ၀၀၅၀၈၃] အမည်ပေါက် ပါမစ်မြေအမျိုးအစား မြေနှင့်အိမ်၏ အကျိုးခံစားခွင့်အားလုံးကို တရားဝင်ပိုင်ဆိုင်လျက် ရောင်းချခွင့်ရှိသူ ဦးကျော်ဝင်း (ကွယ်လွန်)၏ဇနီး ဒေါ်ကုလားမစိန် (Q/RGN ၀၀၂၀၂၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေက (၁၇-၃-၂၀၂၀)ရက်စွဲပါ နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ်ကတိစာချုပ်ဖြင့် ရောင်းဖိုးငွေ အပြေအကျေ ပေးချေဝယ်ယူထားပြီးဖြစ်ပါသည်။ သို့ပါ၍ ယင်းမြေကွက်နှင့် မြေပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကျွန်ုပ်၏မိတ်ဆွေသာ တရားဝင်ပိုင်ဆိုင်လျက် လက်ရောက်ထားရှိပိုင်ဆိုင်သူဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမျိုးညွန့် [၁၂/ဒလန(နိုင်)၀၁၉၁၅၂]၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ဝါနွေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၃၆၈၂/၂၀၁၇)**
**အမှတ်-၁၁၁(ဒုထပ်)၊ နွယ်သာကီလမ်း၊ (၂၉)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ရန်ကုန်မြို့။ ၀၉-၄၂၁၇၁၇၂၆၀**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ လူနေရပ်ကွက် အမှတ်- စိုက်ပျိုးရေးနှင့် မွေးမြူရေးအမှတ် (၁)၊ လေးဒေါင့်ကန်၊ မြေတိုင်းရပ်ကွက် အမှတ်- ၁/၁၊ ဆေးရုံလမ်း၊ မြေကွက်အမှတ် (၂၅) ဟုခေါ်တွင်သော ဦးမောင်သန်း (HKA-၀၅၁၉၀၁) အမည်ပေါက်သည့် နှစ်(၆၀)မြေငှားဂရန်မြေအမျိုးအစား၊ မြေအကျယ် (၈၀x၁၂၀)ပေ၊ ဧရိယာ (၀.၂၂၀)ဧက၊ (၉၆၀၀)စတုရန်းပေရှိ** မြေကွက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်မိမိချစ်(H/RGN-၀၀၀၈၅၃) [၁၂/ရကန(နိုင်)၀၂၆၅၈၄]က ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း တာဝန်ယူရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးထန်ရှန်းဆုမ်း [၄/တတန(နိုင်)၀၄၆၂၁၀]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ဆက်သွယ်၍ ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၁၄)ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူများမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ပြီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ညွှန်ကြားသူ-**
**ဦးထန်ရှန်းဆုမ်း**

**ညွှန်ကြားချက်အရ -**
**ဒေါ်ခင်သူဇာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၆၄၆၀)**
**အမှတ် (၈၁၈)၊ အောင်သပြေလမ်း၊ (၁၉)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၂၅၆၃၂၂၀၉၁**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ လူနေရပ်ကွက် အမှတ်- စိုက်ပျိုးရေးနှင့် မွေးမြူရေးအမှတ် (၁)၊ လေးဒေါင့်ကန်၊ မြေတိုင်းရပ်ကွက် အမှတ်-၁/၁၊ ဆေးရုံလမ်း၊ မြေကွက်အမှတ် (၂၄) ဟုခေါ်တွင်သော ဒေါ်ခင်မြထွေး [၁၂/ဒဂတ(နိုင်) ၀၁၀၃၄၄]+၂ အမည်ပေါက်သည့် နှစ်(၆၀)မြေငှားဂရန် မြေအမျိုးအစား၊ မြေအကျယ် (၈၀x၁၂၀)ပေ၊ ဧရိယာ(၀.၂၂၀)ဧက၊ (၉၆၀၀)စတုရန်းပေရှိ** မြေကွက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်မိမိချစ်(H/RGN-၀၀၀၈၅၃) [၁၂/ရကန(နိုင်)၀၂၆၅၈၄]က အဆက်ဆက်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း တာဝန်ယူရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးထန်ရှန်းဆုမ်း [၄/တတန(နိုင်)၀၄၆၂၁၀]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ဆက်သွယ်၍ ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၁၄)ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူများမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ပြီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ညွှန်ကြားသူ-**
**ဦးထန်ရှန်းဆုမ်း**

**ညွှန်ကြားချက်အရ -**
**ဒေါ်ခင်သူဇာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၆၄၆၀)**
**အမှတ် (၈၁၈)၊ အောင်သပြေလမ်း၊ (၁၉)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၂၅၆၃၂၂၀၉၁**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၈၅၊ မြေကွက်အမှတ်- ၁၆၄၇ ဟုခေါ်တွင်သည့် အကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ ရန်ကုန်မြို့၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြ/မြေစီမံခန့်ခွဲမှုဌာန၏ မြေစာရင်းတွင် ဦးကျော်ဇံ (E/RGM- 003552) [၁၂/သကတ(နိုင်) ၀၉၁၅၂၆] အမည်ပေါက် မြေချပါမစ်မြေ အမျိုးအစားမြေကွက်အနက်မှ (မြေကွက်အမှတ်-၁၆၄၈ နှင့် ကပ်လျက်ဘက်ခြမ်း) (၂၀ပေx ၆၀ပေ)ရှိ မြေကွက်အလွတ်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချသူ ဦးနေလင်းသူ [၁၂/ဒဂတ(နိုင်) ၀၃၈၉၈၁]က အဆက်အစပ်စာချုပ်စာတမ်းများဖြင့် ဝယ်ယူလက်ရောက် ပိုင်ဆိုင်စီမံလျက်ရှိပြီး အမွေပိုင်ဆိုင်မှုမှအစ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းကြောင်းနှင့် ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချသည်ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေအဖြစ် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်ရန်အကြောင်းရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံလာ ရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝင်းဝင်းထက် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၂၇၆)**
**အမှတ်(၄၆)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၄၂၀၀၁၁၅၇၆၊ ၀၉-၉၇၆၇၅၆၀၆၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၆၆/အင်းဝအိမ်ရာ၊ မြေကွက်အမှတ် B-၈၀၊ မြေကွက်တည်နေရာ အမှတ်- B-၈၀၊ ရောဝတီ(၁)လမ်း၊ အင်းဝအိမ်ရာ၊ ၆၆ ရပ်ကွက်၊ ဒဂုံတောင် (ဒေါ်ငွေးငွေးညွန့်) [၁၂/တကန(နိုင်)၀၀၅၃၈၁] အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား ဂရန်အမည်ပေါက် ဒေါ်ငွေးငွေးညွန့်အား တရားပြိုင်ထားကာ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံးတော် တရားမကြီးမှုအမှတ်- ၄၆/၂၀၂၅ ခုနှစ်တွင် ဦးစိုးပိုင်မှ တရားလိုပြုလုပ်၍ "ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်စာချုပ် ချုပ်ပေးစေလိုမှု"ဖြင့် တရားစွဲဆိုခဲ့ရာ (၃-၉-၂၀၂၅)ရက်စွဲပါစီရင်ချက်အား အနိုင်ဒီကရီချမှတ်ခဲ့ပြီး တရားမဇာရီမှုအမှတ် ၄၁/၂၀၂၅ ၏ နေ့စဉ်မှတ်တမ်းနှင့် (၁၃-၁၁-၂၀၂၅) ရက်စွဲပါ ဘီလစ်ခန့်အပ်ရန်ချမှတ်သည့် ထုံးပုံကျအပြီးသတ်အမိန့်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် တရားရုံး၊ (၂၅-၁၁-၂၀၂၅)ရက်စွဲပါ စာအမှတ်- ၇၆၄/၅-၁/၂၀၂၅ ၏ ဘီလစ်ခန့်စာ၊ တရားရုံးကိုယ်စား ဘီလစ် ဒေါ်သန်းမြင့်ခိုင်(ခ)သန့်သန့်ခိုင် [၁၂/သဃက(နိုင်)၀၉၂၅၆၂]မှ နှစ်(၆၀)မြေငှားစာချုပ်မူရင်း၊ တရားရုံးအမိန့်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ အဆောက်အဦမရှိ အုတ်ခြံစည်းရိုးကာရံထားပြီး ကိုယ်တိုင်မနေ၊ ကွင်းဆင်းစဉ်သော့ဖွင့်ပြသ၍ တရားနိုင် ဦးစိုးပိုင်မှ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့် ဘီလစ် ဒေါ်သန်းမြင့်ခိုင်(ခ)သန့်သန့်ခိုင်၏ အရောင်းမြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ရွှေမိုးကောင်းကွန်ဒို မှ
အထူးပရိုမိုးရှင်း
(၂၅%) အထူးလျှော့ဈေးဖြင့် ရောင်းချပေးနေပါသည်။
Condo Facilities
(24 Hour) Lift/Electricity/Security & CCTV
Own Meter Sub Meter
Fiber Internet System
Swimming Pool & Gym
Play Ground & Garden
EV Car Station
Grond Floor Area, Shopping Mall
Sqft (1000) အထက်ကို ကားပါကင် (၁)စီးရာသက်ပန်အပိုင်ရရှိခွင့်
Sqft (1000) အောက်ကို ကားပါကင် (၁)စီး (၅)နှစ် Free ရပ်နားခွင့်
Water System, Overhead Tank & Underground Tank
ဆက်သွယ်ရန်ဖုန်း - ၀၉-၃၆၁၂၈၈၁၄၊ ၀၉-၂၅၄၀၃၄၈၇၁



Silver Star
ဒဂုံမြို့သစ် အရှေ့ပိုင်း၊
တောင်ပိုင်း၊ မြောက်ပိုင်း၊
ဒဂုံဆိပ်ကမ်း၊
ရွှေပေါက်ကံမြို့နယ်ရှိ
မြေကွက်များ ဝယ်ယူလိုပါသည်။
09-400888565

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ အကွက်အမှတ် (နန-၄)၊ ဦးပိုင်အမှတ် (၃၆)၊ ၆၆x၆၇ လမ်းကြား၊ ၁၃၂x၁၃၃ လမ်းကြားရှိ ဦးဘိုမြ အမည်ပေါက် တောဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ် (၂၃၅၀/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သည့် ဒေါ်ခင်မြနိုင် [၉/မနတ(နိုင်)၀၆၂၃၂၇] (၎င်း၏ SP ရရှိသူ ဦးနိုင်ဝင်း)က တောဂရန်မူရင်း၊ ငွေရပြေစာ၊ မြေချထားမိန့်မူရင်းများမှာ အထားအသိုမှားယွင်း၍ ပျောက်ဆုံးသွားကြောင်း ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ ဂရန်ပျောက်၊ အမည်ပြောင်းရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်၊ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန်နှင့် ပျောက်ဆုံးသွားသော ဦးဘိုမြ အမည်ပေါက်၊ ဂရန်အမှုတွဲနံပါတ် (၄၃၁၉/၉၀-၉၁)အား ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ပယ်ဖျက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်- ၆/မြို့မရပ်၊ ဇဝနဒီပရပ်ကွက်မှ မြေဧရိယာ (၀.၁၁၀)ဧကရှိ ဦးဂျိုးဇက် မှတ်ပုံတင်အမှတ် [၇/ပတန(နိုင်) ၀၀၂၀၆၃]၊ အဖအမည် ဦးဘွတ်ကလီးယား အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၂၀၇၅၃)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်- ၅၃၈/၂၀၂၀ (၁၈-၃-၂၀၂၀)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်နေထက်ထွန်း မှတ်ပုံတင်အမှတ် [၅/ကလတ (နိုင်) ၀၀၁၃၀၀၇]၊ အဖအမည် ဦးစံလှမှ ဒေါ်သိန်းသိန်းထိုက် မှတ်ပုံတင်အမှတ် [၅/ကလတ(နိုင်) ၀၆၃၀၃၉]နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့၊ မြို့မတောင်ရပ်ကွက်၊ သဇင်လမ်း၊ အမှတ်(၉)ဟုခေါ်တွင်သော အကွက်အမှတ်-၁၃၊ မြူနီစီပါယ်ဈေးကွက်၊ ဦးပိုင်အမှတ်- ၈၄/က၊ ဧရိယာ (၀.၀၅၅)ဧက၊ ဦးကိုကိုကြီး ပါ-၅ဦး အမည်ဖြင့် ၃(ခ)လက်မှတ်ရရှိထားသော မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ဝယ်ထားရှိပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ကတိပြုသူများဖြစ်ကြသော ၁။ ဦးဆန်းညွန့်အေး [၁၂/သလန(နိုင်)၀၀၄၇၂၈]၊ ၂။ ဒေါ်ဆွေဆွေမြင့် [၁၂/သလန(နိုင်) ၀၀၄၄၂၉]၊ ၃။ ဦးမင်းနိုင် [၁၂/သလန(နိုင်) ၀၀၄၄၉၅] ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဌေးဌေးစံ [၁၂/သလန(နိုင်)၀၇၀၅၇၄] ကိုင်ဆောင်သူက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများ ယူဆောင်ပြီး ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းမင်းသန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၀၆၉၁)**
**အမှတ်(၁၂)၊ ပြည်တော်သာလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း- ၀၉-၇၆၅၀၉၂၁၀၆**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၅)၊ ပိတောက်(၂)လမ်း၊မြေကွက်အမှတ်(၄၆၆)၊ ဦးဝင်းရွှေ(CA-002383) စာအမှတ်(816) ပါမစ်မူရင်းအမည်ပေါက် (၄၀x၆၀)ပေ မြေကွက်၏ တရားဝင်မခွဲစိတ်ရသေးသော(၁၀x၆၀)ပေ မြေကွက်မှ မြေပေါ်မြေအောက် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ၎င်းသာလျှင်လက်ဝယ် လက်ရှိပိုင်ဆိုင်အကျိုးခံစားလျက်ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းကြောင်း ဝန်ခံကတိပြု၍ အရောင်းအဝယ်အဆက်စပ်စာချုပ် မူရင်းများနှင့် အပြီးအပိုင်ရောင်းချသူ ဒေါ်မာမာအောင်[၁၂/သဃက(နိုင်)၁၇၂၁၈၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးမျိုးသန့်[၁၂/ဥကတ(နိုင်) ၁၃၇၅၀၇]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအားပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါကခိုင် လုံသောစာရွက်၊ စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်ထံသို့(၁၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမျိုးသန့်၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇာခြည်သက်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၈၁၇၈)**
**၀၉-၄၄၀၉၈၆၁၄၆**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၃၇)၊ လမ်းအမည်မရှိသေး၊ မြေကွက်အမှတ်(၇၄၆)၊ ဒေါ်အေးမြိုင် (SW-001248)၊ စာအမှတ်(၁၉၁)၊ ပါမစ်မူရင်းအမည်ပေါက်၊(၄၀x၆၀)ပေ မြေကွက်မှ တရားဝင်မခွဲစိတ်ရသေးသော(၂၀x၆၀)ပေ၊ မြေကွက်မှ နေအိမ်အပါအဝင် ယင်းနေအိမ်၌ တွယ်ကပ် တပ်ဆင်ထားသော ပစ္စည်းများနှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ၎င်းသာလျှင်လက်ရှိ လက်ဝယ်ပိုင်ဆိုင် အကျိုးခံစားလျက်ရှိကြောင်းနှင့် အပြီးအပိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အရောင်းအဝယ်အဆက်စပ်စာချုပ် မူရင်းများနှင့် အပြီးအပိုင်ရောင်းချသူ ဦးသန်းအောင် [၁၂/မဂဒ(နိုင်)၀၉၆၁၁၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေဒေါ်နွယ်နီထွန်း[၁၂/ မဂတ(နိုင်) ၀၉၁၅၉၉]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအားပေးချေထားပြီးဖြစ်ပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင်ကျွန်ုပ်ထံသို့(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နွယ်နီထွန်း၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇာခြည်သက်(LL.B) အထက်တန်းရှေ့နေ(စဉ် ၄၈၁၇၈)**
**၀၉-၄၄၀၉၈၆၁၄၆**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ ရာဇဓိရာဇ်လမ်း၊ မြေကွက်အမှတ်(ထ/၁၉၈)၊ အကျယ်အဝန်း(အလျား ၁၀၀ပေ x အနံ၄၀ပေ) မြေဧရိယာ (၀.၀၉၂)ဧကရှိ ဒေါ်ဇင်ဇင်ဌေးစိန် [၁၂/စခန(နိုင်)၀၆၁၉၀၀] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသော ဒေါ်နှင်းနွယ်စိုး [၁၂/ဗတထ(နိုင်)၀၃၅၄၁၁]၊ ဒေါ်ဖြိုးစန္ဒာမြင့် [၁၂/မဂဒ(နိုင်)၁၁၄၁၃၆] တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ်တန်ဖိုးငွေများအနက်မှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများသည် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထား စာရွက်စာတမ်း မူရင်းများနှင့်တကွ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်သက်သက်လှိုင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၆၀၆)**
**အမှတ်-(၂၈၂)၊ မင်းခေါင်-၁လမ်း၊ (၆)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၄၂၁၁၃၁၉၀၂**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ ၂၀)**

**မင်္ဂလာဒုံမြို့နယ်တရားရုံးတော်**

**၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၀၀**

| | | |
|---|---|---|
| ဒေါ်ပပထွန်း | နှင့် | ၁။ဗိုလ်ကြီးခင်မောင်အေး<br>၂။ဒေါ်ဝါဝါကျော်<br>၃။ဒေါ်မေစီချို<br>၄။ဒေါ်ခင်မာမြင့် |
| **တရားလို** | | **တရားပြိုင်များ** |

**ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (ဈ)ရပ်ကွက်၊ ဗေဒါလမ်း၊ အမှတ်(၉၆၀)ရပ်နေ ဗိုလ်ကြီးခင်မောင်အေး (ယခုနေရပ်လိပ်စာမသိသူ)** သိစေရမည်။

သင့်အပေါ်၌ တရားလိုက **"ပဋိညာဉ်စာချုပ်ပါအတိုင်း မြေကွက်နှင့်နေအိမ်အား တရားဝင် အရောင်းအဝယ် စာချုပ်ချုပ်ဆို၍ မှတ်ပုံတင်ပေးစေလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ သင့်ကိုယ်စား ရုံးတော်အခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်ဖြစ်စေ၊ ၎င်းရှေ့နေနှင့်ဖြစ်စေ၊ **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၂၇) ရက်၊ ၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်၊ မွန်းမတည့်မီ (၁၀:၀၀) နာရီ** အချိန်တွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ပါနေ့တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေတင်သွင်းလိုလျှင် **အမှုမဆိုင်မီ (၄) ရက်**က တင်သွင်းရမည်။

**၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၁၃) ရက်နေ့** ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သက်ပိုင်မှူး)**
**တွဲဖက်မြို့နယ်တရားသူကြီး( ၁ )**
**မင်္ဂလာဒုံမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ပုသိမ်/ငွေဆောင်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ကွင်း/အကွက် အမှတ်နှင့်အမည်-၁၉၈၆/ငထော်ကွင်း၊ ဦးပိုင်အမှတ်-၁၇/၁၊ အခွန်စည်းကြပ်ခံရသူ ဦးကျော်လွင်ဦး၊ NRUF ပိုင်ဆိုင်ခွင့်၊ "G" အမျိုးအစား (ဥယျာဉ်ခြံမြေ)၊ ဧရိယာ (၀.၈၁) ဧကရှိ [ဟိုတယ်မြေအဖြစ် လယ(၃၀-ခ) လျှောက်ထားရန်] အဆင့်အတန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်တည်ရှိသော "EFR" ဟိုတယ်အဆောက်အဦများဟုခေါ်တွင်သော အဆောက်အအုံများ အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက် စီမံခန့်ခွဲပိုင်ခွင့်ရှိသူ ဦးကျော်လွင်ဦး [၁၂/ကမရ(နိုင်)၀၀၉၂၂၂]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေများအနက်မှ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေ၊ အဆောက်အအုံအရပ်ရပ် အကျိုးခံစားခွင့်များနှင့် စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ယနေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်း စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးကျော်ငြိမ်း (ဖောင်တော်သီ) (စဉ်-၂၃၀၂)** | **ဒေါ်ခင်မေသန်း (စဉ်-၃၂၂၈)** |
| **B.A(Law), LL.B, D.B.L, D.M.L** | **LL.B, D.B.L,D.M.L, D.I.L** |
| **09-5108521** | **09-5015316** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်-၁၆၂ (ပထပ်)၊ ၃၅-လမ်း (အလယ်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅၊ မြေကွက်အမှတ်-၂၆၁၊ မြေကွက်တည်နေရာအမှတ်-၂၆၁၊ ဦးဘချိုလမ်း၊ ၃၅ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (ဦးစိုးသိန်းစီအီး-၀၆၉၂၁၄) အမည်ပေါက် ပါမစ်မြေအား (၂၇-၂-၁၉၉၀)ရက်စွဲပါ မြို့ပြ/အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာန မှထုတ်ပေးသောမြေချပါမစ် အမည်ပေါက် ဦးစိုးသိန်း(ဖခင်) နှင့် ဒေါ်လှလှဝင်း(မိခင်) တို့အသီးသီးကွယ်လွန်ခဲ့ကြောင်း၊ သားသမီးများအဖြစ် ဒေါ်စိုးစန္ဒာဝင်း၊ ဦးဇော်လွင်သိန်း၊ ဦးမျိုးတင့်ကျော်၊ ဒေါ်ဝင်းပပစိုး၊ ဦးကျော်စိုးလင်းတို့ (၅)ဦးအား မွေးဖွားခဲ့ပြီး သားသမီး (၅)ဦးအနက် သားတစ်ဦးဖြစ်သူ ဦးကျော်စိုးလင်းသည် (၁-၁၁-၂၀၀၆) ရက်နေ့တွင်လူပျိုကြီးဘဝဖြင့် အမွေစားအမွေခံ ကိတ္တိမ သားသမီးများလည်းမွေးစားထားခဲ့ခြင်းလုံးဝမရှိဘဲ ကွယ်လွန်ခဲ့သဖြင့် ကျန်သားသမီးများဖြစ်သော ဒေါ်စိုးစန္ဒာဝင်း [၁၂/ဗဟန(နိုင်)၀၂၄၀၆၃]၊ ဦးဇော်လွင်သိန်း[၁၂/ဗဟန(နိုင်)၀၈၈၈၃၅]၊ ဦးမျိုးတင့်ကျော် [၁၂/ဒဂမ(နိုင်)၀၁၃၉၀၁]၊ ဒေါ်ဝင်းပပစိုး[၁၂/ဒဂမ(နိုင်) ၀၁၂၆၆၅]တို့မှ ၎င်းတို့မောင်နှမ (၄)ဦးသာလျှင် တရားဝင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့် ၎င်းတို့မှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူ ဦးရေစာရင်း၊ မြေချပါမစ်၊ (၂၇-၄-၂၀၂၃)ရက်စွဲပါ မြန်မာ့စီးပွားရေးဘဏ်ငွေသွင်းချလန်နှင့် (၂၉-၈-၂၀၂၃) ရက်စွဲပါ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ (၁)၏ငွေကျေကြောင်း ထောက်ခံစာတို့ တင်ပြ၍ မြေချပါမစ်မူရင်းနှင့် နှစ် (၆၀) မြေငှားစာချုပ်(ဂရန်)တို့အား လဲလှယ်ခွင့်ပြုရန် လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ ၂၀)**

**မင်္ဂလာဒုံမြို့နယ်တရားရုံးတော်**

**၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၀၀**

| | | |
|---|---|---|
| ဒေါ်ပပထွန်း | နှင့် | ၁။ဗိုလ်ကြီးခင်မောင်အေး<br>၂။ဒေါ်ဝါဝါကျော်<br>၃။ဒေါ်မေစီချို<br>၄။ဒေါ်ခင်မာမြင့် |
| **တရားလို** | | **တရားပြိုင်များ** |

**ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြို့သစ်(ဂ)ရပ်ကွက်၊ ရာကျော်(၁)လမ်း၊ အမှတ် (၁၅/က) ရပ်နေ ဒေါ်ဝါဝါကျော်(ယခုနေရပ်လိပ်စာမသိသူ)** သိစေရမည်။

သင့်အပေါ်၌တရားလိုက **"ပဋိညာဉ်စာချုပ်ပါအတိုင်း မြေကွက်နှင့်နေအိမ်အား တရားဝင် အရောင်းအဝယ် စာချုပ်ချုပ်ဆို၍ မှတ်ပုံတင်ပေးစေလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ သင့်ကိုယ်စား ရုံးတော်အခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်ဖြစ်စေ၊ ၎င်းရှေ့နေနှင့်ဖြစ်စေ၊ **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၂၇) ရက်၊ ၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက် ၊ မွန်းမတည့်မီ (၁၀:၀၀) နာရီ**အချိန်တွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ပါနေ့တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေတင်သွင်းလိုလျှင် **အမှုမဆိုင်မီ (၄) ရက်** က တင်သွင်းရမည်။

**၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၁၃) ရက်နေ့** ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သက်ပိုင်မှူး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**မင်္ဂလာဒုံမြို့နယ်တရားရုံး**

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**မြန်မာ့မီးရထား**

## အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမျိုးအမည် |
|---|---|---|
| ၁ | ၃၃၇/မမ/CE | မြစ်ငယ်ကွန်ကရစ် ဇလီဖားစက်ရုံတွင် ကွန်ကရစ်ဇလီဖား(၉၅၀၀)တုံး ထုတ်လုပ်ခြင်းလုပ်ငန်း |

တင်ဒါပိတ်မည့်နေ့/အချိန် (၃၀ . ၁ . ၂၀၂၆ ) နေ့လည် ( ၂:၃၀ )နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါ ဌာနတွင် ( ၁၆.၁.၂၀၂၆) ရက်နေ့မှ စတင်၍ ရုံးချိန် အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်-

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း 294352, 291994

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၈၆)၊ မြေကွက်အမှတ်- (၁၉)၊ ဂရုဏာလမ်း၊ ဧရိယာ(၄၀'x ၆၀')အကျယ်ရှိမြေကွက်နှင့် ထိုမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ **ဒေါ်သန်းသန်းဌေး [၁၂/လမတ(နိုင်)၀၁၆၆၇၈]**ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဦးရန်နောင်မိုး [၉/လဝန (နိုင်)၀၃၀၁၇၁]**က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ အရောင်းအဝယ် ပြုလုပ်သည့် မြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်၊ ရပိုင်ခွင့်ရှိသူများအပြင် အခြားမည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသည့် မူရင်းစာရွက်စာတမ်း အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါရောင်းဝယ်မှုကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီဂီအောင် LL.B, Dip in Business Law**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၄၀၄)**
**အမှတ်(၁၉၉)၊ ဗိုလ်နက်ကျော်လမ်း၊ (၄၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၄၃၀၆၆၄၁၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၉၁၊ မြေကွက်အမှတ်-၁၈၄၊ အကျယ်အဝန်း (၄၀'x၆၀')ရှိ ပါမစ်မြေဟုခေါ်တွင်ပြီး ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊ (၉၁) ရပ်ကွက်၊ တံတားမြစ်လမ်း၊ အမှတ်(၁၈၄)ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆက်အစပ် အရောင်းအဝယ်ကတိစာချုပ်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဟုန်ကွယ်ချင် [၁၃/လရန (နိုင်) ၁၁၈၇၂၅]ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်အရောင်းအဝယ်ကိစ္စကို မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက် အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသက်နိုင်ဦး [ LL.B, LL.M, MRes(Law), D.B.L]**
**အထက်တန်းရှေ့နေ (စဉ်-၃၆၉၃၃)**
**အမှတ် (၁၅)၊ မြေညီ၊ အထက်မန္တလေးလမ်းသွယ် (၃)၊ ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၉၇၅၀၂၁၈၄၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၁/အနော်မာ၊ မြေကွက်အမှတ်-၁၆၂၆/ခ၊ အကျယ်အဝန်း ( ၂၀' x ၆၀' )၊ (၁၂၀၀) စတုရန်းပေ၊ ဧရိယာ (၀.၀၂၇၅) ဧကရှိ နှစ် (၆၀) မြေငှားဂရန်ဟုခေါ်တွင်ပြီး ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁/အနော်မာ) ရပ်ကွက်၊ လမ်းသစ် (၂) လမ်း၊ အမှတ် (၁၆၂၆/ခ) ဟုခေါ်တွင်သော မြေကွက်ကြီးအနက်မှ တရားဝင်မခွဲ မစိတ်ရသေးသော မြေကွက်ကို မျက်နှာမူလျှင် (ညာဘက်ခြမ်း)၊ အကျယ်အဝန်း ( ၁၀'x၆၀' )ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုး ခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆက်အစပ် အရောင်းအဝယ်ကတိစာချုပ်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်မာသီ[၈/ပဖန (နိုင်) ၁၀၁၁၇၃] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေနှင့် အိမ်အရောင်းအဝယ်ကိစ္စကို မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက မြေနှင့်အိမ်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသက်နိုင်ဦး [ LL.B, LL.M, MRes(Law), D.B.L]**
**အထက်တန်းရှေ့နေ (စဉ်-၃၆၉၃၃)**
**အမှတ် (၁၅)၊ မြေညီ၊ အထက်မန္တလေးလမ်းသွယ် (၃)၊ ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၉၇၅၀၂၁၈၄၁**

## တစ်ဦးတည်းဖြစ်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ် န်းကျွန်းမြို့နယ်၊ အမှတ်(၂၅)၊ အခြေခံပညာမူလတန်းကျောင်းမှ မူလတန်းပြဆရာမ ဒေါ်လှတိုး[၁၂/သဃက(နိုင်)၀၅၅၁၅၈]၏ ဖခင် ဦးမြ[PRE-၁၄၂၅၆၆]နှင့် ဦးမောင်မြသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်လှတိုး**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၁ရပ်ကွက်၊ အကွက်အမှတ်-အပိုင်း-၉၊ ဦးပိုင်အမှတ်- ၆၊ လမ်း၄၀၊ ၆၈x၆၉လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်တင်တင်နွယ် [၉/မရတ(နိုင်) ၀၇၉၇၁၃]၊ ဒေါ်မြင့်မြင့်သွယ်[၉/မရတ(နိုင်)၀၇၉၇၁၄]၊ ဒေါ်ကြေးမုံညွန့် [၉/မရတ(နိုင်)၀၇၉၇၁၆] တို့က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ ကျောက်တန်းမြို့၊ အရှေ့ပိုင်းရပ်ကွက်၊ လမ်းမတော်လမ်း၊ အမှတ်-၃၇နေ ဦးကျင်ငြိမ်း [၁၂/ကတန (နိုင်) ၀၄၁၈၁၀]နှင့်(ဒေါ်ခင်လှ)တို့၏သား မောင်ရဲရင့်အောင်[၁၂/ကတန(နိုင်) ၀၈၃၀၂၅]သည် ဖခင်ဦးကျင်ငြိမ်းကို စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်စေရန်နှင့်ဆိုဆုံးမ၍ မရအောင်အမြဲတစေပြုမူပြောဆိုလုပ်ဆောင်နေသည့်အပြင် မိဘဂုဏ်သိက္ခာကျဆင်းစေသောကိစ္စရပ်များအား အကြိမ်ကြိမ်ပြုမူဆောင်ရွက်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် နောက်နောင် မောင်ရဲရင့်အောင်နှင့် ပတ်သက်သည့် မည်သည့်ကိစ္စအဝဝကိုမျှ တာဝန်ယူဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သော်သော်မင်းလွင်**
**LL.B.,D.B.L.,W.I.P.O(Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၆၀၃/၂၀၁၅ )**
**အမှတ်-၃၃၁(ခ)၊ အောင်မင်္ဂလာ (၂ )လမ်း၊ ရွှေကုန်းရပ်ကွက်၊**
**ကျောက်တန်းမြို့။ ၀၉-၅၀၉၇၀၈၄၊ ၀၉-၇၉၉၄၄၈၂၁၄**

## ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၉၊ လူနေရပ်ကွက်အမှတ်-၂၊ မြို့ပတ်လမ်းနှင့်မင်းလမ်းထောင့်၊ မြေကွက်အမှတ်-၅၁၇၊ အကျယ်ပေ(၆၀x၆၀)ရှိ ဦးနေလင်းအောင်အမည်ပေါက် နှစ်(၆၀)ဂရန်ထွက်ရှိထားသော မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်အား ဂရန်အမည်ပေါက်ပိုင်ရှင် ဦးနေလင်းအောင်[၁၄/ဇလန(နိုင်)၁၀၁၄၇၈] ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူမှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါ မြေကွက်၏ ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူမည်သူမဆို ယနေ့မှစ၍ (၁၄)ရက်အတွင်း မြေကွက်ပိုင်ဆိုင်မှု အထောက်အထား မူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလွင်(LL.B.,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)**
**အမှတ်-၁၉၂၊ ဗိုလ်ချုပ်လမ်း၊ (၂)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။**
**ဖုန်း-၀၉-၅၁၈၉၆၈၉**

# ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

( ခ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

( ဂ ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(ဃ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ မည်သည့်ဘွဲ့မဆို လျှောက်ထားနိုင်သည်။

( င ) မဟာဘွဲ့တက်ရောက်ရန် အဆင့်မီသူ ဦးစားပေးမည်။ မဟာဘွဲ့ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများလည်း လျှောက်ထားနိုင်သည်။

( စ ) ဘွဲ့လက်မှတ်(မူရင်း)နှင့် ဘွဲ့ရအမှတ်စာရင်း တင်ပြနိုင်ရမည်။

(ဆ) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက် ၂၅ နှစ်ထက် မကျော်လွန်စေရ။ မဟာဘွဲ့ရရှိပြီး သူများအနေဖြင့် ၂၇ နှစ် အထိလည်းကောင်း၊ ပါရဂူဘွဲ့ရရှိပြီးသူများအနေဖြင့် ၃၀ နှစ် အထိလည်းကောင်း လျှောက်ထားနိုင်သည်။

( ဇ ) ဗိုလ်လောင်းသင်တန်း တက်ရောက်အောင်မြင်ပါက ဒုတိယဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။ မဟာဘွဲ့ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများသည် ဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။

( ဈ ) တပ်မတော်မှ လေ့ကျင့်သင်ကြားမှု စနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံ တို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက် ပူးတွဲတင်ပြရမည်။

၄။ အစိုးရဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ပါရှိရမည်။

၅။ လျှောက်လွှာများကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် စတင်ထုတ်ပေးမည်ဖြစ်ပြီး ဖေဖော်ဝါရီလ ၁၈ ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် အချိန်မီပေးပို့ကြရမည်။

၆။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တစ်ဆင့် အချိန်မီပေးပို့သွားမည်။

၇။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်တွင် ရွေးချယ်ခြင်း ခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

❖ **သစ်ပင်စိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများကို လက်ငင်းခံစား၍ မရနိုင်သော်လည်း နောင် ၇ နှစ်၊ ၈ နှစ်ခန့်တွင် ခံစားရမည်ဖြစ်...**

❖ **မိမိတို့အနေဖြင့်လည်း ယခင်က စိုက်ပျိုးထိန်းသိမ်းခဲ့မှုများကြောင့် သစ်ကြီး ဝါးကြီးများ၏ အရိပ်အာဝါသကို ခံစားရခြင်းဖြစ်...**

❖ **မိမိတို့၏ လာမည့်သားစဉ်မြေးဆက်ကိုလည်း ထိုသို့ခံစားရစေလိုသည့်စိတ်ဖြင့် ဆောင်ရွက်သွားကြရန်လို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၁၁ ရက်နေ့တွင် အပူပိုင်းဒေသ(၁၃)ခရိုင်အတွင်း ၂၀၂၅ ခုနှစ်၊ မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် မိတ္ထီလာခရိုင် လိန်တောကြိုးပြင် ကာကွယ်တောနေရာ၌ ပြုလုပ်သော သစ်ပင်စိုက်ပျိုးပွဲတော်တွင် ပြောကြားသော အမှာစကားမှကောက်နုတ်ချက်)

❖ **နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။**

❖ **နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။**

# တပ်မတော်စစ်ကြောင်းများက မိုးကုတ် - သပိတ်ကျင်းလမ်းကြောင်းပေါ်ရှိ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် အုန်ဒန်ကျေးရွာ၊ ကင်းကျေးရွာနှင့် ရန်သူ့စခန်းတစ်ခုတို့အား ဆက်လက်သိမ်းပိုက်ရရှိ

နေပြည်တော် ဇန်နဝါရီ ၁၅


တပ်မတော်စစ်ကြောင်းများအနေဖြင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသည့် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်၊ စဉ့်ကူးမြို့နယ်၊ သပိတ်ကျင်းမြို့နယ်တို့အား တစ်ခုပြီးတစ်ခု ပြန်လည်သိမ်းပိုက် ထိန်းချုပ်ခဲ့ပြီး မန္တလေး-မတ္တရာ-စဉ့်ကူး-သပိတ်ကျင်း ဆက်သွယ်ရေးလမ်းကြောင်းအား အပြည့်အဝ ပြန်လည်ထိန်းချုပ်ဖွင့်လှစ်ပေးခဲ့သည့် သတင်းအား ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်နေ့တွင်လည်းကောင်း၊ သပိတ်ကျင်း-မိုးကုတ်ဆက်သွယ်ရေးလမ်းကြောင်းတစ်လျှောက်ရှိ ညောင်ပင်သာကျေးရွာ၊ ပိုးဇာနွယ်ကျေးရွာ၊ ကျောက်လှည်းဘီးကျေးရွာ၊ နယ်မြေခံတပ်ရင်း၌ာနချုပ်နှင့် စိန်ကုန်းကျေးရွာတစ်ဝိုက်တို့အား ပြန်လည်သိမ်းပိုက်ရရှိခဲ့သည့် သတင်းအား ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၄ ရက်နေ့တွင်လည်းကောင်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများအနေဖြင့် အဆိုပါ သပိတ်ကျင်း-မိုးကုတ် လမ်းကြောင်းပေါ်ရှိ စိန်ကုန်းကျေးရွာနှင့် မိုးကုတ်မြို့အကြား လမ်းပိုင်းတွင် ခိုအောင်းနေသည့် အကြမ်းဖက်သောင်းကျန်းသူများအား တိုက်ခိုက်ချေမှုန်းပြီး မိုးကုတ်-သပိတ်ကျင်း-မန္တလေးမြို့တို့သို့ဆက်သွယ်ထားသည့် လမ်းကြောင်းများအား အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် စစ်ကြောင်းများခွဲ၍ နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဟန်ချက်ညီဆောင်ရွက်ခဲ့ရာ ယနေ့တွင် စိန်ကုန်းကျေးရွာဘက်မှ နယ်မြေရှင်းလင်းရေးလုပ်ငန်းများ **စာမျက်နှာ ၁၅ ကော်လံ ၁ သို့** ❂



တပ်မတော်စစ်ကြောင်းများက မိုးကုတ်မြို့နယ် ကင်းကျေးရွာရှိ ကင်းတောရကျောင်းအား ပြန်လည်ထိန်းချုပ်နိုင်မှုကို တွေ့ရစဉ်။

# သီပေါမြို့နယ် နမ့်လန်ဒေသနှင့် မိုင်းရယ်မြို့အနီး မူးယစ်ဆေးဝါးချက်လုပ်ရာတွင်အသုံးပြုသည့်ပစ္စည်းများ ထပ်မံသိမ်းဆည်းရမိ



သီပေါမြို့နယ် နမ့်လန်ဒေသနှင့် မိုင်းရယ်မြို့အနီး မူးယစ်ဆေးဝါးချက်လုပ်သည့်နေရာအား လုပ်ငန်းသုံးပစ္စည်းများနှင့် ထပ်မံသိမ်းဆည်းရမိမှု ဖြစ်စဉ်ပြမြေပုံ။

နေပြည်တော် ဇန်နဝါရီ ၁၅

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူ၍ နိုင်ငံတစ်ဝန်း မူးယစ်ဆေးဝါး ထုတ်လုပ်မှုနှင့် တရားမဝင် ရောင်းဝယ်မှုတားဆီးကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အင်တိုက်အားတိုက် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၉ ရက်၊ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်နှင့် မိုင်းရယ်မြို့နယ်တို့အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ပြုလုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် **စာမျက်နှာ ၁၈ ကော်လံ ၁ သို့** ✤

## စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲအတွက် နမူနာမေးခွန်းပုံစံများ ဖော်ပြပါရှိ

၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် အထောက်အကူပြုစေရန် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲအတွက် **စက်မှုပုံဆွဲနည်းပညာ၊ စက်ပစ္စည်းခုတ်စားမှုနည်းပညာ(၂) နှင့် ဂဟေဆက်နည်းပညာ(၂)**ဘာသာရပ်များ၏ နမူနာမေးခွန်းပုံစံများကို ယနေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၆ နှင့် ၁၇ တို့တွင် ဖော်ပြထားပါသည်။

ယနေ့ ဖတ်စရာ

## ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး လုပ်ငန်းအဖွဲ့ စည်းဝေး

စာမျက်နှာ » ၉